# ကြေးမုံ The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်၊ စနေနေ့၊ (27-9-2014) (၇၉၇၆)


**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန် ဟူ၍ မရှိနိုင်။ (အင်္ဂုတ္တိုရ်ပါဠိတော်၊ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံသမိုင်းတွင် မပြဋ္ဌာန်းဖူးသည့် မသင်မနေရမူလတန်းပညာရေးကို အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ရန် ပြဋ္ဌာန်းဖော်ပြထား

နေပြည်တော် စက်တင်ဘာ ၂၆

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အမျိုးသားပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးကြသည်။**

မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက ဥပဒေကြမ်း၏ ပုဒ်မ(၄)(ည)နှင့်ပတ်သက်၍ မိမိတို့နိုင်ငံသမိုင်းတွင် တစ်ကြိမ်တစ်ခါမှ မပြဋ္ဌာန်းခဲ့ဖူးသည့် ဥပဒေပုဒ်မ တစ်ခုဖြစ်သည့် မသင်မနေရမူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ရန်ဟု ပြဋ္ဌာန်းဖော်ပြထားသည်ကို ထောက်ခံပါကြောင်း၊ ပုဒ်မ ၅(က)နှင့်ပတ်သက်၍ အမျိုးသားပညာရေးကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီမှုဖြင့် အစိုးရက ဖွဲ့စည်းပေးရမည်ဟုပါရှိသည့်အတွက် ဒီမိုကရေစီနည်းလမ်းကျပါကြောင်း၊ ပုဒ်မ၅(ခ)တွင် ယင်းကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီမှုဖြင့်အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ပါရှိသည့်အတွက် ဒီမိုကရေစီစနစ်နှင့် ပိုမိုကိုက်ညီစေသောကြောင့် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့**



သိုလှောင်ရုံအတွင်း ပစ္စည်းသိုလှောင်ထားရှိမှုအခြေအနေကိုတွေ့ရစဉ်။

## ကနေဒီရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ မြန်မာ့အသံရေဒီယိုအစီအစဉ်များ စတင်စမ်းသပ်ထုတ်လွှင့်

**နေပြည်တော် စက်တင်ဘာ ၂၆**

မြန်မာ့အသံရေဒီယိုအစီအစဉ် ကြည်လင်ပြတ်သားစွာ ဖမ်းယူနိုင်ရေး အစီအစဉ်အရ ကနေဒီ FM လွှင့်စက်နှင့် Antenna တပ်ဆင်ရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၂ ရက်တွင် တပ်ဆင်ပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှ လွှင့်အား 2 KW၊ လှိုင်းနှုန်း 90.4 MHz ဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှစ၍ မြန်မာ့အသံရေဒီယို အစီအစဉ်များကို ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးရွာသွန်းမှု

၂၆-၉-၂၀၁၄


| | | | | | |
|---|---|---|---|---|---|
| စစ်တွေ | ၂ | ဒသမ | ၄၄ | လက်မ | |
| ဇောင်းတူ | ၁ | ဒသမ | ၆၁ | လက်မ | |
| နမ့်စန် | ၁ | ဒသမ | ၃၈ | လက်မ | |
| မြစ်ကြီးနား | ၁ | ဒသမ | ၂၅ | လက်မ | |
| ဗန်းမော် | ၁ | ဒသမ | ၂၂ | လက်မ | |
| ကျောက်မဲ | ၁ | ဒသမ | ၂၂ | လက်မ | |

# ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍ ဆက်နွှယ်မိသမျှ

တွေ့ဆုံမေးမြန်း » မင်းမင်းဇော်(သတင်းစဉ်)၊ ဓာတ်ပုံ » မောင်ဖိုးဇော်

ရခိုင်ပြည်နယ်အတွင်း လွန်ခဲ့သည့် နှစ်နှစ်ကျော်က သာမန်ပြစ်မှုတစ်ခုမှ စတင်ဖြစ်ပွားခဲ့သည့် ပဋိပက္ခကြောင့် လူ့အသိုက်အဝန်းနှစ်ခု၏ နေအိမ်အဆောက်အအုံများစွာ ဖျက်ဆီးခံခဲ့ရပြီး လူရာပေါင်းများစွာ အိုးမဲ့ အိမ်မဲ့ဖြစ်ပွားခဲ့ရကာ ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေကြရသည်။

ယခုအခါ နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများသာမက ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ဘက်စုံထောင့်စုံ ကဏ္ဍစုံမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ထိုဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် ကဏ္ဍများစွာတို့မှ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းဆောင်ရွက်မှုများကို သိရှိနိုင်ရန် ရခိုင်ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် တွေ့ဆုံမေးမြန်းခဲ့သမျှကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**❖

ကြေးမုံစာတည်းရှုထောင့် ၂၇-၉-၂၀၁၄၊ စနေနေ့

# စာကြည့်တိုက်များ၏ အသက်ဝိညာဉ်

မျက်မှောက်ကာလ ၂၁ ရာစုကို ပညာခေတ်ဟု သတ်မှတ်ပေးထားကြသည်။ အထူးသဖြင့် နည်းပညာစွမ်းပကား မြင့်မားမှုကို ညွှန်းဆိုခြင်း၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတပေါကြွယ်ဝလည်း နည်းပညာအားနည်းပါက အပြည့်အဝအသုံးမချနိုင်သလို ထိုထိုသော သယံဇာတများ မရှိငြားလည်း နည်းပညာစွမ်းရည်မြင့်မားနေမှုက အရာရာတွင် စွမ်းဆောင်နိုင်ကြောင်း၊ လက်ရှိအာရှကျားများဖြစ်ကြသည့် စင်ကာပူ၊ ဟောင်ကောင်၊ တောင်ကိုရီးယား၊ ဂျပန်စသည့် ကျွန်းဆွယ်နှင့် ကျွန်းနိုင်ငံလေးများက စွမ်းဆောင်ပြလျက် အထင်အရှားရှိနေပါသည်။

နည်းပညာအားနည်းနေလျှင် သယံဇာတပေါချင်တိုင်း ပေါနေငြားလည်း နိုင်ငံအတွက် အပြည့်အဝအကျိုးမပြုနိုင်သည်ကို မိမိတို့နိုင်ငံကအစ နည်းပညာမဖွံ့ဖြိုး မတိုးတက်သေးသော နိုင်ငံတိုင်းမှာ ကြုံတွေ့နေရဆဲဖြစ်ပါသည်။

"အလိမ္မာစာမှာရှိသည်" ဆိုစကားအတိုင်း တတ်သိလိမ္မာမှုကို ရှာယူရာတွင် အကောင်းဆုံးသော မိတ်ဆွေများမှာ "စာအုပ်စာပေ" များပင်ဖြစ်ပါသည်။ "ပညာရဲရင့် ပွဲလယ်တင့်"နေကြသည်ကို မိမိတို့ဝန်းကျင်၊ ထို့ထက် ကမ္ဘာအနှံ့မှာ မြင်တွေ့နေရပါသည်။ တစ်နည်း ပညာဟူသည် ကျယ်ဝန်းသည့်အနက်ကိုဆောင်ထားရာ မျက်မှောက်ကာလ၏ ပညာဟူသည် စူးစမ်းဖော်ထုတ်ရယူနိုင်စွမ်း နည်းပညာရပ်များပင် ဖြစ်ပါသည်။

မိမိတို့နိုင်ငံ သူ့ကျွန်ဘဝနှင့် နှစ်ပေါင်းတစ်ရာကျော်နေလာခဲ့ရသည့် ဆုံးရှုံးမှုများစွာအနက် တစ်ခုမှာ နိုင်ငံသားများ ပညာရေးဆုံးရှုံးခဲ့ရမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထို့ကြောင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလများတွင် အမျိုးမျိုးသော အခက်အခဲများကြားမှ အရွယ်လွန်များအတွက် အခြေခံ"အ"သုံးလုံးသင်တန်းများကို ဆရာ၊ ကျောင်းသား လုပ်အားပေးလေးများ "အား"ကို ရယူလျက် ပို့ချသင်ကြားပေးလာခဲ့သည်မှာ ၂၀၁၃ ခုနှစ်က ၉၅ ဒသမ ၁၃ ရာခိုင်နှုန်းကျော် စာရေးစာဖတ် တတ်မြောက်လာခဲ့ကြပါပြီ။

ယခုအခါ စာမတတ်သူ ပပျောက်ရေးမှ စာမဖတ်သူပပျောက်ရေးသို့ ဦးတည်လှုပ်ရှားလျက်ရှိလာနေကြပါပြီ။ ကျေးရွာတိုင်းမှာ"အ"သုံးလုံးကျေပြီးသူများ စာဖတ်နိုင်ဖို့ "စာကြည့်တိုက်များ" ထူထောင်လာခဲ့ကြသည်မှာ ယခု ငါးသောင်းငါးထောင်ကျော်မက ရှိနေပါပြီ။ တစ်နိုင်ငံလုံးရှိ ကျေးရွာပေါင်း ခြောက်သောင်းလေးထောင်ကျော်အနက် ငါးသောင်းကျော်တွင် စာကြည့်တိုက်များ ဖွင့်လှစ်ထားပြီး ကျေးရွာများနှင့် စာဖတ်သူများ ဝင်ထွက်မစဲ ရှိနေလောက်ပြီဟု ဆိုနိုင်ပါသည်။

သို့သော် ထိုသို့ ဖြစ်မလာခဲ့ပါ။ စာကြည့်တိုက်များ ဖွင့်လှစ်ပြီးသည်နှင့် တာဝန်ကျေပြီဟု ယူဆထားကြသလားမသိ။ မပျောက်မပျက်ရအောင် သော့ခတ်သိမ်းဆည်းထားကြသော စာကြည့်တိုက်များ အများအပြားရှိနေသည်။

စာကြည့်တိုက်တစ်ခု၏ အင်္ဂါရပ်ဖြစ်သည့် (၁)အဆောက်အအုံ၊ (၂)ရန်ပုံငွေ၊ (၃)စာအုပ်များ၊ (၄)စာကြည့်တိုက်မှူး၊ (၅)စာအုပ်ငှားယူဖတ်သူများ ဟူသည့်အချက်တွင် စာကြည့်တိုက်မှူးသည် အခရာဟု ဆိုနိုင်ပါသည်။ စာကြည့်တိုက်မှူးကောင်းတစ်ယောက်ရှိရုံနှင့် စာကြည့်တိုက်တစ်ခု ရှင်သန်ဖွံ့ဖြိုးအလှတိုးနိုင်ပါသည်။ စာကြည့်တိုက်မှူးကောင်း မရှိပါလျှင် စာကြည့်တိုက်ဖွံ့ဖြိုးမှုနှေးကွေး နောက်ဆုံးသော့ပိတ်သိမ်းဆည်းသည့် အဆင့်သို့ ရောက်သွားရပါသည်။ လက်ရှိ မိမိတို့နိုင်ငံ၏ ဖွင့်လှစ်ပြီး စာကြည့်တိုက်များအနက် ထောင်ဂဏန်းလောက်သာ အသက်ဝင်ပုံမှန်ဖွင့်လှစ်ထားနိုင်ကြောင်း စာကြည့်တိုက်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦး၏ သုံးသပ်ချက်သည် စာကြည့်တိုက်မှူးကောင်းများ လိုအပ်နေမှုကို ညွှန်းဆိုထားခြင်းပင်ဖြစ်သည်။ စာကြည့်တိုက်၏အသက်ဝိညာဉ်ဟုဆိုပါက လွန်အံ့မထင်ပါ။ စာကြည့်တိုက်မှူးကောင်းတစ်ဦးကို ရွေးချယ်ရာတွင် ရုပ်ရည်ပြေပြစ်သူ၊ လူပျိုလူလွတ် ပညာတတ်၊ နောက်ပိုင်းအတွက် စိတ်အေးရသူ၊ ဆက်ဆံရေးပြေပြစ်သူများထက် စာမဖတ်ရမနေနိုင်သူ စာကြမ်းပိုးများအား ရွေးချယ်တာဝန်ပေးခြင်းသည်သာ စာကြည့်တိုက်မှူးတစ်ဦး၏ အင်္ဂါချက်အနက် အသင့်တော်ဆုံး အချက်တစ်ရပ်ဖြစ်ပါလိမ့်မည်။ တစ်နည်း စာပေကို စွဲစွဲလမ်းလမ်းနှင့် ချစ်မြတ်နိုးသူမှ စာကြည့်တိုက်မှူးကောင်းဖြစ်ထိုက်ပါသည်။

တစ်နိုင်ငံလုံးရှိ စာကြည့်တိုက်များအားလုံး စာကြည့်တိုက်မှူးကောင်းများအောက်မှာ ဖွံ့ဖြိုးရှင်သန် အစဉ်ရှိနိုင်ပါစေ။ ။

## မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးအသင်းများ ပူးပေါင်းဓာတ်ပုံပြပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၆**

မြန်မာ-ထိုင်းနှစ်နိုင်ငံချစ်ကြည်ရေးအသင်းများ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြသသော ဓာတ်ပုံပြပွဲအား စက်တင်ဘာ ၂၂ ရက်က ဘန်ကောက်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာညွှန်ကြားရေးမှူးရုံးခန်းမကြီးတွင် ကျင်းပသည်။

မြန်မာနိုင်ငံမှ ဓာတ်ပုံနှင့် ဂရပ်ဖစ်ဒီဇိုင်းပညာရှင် ကိုမျိုးအောင် ရိုက်ကူးသော စေတီပုထိုး၊ ကျောင်း၊ ကန်ယဉ်ကျေးမှုမှတ်တမ်းတင် ဓာတ်ပုံပေါင်း ၁၇၀ ကျော် ခင်းကျင်းပြသရာ နှစ်နိုင်ငံချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌများဖြစ်ကြသော ဦးညွန့်ဆွေနှင့် မစ္စတာဘန်ဒစ် (Mr.Bandit) တို့က အဖွင့်အမှာစကားပြောကြားကာ ညွှန်ကြားရေးမှူးချုပ် မစ္စတာသွန်ချိုင်းချာဆာဝပ် (Thongchai Chasawath) နှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အပြန်အလှန်အားဖြင့် ထိုင်းနိုင်ငံဆိုင်ရာ ဓာတ်ပုံပြပွဲတစ်ခုကို ရွှေတိဂုံစေတီတော်ရှိ ချမ်းသာကြီးတန်ဆောင်းတွင် အောက်တိုဘာ ၉ ရက်မှစ၍ ၁၀ ရက်ကြာပြသထားရန် စီစဉ်လျက်ရှိသည်။

ထိုင်းနိုင်ငံအတွင်းရှိ ရှေးဟောင်းဘုရားပုထိုးယဉ်ကျေးမှုဆိုင်ရာများကို ဓာတ်ပုံပညာရှင် ကိုမျိုးအောင်နှင့် ဒေါက်တာစိုးမင်းအောင်တို့ ကိုယ်တိုင် ထိုင်းနိုင်ငံအတွင်း လှည့်လည်ရိုက်ကူးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အဘိဓမ္မာအခါတော်နေ့အထိမ်းအမှတ် ပဝါရဏာပွဲ ရွှေဘုန်းပွင့်စေတီတော်၌ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်၌ အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ် သီတင်းကျွတ်လပြည့် မီးထွန်းပွဲနှင့် (၃၇) ကြိမ်မြောက် ပဝါရဏာပွဲကို အဆိုပါစေတီရှိ သာသနာ့ဗေဒတိက ဓမ္မာရုံကြီး၌ သီတင်းကျွတ်လဆန်း ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ ညနေ ၃ နာရီတွင် သာသနာ့ဗေဒတိကဓမ္မာရုံ၌ စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စေတီတော်ပရိဝုဏ်ရှိ ကျောင်းတိုက်များမှ သံဃာတော်များအား ပဝါရဏာပွဲ ကျင်းပပူဇော်မည်ဖြစ်သည်။


**(ရီရီသန့်)**

## သံအမတ်ကြီး ဦးမြင့်နောင်အား အီတလီနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်နောင်အား အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂၆**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၃၆၀၀ | - | ၆၅၄၆၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၃၆၀၀ | - | ၆၅၄၆၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၉၂. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၆၅. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၁. ၆၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀. ၇၂၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၅. ၀၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၁၇၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၉၁၃. ၇၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၅. ၂၁၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၇၃. ၇၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၁. ၉၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ရွှေဆောင်(၁) ဖုန်း- 252113 388034 | မင်္ဂလာ (၁) သိမ်ကြီးဈေး | မင်္ဂလာ စံပြ | မြို့မ (မန္တလေး) | ၂၆ . ၉ . ၂၀၁၄ ရက်မှစတင်၍ တစ်ပြိုင်တည်းပြပြီ
လားရှိုး - အောင်သီရိ အဆင့်မြင့်ရုပ်ရှင်ရုံ တစ်ပြိုင်တည်း ပြပြီ




နေပြည်တော်(၂) ဖုန်း- 251277 251288 | မင်္ဂလာ (၂) | မင်္ဂလာ စံပြ | မင်္ဂလာနိုင်းမွန်း | ၂၆ . ၉ . ၂၀၁၄ ရက်မှစတင်၍ တစ်ပြိုင်တည်းပြပြီ



ပြည်တွင်းရေးရာ




# ထောင်စုနှစ် ကျန်းမာရေးဆိုင်ရာရည်မှန်းချက်များပြည့်မီရေး ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၆

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်သည် စက်တင်ဘာ ၁၅ ရက်မှ ၂၀ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပခဲ့သည့် (၁၂)ကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများအစည်းအဝေး၊ (၆)ကြိမ်မြောက် အာဆီယံ+၃ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံ+တရုတ်ကျန်းမာရေး ဝန်ကြီးများ အစည်းအဝေးများသို့တက်ရောက်ခဲ့သည်။**(အပေါ်ပုံ)

အဆိုပါအစည်းအဝေးသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေး ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီး များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့၊ အရှေ့တောင်အာရှ ဒေသ ဆိုင်ရာ ညွှန်ကြားရေးမှူး၊ အနောက် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး နှင့် တာဝန်ရှိသူများ၊ အခြားဖိတ်ကြား ထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာသန်းအောင်က ထောင်စုနှစ် ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ ကူးစက် ရောဂါများသာမက ကူးစက်တတ်ခြင်း မရှိသော နာတာရှည်ရောဂါများဖြစ် သည့် ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ကင်ဆာရောဂါ ဖြစ်ပွားမှုများ များပြားလာသည်နှင့် အညီ ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍတွင် အလေးပေးဆောင်ရွက် ထားရှိမှုလုပ်ငန်းများ၊ ၂၀၁၅ ခုနှစ် နောက်ပိုင်း အလေးထားဆောင်ရွက် ရမည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအနက် Universal Health Coverage ရရှိရေးအတွက် မြန်မာနိုင်ငံတွင် ဆောင်ရွက်ထားရှိမှု များနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အတွင်း ဟန်ချက်ညီပူးပေါင်းဆောင် ရွက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်ထားရှိသည့် ကူးစက် ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ၊ ဆေးယဉ်ပါးငှက်ဖျား ရောဂါကာကွယ်နှိမ်နင်းရေးနှင့်ငှက်ဖျား ရောဂါ အမြစ်ပြတ်တိုက်ဖျက်ရေး ဆိုင်ရာ ကိစ္စရပ်များနှင့် လတ်တလော ဖြစ်ပွားခဲ့သည့် အီဘိုလာရောဂါ သံသယလူနာအား ကာကွယ်ကုသခဲ့ ရာတွင် တွေ့ကြုံခဲ့ရသည့်အခက်အခဲ များကို ဆွေးနွေးခဲ့သည်။

ထို့နောက် ပူးတွဲပါကြေညာ စာတမ်း (၃)စောင် ၂၀၁၅ ခုနှစ် နောက်ပိုင်း အာဆီယံအဖွဲ့ဝင် နိုင်ငံ များမှ အလေးပေးဆောင်ရွက်ရမည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များအား တက်ရောက်လာကြသည့် ကျန်းမာရေးဝန်ကြီးများက အတည် ပြုခဲ့ကြသည်။

**(သတင်းစဉ်)**




# မြန်မာ-တရုတ်(ယူနန်)ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်တို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်ရန်နှင့် နှစ်နိုင်ငံ ဘက်စုံမဟာဗျူဟာပူးပေါင်း ဆောင်ရွက်မှု မူဘောင်အတွင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ဆောင်ရွက်ရန်အတွက် ဒုတိယ အကြိမ် မြန်မာ-တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပ လျက်ရှိပြီး ယနေ့တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယ ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဂေါင်ရှုစွန်းတို့က နှစ်ဖက်ကိုယ်စား လှယ်များကိုဦးဆောင်၍ တက်ရောက် ကြသည်။

ထို့ပြင် မြန်မာနိုင်ငံဘက်မှ ယူနန် ပြည်နယ်နှင့် အများဆုံးဆက်သွယ် ဆောင်ရွက်လျက်ရှိသည့်ပြည်ထောင်စု အစိုးရဝန်ကြီးဌာနများမှ တာဝန်ရှိသူ များ၊ ပြည်နယ်များမှ ပြည်နယ်အစိုးရ တာဝန်ရှိသူများ အသီးသီး ပါဝင် တက်ရောက်ခဲ့သည်။

ယူနန်ပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တွင် ယူနန် ပြည်နယ် ပြည်သူ့အစိုးရ၊ နိုင်ငံခြား ရေးရုံး ညွှန်ကြားရေးမှူးချုပ် မဒမ် ကျိုးဟုန်နှင့် အစိုးရကိုယ်စားလှယ် များအပြင် ယူနန်ပြည်နယ် ပြည်သူ့ အစိုးရ၊ ဒုတိယအထွေထွေ အတွင်း ရေးမှူးနှင့် ယူနန်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲများ ဗျူရိုညွှန်ကြား ရေးမှူးချုပ် မစ္စတာလီကျိမင်း ဦးဆောင်သည့် ဖိုရမ်ကိုယ်စားလှယ် များ ပါဝင်တက်ရောက်ခဲ့သည်။

နှစ်ဖက် ကိုယ်စားလှယ်အဖွဲ့များ သည် မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ် တို့အကြား ပူးပေါင်းဆောင်ရွက်လျက် ရှိသည့် ကဏ္ဍအသီးသီးတွင် တွေ့ကြုံ ရသည့် အခက်အခဲများနှင့် စပ်လျဉ်း ၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြပြီး အလား အလာကောင်းမွန်သည့် ပူးပေါင်း ဆောင်ရွက်မှု ကဏ္ဍများအား တိုးမြှင့် ဆောင်ရွက်သွားရန် သဘောတူညီ ခဲ့ကြသည်။

**(သတင်းစဉ်)**

# (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ မြန်မာအသင်းယှဉ်ပြိုင်

**အင်ချွမ် စက်တင်ဘာ ၂၆**

တောင်ကိုရီးယားနိုင်ငံ အင်ချွမ်မြို့ ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက် ရှိသော (၁၇)ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအသင်း အနေဖြင့် ဘူဖျောင်မြားပစ်အားကစား ကွင်း၌ ကျင်းပသော မြားပစ်ပြိုင်ပွဲ တွင် မြန်မာနိုင်ငံမှ နေမျိုးအောင် နှင့် ဇာခြည်ဝင်းတို့သည် (ရီကတ်) ရှုံး/ထွက်ပြိုင်ပွဲ ပွဲစဉ်တွင် ဝင်ရောက် ယှဉ်ပြိုင်ရာ နေမျိုးအောင်က အိန္ဒိယ နိုင်ငံမှ အားကစားသမားအား ၆ -၀မှတ်ဖြင့် လည်းကောင်း၊ ဇာခြည်ဝင်းမှ တရုတ်(တိုင်ပေ)နိုင်ငံ မှ အားကစားသမားအား ၆ မှတ် ၄ မှတ်ဖြင့်လည်းကောင်း အသီးသီး ရှုံးနိမ့်ခဲ့ကြ သည်။

စက်တင်ဘာ ၂၇ ရက် ပွဲစဉ်များ အဖြစ် ဒေသစံတော်ချိန် နံနက် ၉ နာရီ တွင် အင်ချွမ်မြို့ ပိုက်ကျော်ခြင်း အားကစားရုံ၌ ကျင်းပမည့် အမျိုးသမီး သုံးယောက်တွဲ အသင်းလိုက် (Regu) ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးအသင်းနှင့် အင်ဒို နီးရှားနိုင်ငံ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဆက်လက်၍ အင်ချွမ်မြို့ ဘော်လီ ဘောအားကစားရုံ၌ ကျင်းပမည့် အမျိုးသားဘော်လီဘောပြိုင်ပွဲအုပ်စု နောက်ဆုံးပွဲစဉ်အဖြစ် ဒေသစံတော် ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် မြန်မာ အမျိုးသားအသင်းနှင့် တာ့ခ်မင် နစ္စတန် အသင်းတို့ ယှဉ်ပြိုင်ကစားကြ မည်ဖြစ်သည်။

အင်ချွမ်မြို့ နပန်းအားကစားရုံ၌ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ကျင်းပသော နပန်းပြိုင်ပွဲ အလွတ်တန်း ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဝင်းလှိုင်ဆွေ နှင့် (၆၁)ကီလိုတန်းတွင် မေသဇင်ဖူး၊ (၄၈)ကီလိုတန်းတွင် ကြူကြူသိန်း တို့ ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သိရသည်။ **(အား/ကာ)**

# မီးလောင်မှုဖြစ်ပွား

**ရန်ကုန် စက်တင်ဘာ ၂၆**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၄)ရပ်ကွက် ဇွဲကပင်လမ်း အမှတ် (၅၆၄/ခ)တွင် စက်တင်ဘာ ၂၆ ရက် ညနေ ၆ နာရီ ၅ မိနစ်က မီးလောင်မှု ဖြစ်ပွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ အိမ်ရှင် ဦးအောင်ဝင်းထွန်းပိုင် သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း (၂)ထပ် တိုက်အိမ်၏ အပေါ်ထပ် မျက်နှာ ကြက်ရှိ နံရံကပ်မီးခွက်နှင့် မီးချောင်း Loose ဖြစ်ရာမှ မီးပွားထွက်၍ ခြင်ထောင်ပေါ်သို့ မီးပွားကျရာမှ စတင်လောင်ကျွမ်းခြင်း ဖြစ်သည်။ မီးလောင်ရာသို့ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ သဃ်န်း ကျွန်း၊ တောင်ဥက္ကလာပတို့မှ မီးသတ် ယာဉ်များ လာရောက်ငြိမ်းသတ်ခဲ့ ပြီး မီးလောင်ကျွမ်းမှုကြောင့် ခြင်ထောင် တစ်လုံး၊ မျက်နှာကြက်အနည်းငယ်၊ မွေ့ရာအနည်းငယ်၊ ခေါင်းအုံး အနည်းငယ် မီးလောင်ခဲ့ကြောင်း သိရ သည်။

**(မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့)**









# နယ်စပ်ဒေသမှ နှစ်နိုင်ငံတပ်ဖွဲ့များ ရုပ်သိမ်းရန် အိန္ဒိယနှင့်တရုတ် သဘောတူညီမှုရရှိ

**နယူးဒေလီ စက်တင်ဘာ ၂၆**

အိန္ဒိယနှင့် တရုတ်တပ်ဖွဲ့များအကြား ရက်သတ္တနှစ်ပတ်ကြာမျှ နယ်စပ်ဒေသ၌ ထိပ်တိုက်တွေ့ဆုံခဲ့ကြပြီးနောက် ပြန်လည်ရုပ်သိမ်းရန် စက်တင်ဘာ ၂၆ရက်တွင် သဘောတူညီလိုက်ကြကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

နယ်စပ်ဒေသတွင် ဖြန့်ကြက်ထားသော နှစ်နိုင်ငံတပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်းရန် ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့ရာတွင် သဘောတူညီချက်ရရှိခဲ့ကြောင်း၊ စက်တင်ဘာ ၃၀ ရက်ထက်နောက်မကျဘဲ တပ်ဖွဲ့ရုပ်သိမ်းမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆုရှာမားဆဝါရပ်ဂျ်က ပြောကြားသည်။ တပ်ဖွဲ့ရုပ်သိမ်းနိုင်ရေးအတွက် အိန္ဒိယပိုင်နက် လာဒက်ဒေသအတွင်း ယာယီ လမ်းတစ်လမ်းဖောက်လုပ်မည်ဟု မျှော်လင့်ရကြောင်း သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် ဟိမဝန္တာတောင်တန်းဒေသရှိ နယ်စပ်ဒေသနယ်မြေအချို့ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အငြင်းပွားနေကြသော နိုင်ငံများဖြစ်ကြပြီး ၁၉၆၂ခုနှစ်တွင် ကာလတိုစစ်ပွဲတစ်ရပ်ကို ဆင်နွှဲတိုက်ခိုက်ခဲ့ကြသည်။

လွန်ခဲ့သော ရက်သတ္တပတ်က တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့စဉ်အတွင်း လာဒက်ဒေသတွင် တရုတ်တပ်ဖွဲ့က ကျူးကျော်ဝင်ရောက်မှုရှိသည်ဟု အိန္ဒိယနိုင်ငံကစွပ်စွဲခဲ့သည်။ နယ်စပ်ဒေသအငြင်းပွားမှုကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည်ဆိုပါက နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီက ပြောကြားသည်။ **ပီတီအိုင်**



အိန္ဒိယနှင့်တရုတ် နယ်စပ်ဒေသရှိ စစ်ဆေးရေးစခန်း တစ်နေရာ။



## ချူကလီးယားစက်ရုံများ ပါကစ္စတန်တည်ဆောက်မည်

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၆**

နိုင်ငံအတွင်း ကြုံတွေ့နေရသည့် စွမ်းအင်ဆိုင်ရာအကျပ်အတည်းများ ပြေလျော့စေရေးအတွက် နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ ပိုမိုတည်ဆောက်ရန် ဆန္ဒရှိနေကြောင်း ပါကစ္စတန်နိုင်ငံက နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအား ပြောကြားခဲ့ကြောင်း စက်တင်ဘာ ၂၅ရက် ဒေသဆိုင်ရာသတင်းဌာနများက ဖော်ပြသည်။

စက်တင်ဘာ ၂၅ရက်တွင် ဗီယင်နာ၌ကျင်းပသော နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)၏ နှစ်ပတ်လည် အထွေထွေညီလာခံ၌ ပါကစ္စတန်နိုင်ငံ အဏုမြူစွမ်းအင်ကော်မရှင်ဥက္ကဋ္ဌ အန်ဆာပါဗက်ဇ်က ပြောကြားရာတွင် ၎င်းအနေဖြင့် အိုင်အေအီးအေနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နျူကလီးယားနည်းပညာကို အိုင်အေအီးအေ၏ ထိန်းချုပ်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး အရပ်ဘက်နျူကလီးယားစက်ရုံများကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပါဗက်ဇ်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံတွင် ပထမဆုံးသော နျူကလီးယားဓာတ်အားပေးစက်ရုံကို ၁၉၇၂ ခုနှစ်တွင် ပထမဆုံးအကြိမ် စတင်တည်ဆောက်ခဲ့သည်။ နှစ်ပေါင်း ၄၀ ကျော်ကာလအတွင်း ဘေးဥပဒ်မရှိဘဲ စက်ရုံလည်ပတ်နိုင်ခဲ့သဖြင့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ၏ ယုံကြည်မှုကို ရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။ **ပီတီအိုင်**

# ကယ်တင်ပေးခဲ့သော သင်္ဘောပေါ်မှ ဆင်းရန် ရွှေ့ပြောင်းနေထိုင်သူများ ငြင်းဆန်

**နီကိုရှား စက်တင်ဘာ ၂၆**

**ဆီးရီးယားဒုက္ခသည်များဟု ထင်ရသည့် လူ ၃၀၀ နီးပါးသည် ဆိုက်ပရပ်ကမ်းလွန်၌ ၎င်းတို့အား ကယ်တင်ခဲ့သော အပျော်စီးသင်္ဘောပေါ်မှဆင်းရန် ငြင်းဆိုလျက်ရှိကြောင်း တာဝန်ရှိသူများက ယနေ့ပြောသည်။**

၎င်းတို့ကိုအီတလီနိုင်ငံသို့ ပို့ပေးရန် ၎င်းတို့က အတင်းအကျပ် ပြောဆိုလျက်ရှိသည်ဟု ဆာလာမစ်အပျော်စီးသင်္ဘောလိုင်း၏ အုပ်ချုပ်မှုဒါရိုက်တာ ကီကစ်ဇစ်စီလီယိုက ပြောသည်။

အပျော်စီးသင်္ဘော "ဆာလာမစ်ဖီလိုစီးနီးယား"သည် လီမာဆိုးလ်ဆိပ်ကမ်း၌ ဆိုက်ကပ်ထားပြီး ကယ်ဆယ်ခံရသူများမှာ ကျန်းမာရေး ကောင်းမွန်သည်ဟု ပြောသည်။

ကယ်ဆယ်ရေးအချက်ပြပို့လွှတ်ခဲ့သော ငါးဖမ်းလှေငယ်တစ်စင်းပေါ်တွင် ကလေး ၅၂ ဦးတွေ့ရသည်ဟု ဆိုက်ပရပ်ကာကွယ်ရေးဌာနက ပြောသည်။

ပင်လယ်ပြင်မှ ကယ်ဆယ်ခဲ့သော ရွှေ့ပြောင်းနေထိုင်သူ ၃၄၅ဦးအနက်မှ ၆၅ဦးသည် ၎င်းတို့၏ ဆန္ဒဖြင့်ပင် သင်္ဘောပေါ်မှ ဆင်းခဲ့ကြပြီး ၎င်းတို့ကို နီကိုရှားနှင့် အလွန်မဝေးလှသော ကိုကီနိုထရီနီသီယာစခန်းသို့ ဘတ်စ်ကားဖြင့် ပို့ပေးခဲ့ရသည်။

သင်္ဘောပေါ်မှထွက်ခွာရန် ငြင်းဆန်လျက်ရှိသူတို့နှင့် ဆရာဝန်များ၊ သူနာပြုများ၊ မြို့ပြ ကာကွယ်ရေးနှင့် ကြက်ခြေနီအလုပ်သမားတို့သည် သောကြာနေ့ နံနက်တိုင်အောင် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

ယင်းသို့ဖြစ်နေစဉ် အဆိုပါ အပျော်စီးသင်္ဘောဖြင့် အစ္စရေးနိုင်ငံ ဟိုင်ဖာသို့ ခရီးဆက်ရန် ရှိနေသည့် ရုရှားခရီးသည် ၃၀၀ ၏ ခရီးစဉ်ကို ဖျက်သိမ်းခဲ့ရပြီး ၎င်းတို့ကို လီမာဆိုးလ်ရှိ ဟိုတယ်များသို့ ပို့ထားပေးရသည်။

၎င်းတို့သည် ဒုက္ခသည်များ၏ အသက်ကို ကြိုးစားကယ်တင်ပေးခဲ့ပြီး အစားအသောက်များ ကျွေးမွေးခဲ့ကြောင်း၊ အထောက်အပံ့များပေးခဲ့ကြောင်း၊ ယခုအခါ ၎င်းဒုက္ခသည်များက ကုမ္ပဏီကို ဖျက်ဆီးလိုကြကြောင်း မစ္စတာဇစ်စီလီယို၏ ပြောကြားချက်ကို အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

ဒုက္ခသည်များကိုကယ်တင်သည့် အကျိုးရလဒ်အဖြစ် ကုမ္ပဏီ၏ဆုံးရှုံးမှုသည် ယူရိုငွေ ထောင်ပေါင်း ရာချီသွားပြီဖြစ်သည်ဟု ဆိုသည်။ **ဘီဘီစီ**



ဆိုက်ပရပ်ကမ်းလွန်၌ ဒုက္ခသည်များအား ကယ်တင်ပေးခဲ့သည့် မှတ်တမ်းပုံ။

## အမေရိကန်လေကြောင်းမှတိုက်ခိုက် အိုင်အက်စ်တင့်ကား လေးစီးပျက်စီး

**ဝါရှင်တန် စက်တင်ဘာ ၂၆**

ဆီးရီးယားနိုင်ငံတွင် အစ္စလာမ္မစ်နိုင်ငံ(အိုင်အက်စ်)စစ်သွေးကြွများကို လေးညမြောက် ဗုံးကြဲတိုက်ခိုက်ရာ အိုင်အက်စ်တင့်ကားလေးစီးကိုဖျက်ဆီးနိုင်ခဲ့ပြီး အခြားတစ်စီးပျက်စီးစေခဲ့ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံအတွင်းရှိ အိုင်အက်စ်စခန်းများကို အမေရိကန်စစ်လေယာဉ်များက ခုနစ်ကြိမ် တိုက်ခိုက်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

အိုင်အက်စ် စစ်သွေးကြွများကို တိုက်ခိုက်လျက်ရှိသော ညွန့်ပေါင်းအဖွဲ့နှင့် ပူးပေါင်းရန် အက်ဖ်-၁၆ တိုက်လေယာဉ်ခုနစ်စင်းကို စေလွှတ်ခဲ့ကြောင်း၊ အီရတ်နိုင်ငံအတွင်းမှာသာလျှင် တိုက်ပွဲဝင်မည်ဖြစ်ကြောင်း ဒိန်းမတ်အစိုးရက ပြောသည်။

အီရတ်နိုင်ငံအတွင်း၌ လေကြောင်းမှ တိုက်ခိုက်မည့်အရေးကို သောကြာနေ့တွင် ဗြိတိသျှပါလီမန်ကလည်း မဲပေးဆုံးဖြတ်မည်ဖြစ်သည်။ **ဘီဘီစီ။**



လေကြောင်းတိုက်ခိုက်မှု၌ ပါဝင်သော အမေရိကန်စစ်လေယာဉ်များကို တွေ့ရစဉ်။

# အိုင်အက်စ် တိုက်ခိုက်ရေးသမားများတွင် ဥရောပတိုက်သား ၃၀၀၀ကျော်ပါဝင်ဟုဆို

**ဘရပ်ဆယ်လ် စက်တင်ဘာ ၂၆**

အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့၌ အစ္စလာမ္မစ်တိုက်ခိုက်ရေးသမားများနှင့်အတူ ပါဝင်တိုက်ခိုက်လျက်ရှိသည့် ဥရောပတိုက်သားအရေအတွက်မှာ ၃၀၀၀ ကျော်ခဲ့ပြီဖြစ်ကြောင်း ဥရောပသမဂ္ဂ(အီးယူ) အကြမ်းဖက်မှုတိုက်ဖျက်ရေးအကြီးအကဲက ယနေ့ ဘီဘီစီသို့ ပြောသည်။

အီလက်(စ်)ဒီကာချိုဗီကအနောက်နိုင်ငံများ၏ လေကြောင်းမှတိုက်ခိုက်ခြင်းသည် ဥရောပ၌ လက်တုံ့ပြန်တိုက်ခိုက်မှုကို ပိုမိုကြီးထွားလာမည်ဖြစ်ကြောင်းလည်း သတိပေးသည်။

အဆိုပါ အရေအတွက် ၃၀၀၀ တွင် ယင်းဒေသ၌ လက်ရှိရောက်နေသူများ၊ အမိနိုင်ငံသို့ ပြန်ရောက်နေသူများနှင့် တိုက်ပွဲအတွင်း သေဆုံးသူများအားလုံး ပါဝင်သည်ဟု ၎င်းက ပြောသည်။

ယခုနှစ် စောစောပိုင်းက ၂၀၀၀ ခန့်ရှိမည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းသည်။

ဇွန်လအတွင်းက အစ္စလာမ္မစ်နိုင်ငံ တည်ထောင်လိုက်ပြီဟု အိုင်အက်စ်ကြေညာခြင်းသည် ဥရောပမှထောက်ခံသူများကိုဆွဲဆောင်နိုင်ခြင်းဖြစ်ဖွယ်ရာရှိသည်ဟု မစ္စတာဒီကာချိုဗီက ပြောသည်။

အားပြိုင်လျက်ရှိသော အိုင်အက်စ်နှင့် အယ်လ်ခိုင်ဒါအုပ်စုတို့သည် ၎င်းတို့၏ပုံရိပ်ကို မြှင့်တင်ရန်အတွက် ဥရောပကိုတိုက်ခိုက်ရန် ကြိုးစားလာနိုင်ကြောင်း ၎င်းက ထပ်မံသတိပေးသည်။ ဘီဘီစီ။

## ပြည်တွင်းရေးရာ

❑ **ရှေ့ဖုံးမှ**

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲမင်းထွေးက ဥပဒေကြမ်း၏ အပိုဒ် ၂၆ နှင့်ပတ်သက်၍ တစ်နိုင်ငံလုံးရှိ အဆင့်မြင့်ပညာသင်ကျောင်းများတွင် လွတ်လပ်သည့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာစီမံခန့်ခွဲရေးစနစ်ကို ကျင့်သုံးရမည့်သဘော သက်ရောက်နေသည့်အတွက် လက်တွေ့အခြေအနေနှင့် ကိုက်ညီမှုမရှိပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံခန့်ခွဲလျက်ရှိသော အလုပ်ရုံများအနက်မှ အရှုံးပေါ်လျက်ရှိသော စက်ရုံ၊ အလုပ်ရုံများအခြေအနေနှင့် ပုဂ္ဂလိကပိုင်ပြုလုပ်မှု အခြေအနေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဆွေးနွေးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးပိုက်ထွေးက ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေကျပ်သန်း (၆၃၈ ဒသမ ၅၃၃)ဖြစ်ပြီး အသုံးစရိတ် (နိုင်ငံတော် ထည့်ဝင်ငွေမပါ)ကျပ်သန်း (၅၂၅ ဒသမ ၀၀၁)ဖြစ်၍ အမြတ်ငွေကျပ်သန်း(၁၁၃ ဒသမ ၅၃၂)ရရှိခဲ့ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီး ခန့်မှန်းခြေမှာဝင်ငွေကျပ်သန်း(၃၆၉ ဒသမ ၉၉၄)ဖြစ်ပြီး အသုံးစရိတ် ကျပ်သန်း(၉၅၁ ဒသမ ၀၆၉)ဖြစ်၍ ကျပ်သန်း(၅၉၁ ဒသမ ၀၇၅) အရှုံးဖြစ်ပေါ်ခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေစာရင်းမှာ ဝင်ငွေကျပ်သန်း(၃၉၇ ဒသမ ၄၀၀)ဖြစ်ပြီး အသုံးစရိတ်ကျပ်သန်း(၁၃၅၄ ဒသမ ၈၃၄) ဖြစ်၍ ကျပ်သန်း(၉၅၇ ဒသမ ၄၃၄)အရှုံးနှင့် လျာထားသတ်မှတ်ခဲ့ပါကြောင်း၊ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ပြုပြင်ပြီးနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မူလခန့်မှန်းခြေစာရင်းတို့တွင် အရှုံးဖြစ်ပေါ်ရခြင်းမှာ အထက်တွင်တင်ပြခဲ့သည့်အတိုင်း ဝင်ငွေများလျော့နည်းလာခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှအပ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဝန်ထမ်းများ၏ ပင်စင်လစာနှင့် လုပ်သက်ဆုငွေများ ကျခံခဲ့ရခြင်းကြောင့် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်သော သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းသည် ပင်စင်စားများအတွက် သတ်မှတ်ချက်နှင့်အညီ လစာတိုးမြှင့်ပေးရခြင်းနှင့် နိုင်ငံတော်သို့ ဝင်ငွေခွန် ပေးဆောင်ရခြင်းကြောင့်သာ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းတွင် လိုငွေဖြစ်ပေါ်ရခြင်း



ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပစဉ်။ (သတင်းစဉ်)

ဖြစ်ပါကြောင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် မူလရငွေ လျာထားချက်များ ပြည့်မီစေရန် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် အမြတ်ငွေပေါ်ပေါက်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်းဖြင့်ဆွေးနွေးသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကြီးကြပ်မှုအောက်တွင် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း (၄)ခုရှိပါကြောင်း၊ ၎င်းတို့အနက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းသည် National Grid ကို ထိန်းသိမ်းကွပ်ကဲ၍ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ဓာတ်အားပေးစက်ရုံအသီးသီးမှ ထုတ်လုပ်သော ဓာတ်အားကို လက်ခံရယူကာ ဓာတ်အားဖြန့်ဖြူးရောင်းချသည့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းနှင့် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သို့ ဓာတ်အားပို့လွှတ်ပေးနေရခြင်းဖြစ်ပါသောကြောင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းတစ်ခုသာ အရှုံးပေါ်လျက်ရှိပါကြောင်း။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်တွင် ရှိနေသော နိုင်ငံပိုင်ဓာတ်အားပေးစက်ရုံများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လက်အောက်တွင်သာဆက်လက်ထားရှိပြီး နိုင်ငံတော်က ကွပ်ကဲသင့်ပါကြောင်း၊ ယင်းဓာတ်အားပေးစက်ရုံများကို ပုဂ္ဂလိကသို့လုပ်ကိုင်ခွင့်ပြုပါကရောင်းချသည့် ဈေးနှုန်းသည် အစိုးရပိုင်စက်ရုံထက်မြင့်မားလာမည်ဖြစ်၍ ဓာတ်အားသုံးစွဲသူသို့ ရောင်းချသည့် ဓာတ်အားခနှုန်းထားများကိုလည်းပြင်ဆင်ရန် (သို့မဟုတ်) နိုင်ငံတော်က ပိုမိုစိုက်ထုတ်ကုန်ကျခံ၍ ဓာတ်အားဝယ်ယူရန် လိုအပ်လာမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**






# မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့နှင့် ပူးတွဲလုပ်ငန်းစီမံချက်သုံးသပ်မှု အစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရန် ရည်ရွယ်ချက်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် UN CTFMR တို့ (Plan of Action) ပူးတွဲလုပ်ငန်းစီမံချက်ကို ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ ပူးတွဲလုပ်ငန်းစီမံချက် သုံးသပ်မှု အစည်းအဝေးကို ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာ ဟိုတယ်၌ ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

ယင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ကော်မတီအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံစောင့်ကြည့် လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့(CTFMR)မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**












# ကံ၊ စိတ်၊ ဥတု၊ အာဟာရသည်သာ . . .

စန်းနီလာဝင်း

လူသားတို့၏ အသက်ရှင်သန်ရပ်တည်နေနိုင်မှုသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားလေးပါးအပေါ်တွင် တည်မှီနေကြောင်း မြတ်ဗုဒ္ဓ၏ဒေသနာတော်က ပြဆိုထားသည်ကိုတွေ့ရသည်။ ကံဆိုသည်မှာ အတိတ်ဘဝက အကျိုးပေးကံအပါအဝင် လက်ရှိပစ္စုပ္ပန်ကာလ၌ ပြုမူဆောင်ရွက်နေသောအလုပ်ပင်ဖြစ်သည်။ ဤနေရာတွင် မမြင်ရသော အတိတ်ဘဝကံကိုထားပါဦး။ မိမိတို့အသက်ရှင်ရပ်တည်နေနိုင်မှုအတွက် ပြုမူဆောင်ရွက်ရသော ကာယကံအလုပ် (Physical Action)၊ ဝစီကံအလုပ် (Verbal Action)၊ မနောကံ (Mental Action)ဟူသော အလုပ်သုံးပါးတို့သည် မှန်ကန်ကောင်းမွန်မှုရှိသည် (သို့မဟုတ်) မှားယွင်းဖောက်ပြားမှုရှိသည်၊ မရှိသည် ဤနှစ်လီကို မိမိတို့ကိုယ်မိမိတို့ အသိဆုံးပင်ဖြစ်သည်။

တကယ်တော့ အလုပ်ကောင်းမှကံကောင်းပါမည်။ အလုပ်မကောင်းလျှင် ကံမကောင်းနိုင်ပါချေ။ တစ်ခါတစ်ရံ စိုင်ကော်၍ချဲပေါ်ရောက်သည်မျိုးတော့ ရှိကောင်းရှိပေမည်။ ကာယကံမှုအရ မကောင်းမှုကို ကိုယ်တိုင်ကိုယ်ကျကျူးလွန်လျှင်သော်လည်းကောင်း၊ ဝစီကံမှုအရ မကောင်းသောအပြောအဆိုကို ပြောဆိုလျှင်သော်လည်းကောင်း ထိုပုဂ္ဂိုလ်ကာယကံရှင်မှာ စိတ်၏ကျန်းမာရေးနှင့် စိတ်ချမ်းသာရေး၊ ကိုယ်ကျန်းမာရေးနှင့် ကိုယ်ချမ်းသာရေးတို့ကို ဖော်ဆောင်နိုင်တော့မည်မဟုတ်ပေ။

အလားတူ စိတ်ဟူသောအာရုံကို သိခြင်းသဘော (သို့မဟုတ်)မနောကံအမှုသည် စိတ်ကောင်းမမွေးဘဲ သူတစ်ပါးပျက်စီးရာပျက်စီးကြောင်း (အယောနိသော မနသိကာရ)၊ မနာလိုဝန်တိုပျက်စီး စေလိုစိတ်၊ မုန်းတီးစိတ် (ဣဿာ၊ မစ္ဆရိယ၊ ဗျာပါဒ)တို့သည် မိမိကိုယ်မိမိစိတ်ထောင်းကိုယ်ကြေဖြစ်ကာ စိတ်၏ချမ်းသာရေးနှင့် စိတ်ကျန်းမာရေး၊ ကိုယ်ချမ်းသာရေးနှင့် ကိုယ်ကျန်းမာရေးတို့ကို ဖော်ဆောင်ပေးနိုင်မည်မဟုတ်ပေ။

ဥတုဟူသောပူခြင်း၊ အေးခြင်းတို့သည် လူ့ကျန်းမာရေးနှင့်ဆက်စပ်နေသည်။ အပူဓာတ်လွန်ကဲလာလျှင်သော်လည်းကောင်း၊ အအေးဓာတ်လွန်ကဲလာလျှင်သော်လည်းကောင်း လူ့ကျန်းမာရေးကို ထိခိုက်စေမည်ဖြစ်သည်။ အပူ၊ အအေး သမမျှတမှသာလျှင် ကျန်းမာရေးနှင့် သဟဇာတဖြစ်မည်ပင်။ အပူဆုံးရာသီတွင် အပူဓာတ်သက်သာအောင် နေထိုင်တတ်ဖို့လိုအပ်သလို အအေးဓာတ်လွန်ကဲလာလျှင် အအေးဒဏ်ကိုကာကွယ်နိုင်သည့် ဝတ်စားဆင်ယင်နေထိုင်တတ်မှုဖြင့်သာ ကျန်းမာနိုင်ပေမည်။ နွေခေါင်ခေါင်မြေခြောက်ခြောက်တွင် ပူလွန်းသည့်ဒဏ်ကို မခံနိုင်ဟုဆိုကာ အေးစေချင်သည့်ဆန္ဒဖြင့် ရေချိုးလိုက်မိပါက အခန့်မသင့်လျှင် ထိုသူသည် လေဖြတ်ခြင်း (သို့မဟုတ်) ဦးနှောက်သွေးကြောမျှင်များ ပျက်စီးကာ ဒုက္ခရောက်ဖို့များပါသည်။ အပူဓာတ် (ဥဏှတေဇော)သည် ခန္ဓာကိုယ်အတွင်း၌ လောင်ကျွမ်းသလို အအေးဓာတ် (သီတတေဇော)သည်လည်း လောင်ကျွမ်းနေပါသည်။ သာဓကအားဖြင့် ရေအိုးအောက်ရှိကရွတ်ခွေသည် အေးမြစိုစွတ်နေသော်လည်း ကြာလာသောအခါ အေးနေရင်းကဆွေးမြည့်ပျက်စီးသွားတတ်ပါသည်။ ထို့ကြောင့် လူသားတို့သည် ရာသီဥတုနှင့်လျော်ညီစွာနေထိုင်တတ်ကြမှသာ ကျန်းမာနိုင်မည်ဖြစ်သည်။

အာဟာရသည် လူသားတို့အသက်ရှင်နေထိုင်မှုအတွက် အဓိကအကျဆုံးပင်ဖြစ်သည်။ အစာအာဟာရမရှိဘဲ အသက်ရှင်မရပ်တည်နိုင်ခြင်းကြောင့် "သဗ္ဗေသတ္တာ အာဟာရတိဋ္ဌိကာ" ဟူသောစကားနှင့်အညီ ရုပ်ကိုအာဟာရစောင့်လျက်ရှိသည်။ ရုပ်ကိုအာဟာရစောင့်သည်ဆိုသော်လည်း ကျန်းမာရေးအသိနှင့်ယှဉ်၍ စားတတ်သောက်တတ် နေတတ်ထိုင်တတ်မှ ကျန်းမာနိုင်ပါမည်။ မိမိကျန်းမာရေးနှင့်ကိုက်ညီမည့်အစားအစာကိုသာ ရွေးချယ်စားသောက်တတ်ပြီး မိမိနှင့်မတည့်သော အစားအစာများကို ရှောင်ကြဉ်နိုင်ရပါမည်။ ဥပမာ-ဆီးချိုသွေးချို၊ သွေးတိုးရောဂါရှိသူများသည် အဆီဓာတ်များသော အစားအစာ၊ အချိုဓာတ်များသောအစားအစာများကို ရှောင်ကြဉ်နိုင်မှသာ တော်ရုံကျပေမည်။

ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့သည် လူသားတို့၏အသက်ရှင်သန်နေထိုင်မှုနှင့် ကျန်းမာရေးတို့ အခြေခံအကြောင်းတရားများဖြစ်သည်မှာ ထင်ရှားနေပါပြီ။ တတိယအရွယ်(သို့မဟုတ်) အသက်(၆၀)ကျော်ကာမှ ဇရာအရွယ်သို့ရောက်ကြသည်ဟု အများစုကထင်မှတ်ထားကြသည်။ တကယ်တော့ ဇရာဟူသော အိုမင်းရင့်ရော်ခြင်းသည် အသက်(၆၀) ကျော်လာမှရောက်လာခြင်း မဟုတ်ပါ။ ဇာတိဟူသော အမိဝမ်းတွင်း၌စတင်ပဋိသန္ဓေတည်ကတည်းကပင် ဇရာဟူသော အိုမင်းရင့်ရော်ခြင်းသဘောတရား၊ ဗျာဓိဟူသော နာခြင်းသဘောတရား၊ မရဏဟူသော သေခြင်းတရားတို့က အလိုအလျောက် တွယ်ကပ်ပါလာစမြဲပင်။

လူ့လောက၌ ဇရာအရွယ်သို့ရောက်လာကြသူများသည် တည်ငြိမ်ရင့်ကျက်သော၊ တင့်တယ်သောဘဝကို ဖော်ဆောင်လျက်ရှိသည်။ တွေးခေါ်ဆင်ခြင် ဝေဖန်ပိုင်းခြားမှုစွမ်းရည်ကြီးမားလှသော အရွယ်ဖြစ်စဉ် တတိယအရွယ်သည် ဘဝဆည်းဆာချိန်ခါပင်ဖြစ်သည်။ တတိယအရွယ်၏ ဘဝဆည်းဆာ ထိုချိန်ခါသည် နေတတ်ထိုင်တတ်ပြီး လူမှုပတ်ဝန်းကျင် (သို့မဟုတ်) လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားအတွက် တစ်နိုင်တစ်ပိုင် တိုင်ပင်ဖော်တိုင်ပင်ဖက်၊ အကြံပေးဖော်အကြံပေးဖက်ဖြစ်အောင် စွမ်းဆောင်နိုင်မည်ဆိုပါက အလွန်တန်ဖိုးကြီးမားလွန်းလှသောအရွယ်ပင်ဖြစ်သည်။ ကိုယ်ကျင့်သီလတရားနှင့်စပ်လျဉ်း၍ စံပြုရာ၊ ဒါနတရားနှင့်စပ်လျဉ်း၍ အဖော်ပြုရာ၊ ဘာဝနာတရားနှင့်စပ်လျဉ်း၍ သိုမှီးပွားများအားထုတ်ရာ အရွယ်လည်းဖြစ်၍ ကန်တော့ခံ၊ အရိုအသေခံ ဟူသော ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိ ဂုဏ်တို့နှင့်လည်း ပြည့်စုံနေပေသည်။

တတိယအရွယ်၌ သေမင်းကိုရင်မဆိုင်ဝံ့ခြင်းသည် များသောအားဖြင့် "အတ္တစွဲ" ဟုခေါ်သော "ငါစွဲ" အားကြီးလွန်းသောကြောင့်ဖြစ်၏။ ငါစွဲ၊ အတ္တစွဲသည် သဘာဝဓမ္မ၏ ဦးတည်ချက်နှင့် ဖီလာဖြစ်၏။ သဘာဝဓမ္မသည် ဖြစ်ပြီးလျှင် ပျက်ရသည့် သဘောတရားပင်ဖြစ်သည်။ မွေးဖွားခြင်းရှိနေ၍ သေဆုံးခြင်းရှိနေခြင်းပင်ဖြစ်သည်။ ပုဂ္ဂိုလ်စွဲ၊ ငါစွဲရှိနေသောကြောင့်သာ သေခြင်းတရားကို ကြောက်ရွံ့နေခြင်းပင်ဖြစ်၏။ အကယ်၍ လူသားတို့သည် မသေဘဲ အမြဲ

**အာဟာရသည် လူသားတို့ အသက်ရှင်နေထိုင်မှုအတွက် အဓိက အကျဆုံးပင်ဖြစ်သည်။ အစာအာဟာရမရှိဘဲ အသက်ရှင်မရပ်တည်နိုင်ခြင်းကြောင့် "သဗ္ဗေသတ္တာ အာဟာရတိဋ္ဌိကာ" ဟူသောစကားနှင့်အညီ ရုပ်ကို အာဟာရစောင့်လျက်ရှိသည်။**

ရှင်သန်နေပါက လူ့လောကကြီး၌ ကြီးပွားတိုးတက်ဖွံ့ဖြိုးမှုများ၊ ဆန်းသစ်မှုများ ရပ်ဆိုင်းသွားပြီး မျိုးဆက်သစ်များအတွက် နေရာရှိတော့မည်မဟုတ်ချေ။

လောက၌ ထာဝရတည်မြဲသော အတ္တဟူ၍မရှိပါ။ ရုပ်၊ နာမ်တရားတို့သည် ခဏမစဲ တဖွဲဖွဲဖြစ်ပေါ်ချုပ်ပျောက်နေကြောင်းကို သတိပဋ္ဌာန်တရားကို ဦးထိပ်ထား၍ ကာယနုပဿနာဖြစ်စေ၊ ဝေဒနာနုပဿနာဖြစ်စေ၊ စိတ္တာနုပဿနာဖြစ်စေ၊ ဓမ္မာနုပဿနာဖြစ်စေ တစ်နည်းနည်းဖြင့် ခန္ဓာကိုယ်ကို ဝိပဿနာရှုမှတ်နေလျှင် ပို၍သိနိုင်ပါသည်။ ကိုယ်တွေ့သိအောင် အားထုတ်စေလိုပါသည်။

စိတ်ပညာရှင်ကြီး ဖရွိုက်က "လူသားတို့တွင် ချစ်စိတ်နှင့် မုန်းစိတ်၊ နှိမ့်ချသော စိတ်နှင့် ထောင်လွှားလိုသောစိတ်၊ တစ်ကိုယ်ကောင်း အတ္တဟိတစိတ်နှင့် အများကောင်းကျိုးပြု ပရဟိတစိတ်၊ အပြုစိတ်နှင့် အဖျက်စိတ်စသော ဝိရောဓိ စေတသိက်များရှိသည့်နည်းတူ ဘဝကိုတွယ်တာမှု (ဘဝတဏှာ) နှင့် ဘဝကို ပြတ်စဲလိုမှု(ဝိဘဝတဏှာ)သည်ရှိနေ၏။ တစ်နည်းဆိုသော် လူသည် တစ်ဖက်က အသက်ရှင်နေလိုသည်နှင့်အမျှ အခြားတစ်ဖက်ကမူ ဘဝချုပ်ငြိမ်းမှုကို တောင့်တ၏" ဟု လူသားတို့၏မူလစိတ်ကို ရေးသားဖော်ပြသည်ကို တွေ့ရသည်။

"လောက"ဟူသောဝေါဟာရအဓိပ္ပာယ်မှုရင်းမှာ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောဖြစ်၍ အဖြစ်ရှိနေလျှင် အပျက်လည်းရှိနေမည်သာ ဖြစ်သည်။ မွေးဖွားခြင်းရှိနေလျှင် သေဆုံးခြင်းလည်း ရှိနေသည်။ ချီးမွမ်းခြင်းရှိနေလျှင် ကဲ့ရဲ့ခြင်းလည်းရှိနေမည်။ လိုအပ်သည်ကိုရသည်လည်း ရှိမည်။ မရသည်လည်း ရှိမည်။ ရသည်ကိုလည်း လိုချင်မှ လိုလားမည်။ မလိုအပ်သည်လည်း ရှိနေမည်။ ရွံမုန်းအပ်သူတို့နှင့်အတူနေရသည်လည်း ရှိမည်။ ချစ်အပ်သူတို့နှင့် ကွဲကွာနေရသည်လည်း ရှိမည်။ ဤသည်တို့ကား လောကဓံတရား (သို့မဟုတ်)လောက၏ နိယာမသဘောသဘာဝပင်ဖြစ်တော့သည်။

မရဏတရားကို ဟန့်တား၍ လုံးဝမရစေကာမူ ဇရာအရွယ်တွင် ဇရာတရားကို ပြုပြင်တားမြစ်၍ ရနိုင်ပါသည်။ ခိုင်လုံသော သာဓကတစ်ခုပြုရလျှင် အနန္တကျေးဇူးတော်ရှင်မြတ်ဗုဒ္ဓက "အချိန်အရွယ်ကျလျှင် အိုမင်းခြင်းတရားကို မအိုရအောင် ကြံဆောင်တားမြစ်ပြုပြင်ခြင်းမှာ တတ်နိုင်ကောင်းသည်သာတည်း" ဟု ဟောဖော်ညွှန်ပြထားတော်မူခဲ့သည်ကို သတိပြုမိပါသည်။ ထိုအချက်ကို ထောက်ရှုခြင်းဖြင့် မရဏဟူသောသေခြင်းတရားကို အပြီးတိုင်တားဆီးပိတ်ပင်ထားခြင်းမှာ မတတ်နိုင်စွမ်းစေကာမူ ဇရာတရားကို ဟန့်တားပြုပြင်၍ ရနိုင်ကြောင်း ထင်ရှားစွာတွေ့မြင်နိုင်မည် ဖြစ်ပေသည်။ ဇရာဘဝတွင် စိတ်ကိုဖြစ်စေ၊ ရုပ်ကိုဖြစ်စေ၊ ဆေးဝါးများဖြင့်ဖြစ်စေ ပြုပြင်၍ ကျန်းမာစွာ အသက်ရှင်နေထိုင်နိုင်ရေးဘဝကို ရယူနိုင်ပေသည်။

တစ်နည်းဆိုရပါက လူသားတို့၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာမှုအတွက် ကံ၊စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းလေးပါးနှင့် ညီညွတ်စွာနေထိုင်တတ်ရန် လိုအပ်လှသည်။ ပြုပြင်ဖန်တီးလုပ်ကိုင်စောင့်ရှောက်မှုကြောင့်ဖြစ်ပေါ်နေသော ကမ္မဇရုပ်၊ စိတ်ကြောင့်ဖြစ်ပေါ်ပြောင်းလဲနေသော စိတ္တဇရုပ်၊ ရာသီဥတုပြုပြင်ပြောင်းလဲဖြစ်ပေါ်မှုအနေအထားအရ ပြုပြင်ပြောင်းလဲဖြစ်ပေါ်နေသော ဥတုဇရုပ်၊ အစားအသောက်ကြောင့် ပြုပြင်ပြောင်းလဲဖြစ်ပေါ်နေသော အာဟာရဇရုပ်ဟူ၍ရှိရာ ထိုအကြောင်းတရားလေးပါးနှင့် ညီညွတ်မျှတစွာ ကျင့်ကြံနေထိုင်ပါက လူသားတို့၏ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာမှုအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

လူ့ခန္ဓာကိုယ်အတွင်းတစ်ကိုယ်လုံး နှလုံးသွေးကြောစီးဆင်းလည်ပတ်မှုမှာ တစ်နေ့လျှင် အကြိမ် ၁၀၀၀ ရှိသည်။ လူ့ဦးနှောက်နှင့် အာရုံကြောများအကြား အပြန်အလှန်လှုံ့ဆော်စေခိုင်းတုံ့ပြန်မှုများ၏ အမြန်နှုန်းမှာ တစ်နာရီလျှင် ၁၇၀ မိုင်နှုန်းမြန်ဆန်သည်။ လူ့ခန္ဓာကိုယ်အတွင်းရှိ အာရုံခံဆဲလ်များ(ဝါ)ကလာပ်စည်းများမှာ ပျမ်းမျှ ၁၀၀ ဘီလီယံရှိသည်။ ဇရာအရွယ်ရောက်လာသည်နှင့် ခန္ဓာကိုယ်အတွင်းရှိ လှုပ်ရှားမှုယန္တရားဖြစ်စဉ်များသည် အင်အားလျော့နည်းယိုယွင်းလာသည်။

သို့ရာတွင် "ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်"ဟူသော စကားနှင့်အညီ ရုပ်နှင့်စိတ်ကို ပြုပြင်၍နေတတ်လျှင် အသက်ရှည်ရာအနာမဲ့ကြောင်းဖြစ်လာသည်။ ဤအချက်ကို အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင် သက်တော်ထင်ရှားရှိခဲ့စဉ်က လက်တွေ့သက်သေပြတော်မူခဲ့သည်။ မြတ်ဗုဒ္ဓသည် ဝေဠုဝရွာ၌ သီတင်းသုံးတော်မူခဲ့စဉ် ပရိနိဗ္ဗာန်စံတော်မူလုနီးပါးမျှ ရောဂါဝေဒနာပြင်းထန်စွာခံစားနေရတော်မူခဲ့စဉ်က ထိုရောဂါဝေဒနာကို အာယုပါလကခေါ် သက်စောင့်သမာပတ်ကို ဝင်စားတော်မူခဲ့ခြင်းဖြင့် ဝေဒနာကို တားဆီးတော်မူခဲ့သည်။ ထိုအကျင့်ကို ရှင်အာနန္ဒာအား မိန့်ကြားတော်မူခဲ့ရာတွင် "ငါသည် အရွယ်တော်ယိုယွင်း၍ အိုမင်းလာပြီ၊ အသက်(၈၀) ရှိပြီဖြစ်၍ နောက်ဆုံးအရွယ်သို့ ရောက်လာပြီ၊ အိုသောလှည်းသည် ထိုထိုဤဤ နေရာများ၌ ဖွဲ့ချည်တုပ်နှောင်ထားနိုင်မှသာ သွားလာနိုင်သကဲ့သို့ ငါ၏ခန္ဓာကိုယ်သည် ဖလသမာပတ်တည်းဟူသော လွန်ကြိုးဖြင့်နှောင်ဖွဲ့ထားမှသာ ကျန်းမာလာ၏။ ထို့ကြောင့် သင်တို့သည် အားကိုးစရာ ဖလသမာပတ်ကို ရအောင်ကြိုးစားကုန်လော့"ဟု မိန့်တော်မူခဲ့ဖူးပါသည်။

ဤအချက်ကို ထောက်ရှုခြင်းဖြင့် လူသားတို့၏ အသက်ရှင်နေထိုင်နိုင်မှုဘဝသည် သင့်လျော်မျှတသော အစာအာဟာရကို မှီဝဲစားသုံးခြင်း၊ ရာသီဥတုနှင့် လိုက်ဖက်ညီစွာနေထိုင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာပြုပြင်ဖန်တီးခြင်းနှင့် တရားဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းအားထုတ်ခြင်းတို့ဖြင့် ပြုပြင်၍ရရှိနိုင်ကြောင်း အခိုင်အမာအထင်အရှား ပေါ်လွင်နေပါသည်။ အသက်ကို ဉာဏ်စောင့်ဆိုသည်မှာ ဤအချက်ကို ဆိုလိုခြင်းဖြစ်ပါသည်။

ဇရာအရွယ်တွင် အထူးနှလုံးသွင်းရန်မှာ တဏှာ၊ မာန၊ လောဘ၊ ဒေါသ၊ မောဟတို့၏အပြစ်၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများ၏ အကျိုးကျေးဇူး၊ လူ့ဘဝ၏ မမြဲမှု အစိုးမရမှု၊ လူတို့သည် အချင်းချင်း အမှီသဟဲ ပြုနေရစဉ် သတ္တဝါတစ်ဦး၏ ကံကြမ္မာနှင့်သတ္တဝါအများစု၏ ကံကြမ္မာ ဆက်စပ်နေမှုတို့ပင်ဖြစ်ကြသည်။ အမှန်တရားသည် ဇရာအရွယ်၌ အပေါ်ယံအမှတ်သညာမဟုတ်ဘဲ အသိအလိမ္မာပညာအတွက် အထောက်အကူဖြစ်စေရန် အသိနယ်ကို တိုးချဲ့ဆင်ခြင်သုံးသပ်ဖို့လိုအပ်၏။

ဘုရား၊ ရဟန္တာတို့သည်သာ သေခြင်းကို အလိုရှိပြီး ကျန်ပုဂ္ဂိုလ်များမှာ သေခြင်းတရားကို အလိုမရှိနိုင်သေးပေ။ ဤသည်မှာ အတ္တစွဲကြောင့်ပင်ဖြစ်သည်။ တတိယအရွယ်၌ ဘဝအခြေအနေကို သိသိသာသာပြောင်းလဲသလို ရှုထောင့်ကိုလည်း သိသိသာသာ ပြောင်းလဲဖို့လို၏။ စင်စစ် ရင့်အိုခြင်းသည် ပြောင်းလဲမှု အနိစ္စသဘောကို ပီပီပြင်ပြင်ဖော်ဆောင်ပေးသော ဘဝ၏ အစိတ်အပိုင်းဖြစ်စဉ်ပြောင်းလဲမှုသဘောကို မှန်ကန်စွာ သိရှိနားလည်အောင် ဆင်ခြင်သုံးသပ်ဖို့လိုအပ်၏။

လူသားသည် နုပျိုရာမှကြီးပြင်း၍ နောက်ဆုံးအိုမင်းရင့်ရော်လာခြင်းသည် အကြောင်းဘက်သို့ ရှေးရှုသည်မဟုတ်ဘဲ ဆုတ်ယုတ်ပျက်စီးသော ပြောင်းလဲမှုဖြစ်ခြင်းကြောင့် ယုံမှားစရာ လုံးဝမရှိချေ။ ဤသည်မှာ ပုဂ္ဂိုလ်၊ သတ္တဝါအစွဲဖြင့် ရရှိသောအမြင်ဖြစ်၍ သဘာဝဓမ္မအမြင်နှင့် လုံးဝမတူနိုင်ပါပေ။ သဘာဝဓမ္မသည် ပုဂ္ဂိုလ်သတ္တဝါအစွဲမရှိ။ လူသားမျိုးဆက်ရှင်သန်ကြီးပွားရန်အတွက် လူသည်မျိုးပွား၍ မိမိမျိုးနွယ်အကျိုးစီးပွားကို ဆောင်ရွက်ပြီးလျှင် အချိန်တန်သောအခါ ရင့်အိုရ၏။ ဇရာဘဝသို့ ကူးပြောင်းရောက်ရှိလာခြင်းသည် သဘာဝဓမ္မအမြင်အရ ကောင်းမွန်သောပြောင်းလဲခြင်းဖြစ်သည်ဟု ဆိုရပါမည်။

နှစ်စဉ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက အောက်တိုဘာ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အဖြစ် သတ်မှတ်၍ တစ်နှစ်ကြီးလျှင် တစ်နည်းသာဆိုသကဲ့သို့ သက်ကြီးရွယ်အိုများကို ဂုဏ်ပြုလေ့ရှိသည်ကို တွေ့ရသည်။ တကယ်တော့ မွေးခြင်းမှတ်တိုင်မှ သေခြင်းပန်းတိုင်အကြား မိမိတို့၏ အသက်ရှင်သန်နေထိုင်မှုဘဝတစ်လျှောက်လုံး လူဖြစ်ရကျိုးနပ် မနပ် ပြန်လည်ဆန်းစစ်သုံးသပ်ဖို့လိုအပ်ပါသည်။ ဘဝဆည်းဆာ ထိုချိန်ခါသည် လူ့ဘဝ၏အရင့်ကျက်ဆုံး၊ အတည်ငြိမ်ဆုံးကာလဖြစ်၍ အနေလည်းတတ်၊ အသေလည်းမြတ်အောင် ကျင့်ကြံနေထိုင်အားထုတ်သွားနိုင်ကြမှသာလျှင် လူ့ဘဝတွင် လူဖြစ်ရကျိုးနပ်နိုင်မည်ဖြစ်ပါကြောင်း အရေးထားလေးစားစွာဖြင့် ရေးသားတင်ပြလိုက်ပါသည်။ ။

ပြည်သူ့လွှတ်တော် အစည်းအဝေး

# မြန်မာနိုင်ငံ ဆက်သွယ်ရေးကော်မရှင် ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်နေ

**နေပြည်တော် စက်တင်ဘာ ၂၆**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ဂန့်ဂေါ မဲဆန္ဒနယ်မှ ဦးအောင်မြင့်၏ **"လယ်မဲ့ယာမဲ့လက်လုပ်လက်စားများအတွက် လယ်ယာမြေများ ဖော်ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ကျေးလက်နေ ပြည်သူလူထု၏ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် လယ်မဲ့ယာမဲ့များကို မြေလွတ်မြေရိုင်းများ၊ ရေနက်ကွင်းများနှင့် မြေနုကျွန်းများတွင် လယ်ယာမြေများ ဖော်ထုတ်၍ လည်းကောင်း၊ တောင်တန်းဒေသ ပြည်နယ်များတွင် ရွှေ့ပြောင်းတောင်ယာများကို လှေကားထစ်လယ်ယာမြေအဖြစ် ဖော်ထုတ်၍ လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် မြေယာစီမံခန့်ခွဲရေးအဖွဲ့များ၏ စီမံမှုဖြင့် ခွဲဝေချထားပေးလျက်ရှိပါကြောင်း၊ မိမိအစီအစဉ်ဖြင့် ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်လိုသူများက လျှောက်ထားလာပါက ဧက (၅၀)ထက် မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းစီမံခန့်ခွဲရေး အဖွဲ့များက လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း။



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်။

အစိုးရသစ်တာဝန်ယူသည့်အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် မုတ္တမပင်လယ်ကမ်းစပ်တွင် ကမ်းကောဖြစ်ပေါ်လာသည့် မြေလွတ်ဧက (၂၂၆၈) ဧကကို ဖော်ထုတ်၍ လည်းကောင်း၊ ကချင်ပြည်နယ် ပူတာအိုခရိုင်၌ မြေလွတ်၊မြေလပ်ဧက (၁၀၂၇) ဖော်ထုတ်၍ လည်းကောင်း၊ လှေကားထစ်လယ်ယာကို ချင်းပြည်နယ်တွင် (၁၀၃၅) ဧက၊ ရှမ်းပြည်နယ်တွင် (၁၁၆၀) ဧက၊ ကယားပြည်နယ်တွင် ဧက(၃၀၀)ဖော်ထုတ်၍လည်းကောင်း၊ လယ်မဲ့ယာမဲ့များအပါအဝင် ဒေသခံတောင်သူများကို လုပ်ပိုင်ခွင့်ချထားပေးခဲ့ပါကြောင်း။

အခြားတိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်နိုင်မည့် မြေရိုင်းများ၊ ရေနက်ကွင်းများ၊ မြေနုကျွန်းများ ရှိသော်လည်း ရန်ပုံငွေအခက်အခဲကြောင့် လယ်မဲ့ယာမဲ့များအတွက် ဖော်ထုတ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် ရန်ပုံငွေရရှိ၍ လယ်မဲ့ယာမဲ့ လက်လုပ်လက်စားများအတွက် လယ်ယာမြေ ဖော်ထုတ်ပေးရန် ဆောင်ရွက်သည့်အခါတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် စက်ယန္တရားနှင့် ကျွမ်းကျင်ဝန်ထမ်းများ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ရေးမဲဆန္ဒနယ်မှ ဒေါ်မြင့်သန်း၏ **"မြန်မာနိုင်ငံအတွင်း၌ နိုင်ငံခြားကုမ္ပဏီများမှ ဆက်သွယ်ရေးလုပ်ငန်းအတွက် လုပ်ကိုင်ဆောင်ရွက်ရာတွင် ပြဿနာများပေါ်လာပါက ဖြေရှင်းပေးရန်အတွက် ကော်မတီ/ ကော်မရှင်များ ဖွဲ့စည်းထားရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက ဆက်သွယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်သူအချင်းချင်း အငြင်းပွားမှုများ ပေါ်ပေါက်လာပါက ဆက်သွယ်ရေးဥပဒေ အခန်း (၁၄) ပုဒ်မ ၅၀၊ ၅၁ တို့အရ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့က တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပြီး အခြားပြဿနာများကိုလည်း တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။



ဂန့်ဂေါ
မဲဆန္ဒနယ်မှ
ဦးအောင်မြင့်။

ထို့အတူ ဆက်သွယ်ရေးဥပဒေ အခန်း(၁၉) အထွေထွေကဏ္ဍရှိပုဒ်မ ၇၄ တွင် ဖော်ပြပါ အမျိုးသားဆက်သွယ်ရေးအကြံပေး ကော်မတီကိုလည်းကောင်း၊ ပုဒ်မ ၈၆ တွင် ဖော်ပြထားသည့် မြန်မာနိုင်ငံဆက်သွယ်ရေး ကော်မရှင်ကိုလည်းကောင်း ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိနေပါကြောင်းနှင့် မကြာမီကာလတွင် အကောင်အထည်ပေါ်လာမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်က ဆွေးနွေးသည်။

ယင်းအစီရင်ခံစာကို သဘောတူလက်ခံရန် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးသန်းမြင့်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော် အစည်းအဝေး

# အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးရေးကိစ္စသည် ရေရှည်အကောင်အထည်ဖော် ဆောင်ရွက်ရမည့်ကိစ္စဖြစ်

**နေပြည်တော် စက်တင်ဘာ ၂၆**

အနည်းဆုံး အခကြေးငွေကို တွက်ချက်ရာတွင် အလုပ်သမားများနှင့် ၎င်းတို့၏မိသားစု လိုအပ်ချက်၊ လက်ရှိလုပ်ခ၊ ကုန်ဈေးနှုန်း အခြေအနေ၊ စားဝတ်နေရေးအတွက် ကုန်ကျစရိတ်နှင့် အဆိုပါ ကုန်ကျစရိတ်များ၏ ပြောင်းလဲချက်များနှင့် လိုက်လျောညီထွေရှိမည့် လူနေမှုဘဝအဆင့်အတန်းနှင့် တစ်ဦးချင်းဝင်ငွေ စသည်တို့ကို အဓိကထားထည့်သွင်းစဉ်းစားတွက်ချက်သွားမည် ဖြစ်ပါကြောင်းဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေး၌ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးညဏ်လင်း၏ **"အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး အကောင်အထည်ဖော်လျက်ရှိသည့် အခြေအနေနှင့် သတ်မှတ်ထုတ်ပြန်နိုင်မည့် မျှော်မှန်းကာလကို သိရှိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ထည့်သွင်းဖြေကြားခဲ့ပြီး သတ်မှတ်သင့်သော အဆိုပြုအနည်းဆုံးအခကြေးငွေကို အများပြည်သူသိရှိစေရန်နှင့် သဘောထားမှတ်ချက်များ ပေးနိုင်ရန် အတည်ပြုအနည်းဆုံးအခကြေးငွေ မထုတ်ပြန်မီရက်ပေါင်း ၆၀ ကြိုတင်၍ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် ဆွေးနွေးပွဲများ၊ အစည်းအဝေးများကျင်းပခြင်းနှင့် မေးခွန်းလွှာများဖြန့်ဝေ၍ စာရင်းများကောက်ယူခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ သုတေသနလုပ်ငန်းများမှ ရရှိလာသည့် ရလဒ်များနှင့် အလုပ်သမားများ လက်ရှိရရှိနေသည့် လုပ်ခလစာများကို နှိုင်းယှဉ်ပြီး အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရန် အဓိကကျသည့် နေထိုင်စားသောက်မှုစရိတ် တွက်ချက်နိုင်ရေး ဆွေးနွေးလျက်ရှိပါကြောင်း။

လုပ်ငန်းအမျိုးအစားအလိုက် မည်သို့သတ်မှတ်သင့်သည်ကို အလုပ်ရှင်နှင့် အလုပ်သမားများ၏ ဆွေးနွေးချက်ရလဒ်များ၊ သုတေသနရလဒ်များ၊ အာဆီယံနိုင်ငံများတွင် ကျင့်သုံးနေသည့် အနည်းဆုံး အခကြေးငွေ သတ်မှတ်မှုပုံစံများနှင့် ချိန်ထိုးနှိုင်းယှဉ်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးရေးကိစ္စသည် ရေရှည်အကောင်အထည်ဖော် ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ နေရာဒေသနှင့် အလုပ်အကိုင် အမျိုးအစားကွာခြားမှု၊ လူနေမှုစရိတ်ကွာခြားမှု စသည့် ထည့်သွင်းစဉ်းစားရမည့် အချက်များ များစွာရှိနေပါကြောင်း၊ နေရာဒေသအလိုက် လူနေမှုစရိတ်ကွာခြားခြင်း၊ အလုပ်အကိုင် အမျိုးအစားနှင့် အခြေခံကျွမ်းကျင်မှု ကွာခြားခြင်းတို့ကြောင့် အလုပ်သမားများ၏ လုပ်ခလစာသည် ကွာခြားမှုရှိနိုင်ပါကြောင်း။

မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးနိုင်ရန် ထည့်သွင်းစဉ်းစားရမည့် အခြေခံအချက် များစွာရှိနေသည့်အတွက် အဆိုပါအချက်များကို အပြည့်အစုံ ထည့်သွင်းစဉ်းစားတွက်ချက်ရန် အချိန်အတိုင်းအတာတစ်ခု လိုအပ်ပါကြောင်း၊



တပ်မတော်သား
ကိုယ်စားလှယ်
ဗိုလ်မှူးမြင့်စိန်။

နိုင်ငံတကာ၌လည်း အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးကိစ္စကို နှစ်ပေါင်းများစွာ လေ့လာစိစစ်ပြီးမှ ဆောင်ရွက်ခဲ့ပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် **"ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ လွှတ်တော်ဥက္ကဋ္ဌက ယင်းဆွေးနွေးချက်များနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးမြင့်စိန်က အခန်း ၁၁၊ ပုဒ်မ ၃၈ တွင် အဓိပ္ပာယ် ပိုမိုပြည့်စုံစေရန် "တပ်မတော်မှ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်အား ငှားရမ်းအသုံးပြုခြင်း၊ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်အရ ဆင့်ခေါ်၍ သာမန်အချိန် သို့မဟုတ် ၁၉၅၉ ခုနှစ် တပ်မတော် အက်ဥပဒေ ပုဒ်မ ၈ အရ တန်းပြည့်စစ်မှုထမ်းချိန်ဟူ၍ သတ်မှတ်ထားသည့် ကာလအတွင်း အသုံးပြုသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များပျက်စီးခြင်း၊ နစ်မြုပ်ခြင်းသည် သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းကြောင့်ဖြစ်ပါက ပျက်စီးဆုံးရှုံးမှုအတွက် အသုံးပြုသည့် တပ်မတော်မှ ပေးလျော်ရန်မလိုဘဲ အသုံးပြုသူ၏ ပေါ့ဆမှုကြောင့် ဖြစ်ပါက အသုံးပြုသည့် တပ်မတော်မှ မပျက်စီးမီ အခြေအနေအတိုင်း ပြန်လည်အပ်နှံရမည် သို့မဟုတ် ရေယာဉ်၏ ကာလတန်ဖိုးအတိုင်း ပေးလျော်ရမည်"ဟူ၍ ပြင်ဆင်ဖြည့်စွက်လိုကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။

အလားတူ တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးကိုကိုက သဘာဝပတ်ဝန်းကျင် မြစ်များ၊ ချောင်းများ ထိန်းသိမ်းတတ်စေရန် ရည်ရွယ်၍ "အဖွဲ့ပိုင်သင်္ဘောပေါ်တွင် ခရီးသွားလာနေစဉ် သို့မဟုတ် ရပ်နားနေစဉ် မြစ်ချောင်းများအတွင်း အမှိုက်သရိုက်နှင့် အညစ်အကြေးစွန့်ပစ်ခြင်းမပြုရ"ဟူသည့် ပုဒ်မခွဲအသစ် ထည့်သွင်းလိုပါကြောင်းဖြင့် ထည့်သွင်းဆွေးနွေးခဲ့သည်။



ဧရာဝတီတိုင်းဒေသကြီး
မဲဆန္ဒနယ်အမှတ်(၃)မှ
ဦးညဏ်လင်း။

**(သတင်းစဉ်)**

# မော်တော်ယာဉ်များ အကောက်ခွန်ရှင်းလင်းထုတ်ပေးမှု အခြေအနေ

**ရန်ကုန် စက်တင်ဘာ ၂၆**

အကောက်ခွန် ဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်အစားထိုးစီမံချက် အပါအဝင် ပြည်ပမှဝယ်ယူတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် လုပ်ငန်းလိုင်စင်စတင်ဆောင်ရွက်ခဲ့သည့် ၂၅-၁၀-၂၀၁၁ ရက်မှ ၂၄-၉-၂၀၁၄ ရက်အထိ ၃၅ လတာကာလအတွင်း အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ ၃၅၅၉၀၄ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် (CD) ၄၈၀၅၂၇ ဒသမ ၀၅ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန်(CT) ၄၇၇၉၁၄ ဒသမ ၂၀ ကျပ်သန်း စုစုပေါင်း ၉၅၈၄၄၁ ဒသမ ၂၅ ကျပ်သန်း ကောက်ခံရရှိပြီး ဖြစ်သည်။

အဆိုပါ အကောက်ခွန် (CD)နှင့် ကုန်သွယ်လုပ်ငန်းခွန် (CT)များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အိုယာဉ်ဟောင်းအစားထိုး လဲလှယ်ရေးစီမံချက်အတွက် ၉၁၁၉၈ စီး၊ ကားအရောင်းပြခန်းများအတွက် ၇၈၄၇၂ စီး၊ သင်္ဘောသားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၇၃၀၊ ပြည်ပနေအလုပ်လုပ်သူများပါမစ်ဖြင့်တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သံအမှုထမ်း ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာ ဝယ်ယူသူ ပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၈၀၂၅၂ စီးတို့ဖြစ်ကြောင်း သိရသည်။

**(ဝင်းလှိုင်)**

ပြည်တွင်းရေးရာ

# အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာအစည်းအဝေးများ ပုဂံမြို့တွင် ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံအာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီတွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဦးဆောင်ကာ အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှုထိန်းသိမ်းရေးကဏ္ဍ၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကဏ္ဍစသည်တို့ကို အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝင် ဝန်ကြီးဌာန ၁၀ ခုတို့မှ ပါဝင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများကို ဖိတ်ကြားကာ အာဆီယံနိုင်ငံအချင်းချင်း လူမှုရေး-ယဉ်ကျေးမှုဘုံသဘောတူညီချက်များအပေါ် ဆွေးနွေးသွားမည် ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက အာဆီယံနိုင်ငံအချင်းချင်း ရိုင်းပင်းကူညီရမည့်အချက်များအပေါ် ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ထို့ပြင် အာဆီယံဆိုင်ရာ အစည်းအဝေးများကို လက်ခံကျင်းပလျက်ရှိသော အိမ်ရှင်နိုင်ငံအနေဖြင့် ယဉ်ကျေးမှုဆိုင်ရာပြပွဲတစ်ခုကို ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ အောက်တိုဘာလတွင် ကျင်းပသွားရန်စီစဉ်ထားကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ယဉ်ကျေးမှုပဒေသာကပွဲများနှင့် တေးဂီတအဖွဲ့များပါ ပါဝင်ဖျော်ဖြေမည်ဖြစ်ကြောင်း၊ အာဆီယံနိုင်ငံများ၏ ရိုးရာအစားအစာနှင့် ရိုးရာအဝတ်အထည်များကို ဆိုင်ခန်းပေါင်း ၆၁ ခန်းဖြင့် ပြသရောင်းချသွားရန် စီစဉ်ထားကြောင်း စသည်ဖြင့် ပြောကြားသည်။

မြန်မာနိုင်ငံအာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အတွင်းရေးမှူး ဒေါ်နန္ဒာမွန်းက အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့်ပတ်သက်၍ "ရှေ့သို့တူညီ တက်လှမ်းချီ ငြိမ်းချမ်းဝေစည် အာဆီယံအသိုက်အဝန်းဆီ" ဟု ဆောင်ပုဒ်သတ်မှတ်ထားပြီး ၂၀၁၄ မေလတွင် ကျင်းပခဲ့သော အာဆီယံ အစည်းအဝေးမှ နေပြည်တော် ကြေညာစာတမ်းကို ထုတ်ပြန်နိုင်ခဲ့ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ဦးစားပေးသတ်မှတ်ထားသော ကဏ္ဍများတွင် လူမှုရေး-ယဉ်ကျေးမှုနှင့် ဆက်နွှယ်သောကဏ္ဍများမှာ အများဆုံးဖြစ်ကြောင်း၊ အာဆီယံလူမှုရေး၊ ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီ (ASCC) အနေဖြင့် ကျန်းမာရေး၊ ပညာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်များအခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ သာတူညီမျှရှိရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အာဆီယံဝိသေသလက္ခဏာပြည့်စုံရေး၊ ဆင်းရဲမှုလျှော့ချရေး စသည့်ကဏ္ဍတို့တွင် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံ အသိုက်အဝန်း ထူထောင်နိုင်ပြီးနောက် ဒေသတွင်းဆိုင်ရာ ငြိမ်းချမ်းရေးအတွက် စည်းလုံးညီညွတ်သော အာဆီယံ၊ တစ်ခုတည်းသော အာဆီယံအဖြစ် ဆက်လက်အကောင်အထည်ဖော်ရေးတို့ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်းစသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအရေးနှင့်ပတ်သက်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောနိုင်က ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရာတွင် သွားရောက်သည့် နိုင်ငံများ၏ ဥပဒေပါ အကျိုးခံစားခွင့်၊ ကာကွယ်စောင့်ရှောက်မှုများရရှိရေး၊ အလုပ်ရှင်များ၏ခေါင်းပုံဖြတ်မှုနှင့် လူကုန်ကူးမှုကိစ္စရပ်များ၊ အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ လုပ်ခလစာ အပြည့်အဝရရှိရေးတို့ကို အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနအနေဖြင့်သက်ဆိုင်ရာနိုင်ငံများ၏ သံရုံးများမှတစ်ဆင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းနှင့် ပတ်သက်၍ အာဆီယံ အလုပ်သမားဝန်ကြီးများ ပါဝင်သော အစည်းအဝေးများတွင် သဘောတူညီချက်များ ရရှိထားပြီဖြစ်ကြောင်းစသည်ဖြင့် ပြောကြားသည်။

ထို့နောက် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှု အသိုက်အဝန်းထူထောင်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ အခန်းကဏ္ဍများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အခန်းကဏ္ဍများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာသော သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

(၁၇)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိများအစည်းအဝေးနှင့် (၁၂) ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီဝန်ကြီးအဆင့် အစည်းအဝေးများကို စက်တင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ပုဂံမြို့တွင်ကျင်းပသွားမည်ဖြစ်ကာ အာဆီယံယဉ်ကျေးမှုပြပွဲ (၂၀၁၄) ကို အောက်တိုဘာ ၁ ရက်မှ ၂ ရက်အထိ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဂျာမနီနိုင်ငံ အခွန်စနစ်နှင့် ဘတ်ဂျက်လုပ်ငန်းစဉ်အကြောင်းနှင့်စပ်လျဉ်းသည့် နှီးနှောဖလှယ်ပွဲ အကြိုညစာစားပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၆**

ဂျာမနီနိုင်ငံ University of Wuerzburg မှ Prof.Dr.Hans Fehr ၏ "ဂျာမနီနိုင်ငံ အခွန်စနစ်နှင့် ဘတ်ဂျက်လုပ်ငန်းစဉ်" အကြောင်းနှင့်စပ်လျဉ်းသည့် နှီးနှောဖလှယ်ပွဲ အကြိုညစာစားပွဲအခမ်းအနားကို Hotel Max(နေပြည်တော်) ၌ ယနေ့ ည ၇ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၊ ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**





# (၁၁)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များညီလာခံ အောင်မြင်စွာပြီးဆုံးခြင်းအထိမ်းအမှတ် စုပေါင်းညစာစားပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံက ပထမဆုံးအကြိမ်လက်ခံကျင်းပသည့် (၁၁)ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များညီလာခံ (11th AACC) အောင်မြင်စွာပြီးဆုံးခြင်း အထိမ်းအမှတ်စုပေါင်းညစာစားပွဲအခမ်းအနားကို နေပြည်တော် သင်္ဂဟဟိုတယ် Grand Ball Room (A) ၌ စက်တင်ဘာ ၂၅ ရက် ညပိုင်း ကျင်းပခဲ့သည်။

အဆိုပါဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့်ဇနီး၊ အာဆီယံနိုင်ငံများမှ လေတပ်ဦးစီးချုပ်များနှင့်ဇနီးများ၊ တပ်မတော်(လေ)မှအရာရှိကြီးများ၊ လေတပ်စခန်းဌာနချုပ်မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(မြဝတီ)**

# ချယ်လ်ဆီးဘောလုံးအသင်း နည်းပြများ သတင်းစာရှင်းလင်း

**ရန်ကုန် စက်တင်ဘာ ၂၆**

မြန်မာလူငယ်များဘောလုံးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် English Premier League ထိပ်သီးကလပ်အသင်းတစ်သင်းဖြစ်သည့် ချယ်လ်ဆီးဘောလုံးအသင်းမှ အာရှ-ပစိဖိတ်ရှိ Chelsea Football Club ၏ Managing Director Adrian New၊ ကမ္ဘာ့ဘောလုံးအသင်း တိုးတက်အောင်မြင်ရေးအရာရှိ(နည်းပြ) Chris Aaron James Woodward နှင့် ကမ္ဘာ့ဘောလုံးနည်းပညာပံ့ပိုးရေး အရာရှိ(နည်းပြ) Adrew Patrick Ottley တို့သည် စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီခန့်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြောင်း သိရသည်။

ထို့နောက် နံနက် ၁၁ နာရီတွင် အင်းလျားလိတ်ဟိုတယ်၌ စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်ရာ "ကျွန်တော်တို့အားလုံး ဘောလုံးအားကစားကို ချစ်မြတ်နိုးကြပါတယ်၊ ဒီလို ကြီးကျယ်ခမ်းနားတဲ့ ချယ်လ်ဆီးလို ဘောလုံးအသင်းမျိုးနဲ့ အကျိုးတူပူးပေါင်း၍ မြန်မာ လူငယ်များ ဘောလုံးနည်းပညာ တိုးတက်ရေးအတွက် အခွင့်အလမ်းများ ယူဆောင်ခွင့်ရတဲ့အတွက် ဝမ်းမြောက် ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့နိုင်ငံမှ လူငယ်များကလည်း နောင်တစ်ချိန်မှာ ချယ်လ်ဆီးအသင်းရဲ့ ကြယ်ပွင့်များဖြစ်သော Oscar၊ Hazard၊ John Terry တို့ကဲ့သို့ ဖြစ်လာစေဖို့လည်း မျှော်လင့်မိပါတယ်" ဟု IBTC မှ Executive Director ဦးတင်ဦးက ပြောကြားသည်။




မြန်မာဘောလုံးဝါသနာရှင်လူငယ်များအတွက် သုံးရက်တာဘောလုံးနည်းပညာစနစ်များနှင့် ပျော်ရွှင်စရာများကို ပေးစွမ်းနိုင်ရန်အတွက် IBTC Group က ချယ်လ်ဆီးဘောလုံးအသင်းမှ နည်းပြများကို စက်တင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ဖိတ်ခေါ်ခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးအားကစားကွင်း (မြက်ခင်းတုကွင်း)၌ ချယ်လ်ဆီးဘောလုံးအသင်းမှ နည်းပြများက မြန်မာတက်သစ်စဘောလုံးဝါသနာရှင်လူငယ်များအား ဘောလုံးနည်းစနစ်များ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ခင်မောင်ဝင်း(ကြေးမုံ)**
**ဓာတ်ပုံ - စိုးညွန့်**

## ဘုရင့်နောင်တံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်း ရေလမ်းကြောင်းအထူးသတိပေးနှိုးဆော်ချက်

ဘုရင့်နောင်တံတားအမှတ် (၂)တည်ဆောက်ရေးစီမံကိန်း ပင်မတံတား ရေလယ်ခန်း(၃)ခန်းရှိသည့်အနက် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ ဝဲ/ယာရေလမ်းကြောင်းနှစ်ခုအား ဖွင့်လှစ်ပြီး ရေလယ်ခန်းအား ဆက်လက်ပိတ်ထားမည်ဖြစ်ပါသည်။ ပြန်ဖွင့်မည့်ရက်အား ထပ်မံကြေညာသွားပါမည်။ သို့ဖြစ်ပါ၍ လှိုင်မြစ်အတွင်းသွားလာနေသော ရေယာဉ်များအားလုံး ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ ရန်ကုန်မှ အောင်ဇေယျကြိုးတံတားဘက်သွားမည့် ရေယာဉ်များသည် ဘုရင့်နောင်ဘက်ကမ်း RP2 နှင့် RP3 အကြားမှလည်းကောင်း၊ အောင်ဇေယျကြိုးတံတားမှ ရန်ကုန်ဘက်သွားမည့် ရေယာဉ်များသည် လှိုင်သာယာဘက်ကမ်း RP4 နှင့် RP 5 အကြားမှလည်းကောင်း ဖြတ်သန်းမောင်းနှင်ခွင့်ပြုကြောင်းနှင့် အောက်ပါစည်းကမ်းချက်များအား လိုက်နာကြပါရန် သတိပေးနှိုးဆော်ပါသည်-

(၁) ရေယာဉ်အားလုံး နံနက် (၆း၀၀)နာရီမှ ညနေ (၆း၀၀)နာရီအတွင်းသာ ဖြတ်သန်းမောင်းနှင်ခွင့်ပြုမည်။
(၂) ကုန်တင်ဆောင်ထားသော (ဝန်လေး)ရေယာဉ်အားလုံး ရေအဆန်သာ ဖြတ်သန်းမောင်းနှင်ရန်နှင့် ရေစုန်ဖြတ်သန်းခွင့်မပြု။
(၃) ကုန်မပါ(ဝန်ပေါ့)ရေယာဉ်များ ရေအစုန်/အဆန် ဖြတ်သန်းခွင့်ပြုသည်။
(၄) တွဲဆွဲ/တွဲတွန်းရေယာဉ်များ (၁)တွဲဖြင့်သာ ဖြတ်သန်းခွင့်ပြုပါမည်။
(၅) အထက်ပါစည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

ပြည်တွင်းရေးရာ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ အား ဂျပန်အစိုးရအဖွဲ့ အတွင်းဝန်ချုပ်က ညစာဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော်  စက်တင်ဘာ ၂၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား စက်တင်ဘာ ၂၆ ရက် ဒေသစံတော်ချိန် ည ၇ နာရီတွင် တိုကျိုမြို့ရှိ State Guest House ၌ ဂျပန်အစိုးရအဖွဲ့အတွင်းဝန်ချုပ် Mr.Yoshihede SUGA က ညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာ့ တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဂျပန်ဘက်မှ အစိုးရအဖွဲ့အတွင်းဝန်ချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဂျပန်အစိုးရအဖွဲ့ အတွင်းဝန်ချုပ်တို့သည် အဖွဲ့ဝင်များ နှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာ သုံးဆောင်စဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဆက်ဆံရေး တိုးမြှင့်လုပ်ဆောင်ရန် ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန် ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ညစာသုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဂျပန်အစိုးရအဖွဲ့အတွင်းဝန်ချုပ်တို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိ သည်။ **(အပေါ်ပုံ)**

**(မြဝတီ)**

## တပ်မတော်မှ

ဂျပန်နိုင်ငံသို့ ပထမဦးဆုံးချစ်ကြည်ရေး အလည်အပတ်ခရီးလာရောက်ရ၍ ဂုဏ်ယူကြောင်း၊ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ဗိုလ်ချုပ်အောင်ဆန်းသည် Hamamatsu မြို့သို့ လာရောက်၍ ရဲဘော်သုံးကျိပ်စစ်ပညာ သင်ကြားနိုင်ရေးအတွက် ဗိုလ်မှူးကြီးဆူဇူကီးနှင့် အဆက်အသွယ်ရရှိခဲ့သောနေရာ ဖြစ်သောကြောင့် မြန်မာ့တပ်မတော်၏ စတင်သန္ဓေတည်ရာသမိုင်းဝင် မြို့တစ်မြို့ ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာ့လေတပ်မတော်မှ သင်တန်းသားများ စတင် သင်တန်းတက်ရောက်ခဲ့သည့် သင်တန်းကျောင်းကို ယခုရောက်ရှိလေ့လာခွင့် ရရှိသဖြင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ် ဆက်ဆံရေးအတွက် အားသစ်လောင်းသည့် ခရီးစဉ်ဖြစ်ကြောင်း ပြောကြားသည်။

Air Training Command ၏ Chief of Staff ဖြစ်သူ Major General Shinichi TSURUDA က ယခုနှစ်သည် ဂျပန်လေကြောင်းကိုယ်ပိုင်ကာကွယ် ရေးတပ်ဖွဲ့ စတင်ဖွဲ့စည်းသည့် နှစ်(၆၀)ပြည့်နှစ်ဖြစ်သည့်အပြင် ဂျပန်-မြန်မာ သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့်မြောက်သည့်နှစ်လည်း ဖြစ်သည့်အတွက် အလွန်ထူးခြားသော နှစ်တစ်နှစ်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ထူးခြားသောနှစ်တွင် မြန်မာ့တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဂျပန် နိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်လာရောက်ခဲ့သဖြင့် အလွန်အဓိပ္ပာယ် ပြည့်ဝကြောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးကို တိုးမြှင့် ဆောင်ရွက်နိုင်ရန် မျှော်လင့်ဆုတောင်းကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် Hamamatsu မြို့ လေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့အတွင်း ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား Hamamatsu မြို့ လေကြောင်းကိုယ်ပိုင်ကာကွယ်ရေး တပ်ဖွဲ့ ဧည့်ရိပ်သာ၌ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ် General Shigeru IWASAKI နှင့် ဇနီးတို့က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ သည်။ ထိုနေ့လယ်စာစားပွဲသို့ ဗိုလ်မှူးကြီးဆူဇူကီး၏ သမီးလတ် Mrs. Ishibashi HIROKO၊ သမီးငယ် Mrs.Nobuko KINPARA နှင့် ခင်ပွန်း Mr.Iichi KIMPARA တို့ တက်ရောက်ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့သည် Hamamatsu မြို့ Okusa Yama တောင်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက ဂျပန်-မြန်မာအထိမ်းအမှတ်ကျောက်တိုင်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်ဇနီးတို့သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့စစ်ဦးစီးချုပ် General Shigeru IWASAKI နှင့် ဇနီးတို့နှင့်အတူ ဂျပန်-မြန်မာချစ်ကြည်ရေးအထိမ်း အမှတ်ကျောက်တိုင်၌ ပန်းစည်းချဂုဏ်ပြုသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂျပန်-မြန်မာချစ်ကြည်ရေး နှင့် ပတ်သက်၍ အမှာစကားပြောကြားရာတွင် ယခုနှစ်သည် မြန်မာ့လွတ်လပ် ရေးကြိုးပမ်းမှုအတွက် တပ်မတော်တစ်ရပ်ဖွဲ့စည်းနိုင်ရန် ဗိုလ်ချုပ်အောင်ဆန်း သည်၏ Hamamatsu မြို့သို့ ရောက်ရှိ၍ ဗိုလ်မှူးကြီးဆူဇူကီးနှင့် ဆက်သွယ်ဆောင် ရွက်ခဲ့သော (၇၅)နှစ်မြောက်စိန်ရတုနှစ်ဖြစ်ကြောင်း၊ ဤနေရာသည် မြန်မာ့ တပ်မတော်စတင်သန္ဓေတည်ရာနေရာဟု ပြောကြားနိုင်ကြောင်း၊ မြန်မာ့ တပ်မတော်၏ ပထမမျိုးဆက်အနေဖြင့် ဂျပန်နိုင်ငံ၌ သင်ကြားခဲ့သော စစ်ပညာ ဖြင့် လွတ်လပ်ရေးရရှိအောင် တိုက်ပွဲဝင်နိုင်ခဲ့ကြောင်း၊ ယခုမိမိတို့ ဒုတိယမျိုးဆက် အနေဖြင့်လည်း နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုအားကောင်းလာစေရန် အားသစ်လောင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် Okusa Yama တောင် Organ Museum သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗိုလ်မှူးကြီး ဆူဇူကီး၏အုတ်ဂူရှိရာ Hunji Temple ဗုဒ္ဓဘာသာဘုရားကျောင်း သို့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ရောက်ရှိရာ ကျောင်းထိုင် မဟာယနဘုန်းတော်ကြီးက ကြိုဆို၍ ဆုတောင်းဝတ်ပြုခဲ့သည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က Hunji Temple ဗုဒ္ဓဘာသာ ဘုရားကျောင်းသို့ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်တစ်ဆူအား ပေးအပ်လှူဒါန်းသည်။ ၎င်းနောက် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဗိုလ်မှူးကြီးဆူဇူကီး အုတ်ဂူသို့ သွားရောက်၍ ဂါရဝပြုပန်းခွေချ အလေးပြုကြပြီး လွတ်လပ်ရေးကြိုးပမ်းမှုကာလ တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ ခေတ္တတည်းခိုနေထိုင်ခဲ့သော Hamamatsu မြို့ရှိ ဗိုလ်မှူးကြီးဆူဇူကီးနေအိမ်သို့ သွားရောက်လေ့လာခဲ့ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် Hamamatsu မြို့မှ Shinkansen ကျည်ဆန်ရထားဖြင့် ပြန်လည်ထွက်ခွာလာရာ တိုကျိုမြို့သို့ ညနေ ၅ နာရီ မိနစ် ၄၀ တွင် ပြန်လည်ရောက်ရှိကြောင်း သတင်း ရရှိသည်။

**(မြဝတီ)**

## ကျောဖုံးမှ



ထို့နောက် ပြည်ထောင်စုငြိမ်းချမ်း ရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ယနေ့ထုတ်ပြန် ကြေညာချက်မှာ ပါဝင်သည့်အတိုင်း မိမိတို့အနေဖြင့် (၇)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲများကို ဆက်လက် ကျင်းပသွားရမှာဖြစ်ကြောင်း၊ ကြား ကာလများတွင်လည်း အလုပ်အဖွဲ့ အချင်းချင်း တွေ့ဆုံဆွေးနွေးမှုများ၊ အလွတ်သဘောတွေ့ဆုံဆွေးနွေးမှု များကိုလည်း ကြိုတင်ပြင်ဆင်မှုများ အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း၊ မိမိအနေဖြင့် (၇)ကြိမ်မြောက် ပြုလုပ်မည့် ဆွေးနွေးပွဲတွင် တစ်နိုင်ငံ လုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက် မှုရပ်စဲရေး သဘောတူညီချက်အတွက် အပြီးသတ်သဘောတူညီမှုများ ရရှိ နိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးသည့် ယဉ်ကျေးမှုခိုင်မာလာခြင်းသည် လက် နက်ကိုင်အကြမ်းဖက်မှုများပပျောက် စေရန် အကောင်းဆုံးနည်းလမ်းဟု ခံယူပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူလူထုအပေါ်တွင် နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန် ထားရှိသည့် ငြိမ်းချမ်းရေး ကတိကဝတ်များကို ကျေပွန်စွာအစဉ်ကြိုးပမ်းဆောင်ရွက် နေပါကြောင်းဖြင့် နှုတ်ခွန်းဆက် အမှာ စကားပြောကြားခဲ့သည်။

ယင်းနောက် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းမှု ကော်မတီ(NCCT) အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာက ပန်းတိုင်နီးလေ အခက် အခဲဖြစ်ပေါ်လေ့ရှိရာ ပန်းတိုင်သို့ အတော်နီးလာပြီဖြစ်သည့်အတွက် အခက်အခဲများ ဖြတ်ကျော်ရမည် ဖြစ် ကြောင်း၊ အားလုံးက သန္နိဋ္ဌာန်ချပြီး ကြိုးပမ်းနေသည်ကို မိဘပြည်သူများ ကို အသိပေးစေချင်ပါကြောင်း၊ မီဒီယာ အဖွဲ့ကလည်း တင်ပြပေးစေလိုပါ ကြောင်းဖြင့် ပြောကြားပြီး ဆွေးနွေးပွဲ ကိုရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**

**ဆဋ္ဌမအကြိမ်မြောက် တစ်ခုတည်းသောမူကြမ်းဖြစ်မြောက်ရေး ညှိနှိုင်း ဆွေးနွေးပွဲ ပဥ္စမနေ့ကျင်းပစဉ်။** (သတင်းစဉ်)

## ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်

**၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့**

**ရန်ကုန်မြို့**

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ၏ ကိုယ်စားလှယ်အဖွဲ့နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့တို့သည် တစ်နိုင်ငံ လုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲနိုင်ရေးအတွက် သဘောတူစာချုပ်မူကြမ်းအပေါ် ညှိနှိုင်းဆွေးနွေးခြင်းကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာနတွင် ပြုလုပ်ခဲ့ပါသည်။

၂။ နှစ်ဖက်ကိုယ်စားလှယ်များသည် ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့အထိ ယခင်ပြုလုပ်ခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲမှ ကျန်ရှိနေသည့် အချက်များကို ဆက်လက်ဆွေးနွေးညှိနှိုင်းရာတွင် တစ်ဖက်နှင့်တစ်ဖက်အကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများနှင့် သဘောတူညီမှုများ ပိုမိုရရှိခဲ့ပါ သည်။ ဤဆွေးနွေးပွဲမှ တစ်နိုင်လုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူ စာချုပ်(စတုတ္ထမူကြမ်း)ကို အတည်ပြုနိုင်ခဲ့ပါသည်။

၃။ နောက်တစ်ကြိမ် ဆွေးနွေးပွဲကို အောက်တိုဘာလအတွင်း ထပ်မံကျင်းပ ရန်နှင့် ကျင်းပမည့်ရက်ကို နှစ်ဖက်ခေါင်းဆောင်များမှ ညှိနှိုင်းရန် သဘောတူ ကြပါသည်။

၄။ ဤဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် နှစ်ဖက်ကိုယ်စားလှယ်များသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အမြန်ဆုံး ချုပ်ဆို နိုင်ရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို အမြန်ဆုံးကျင်းပကာ ရေရှည် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်သွား မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

## ဇေယျာရွှေမြေမှ

၁၇ မိနစ်တွင် စိုးသူရိန်ထွန်းက နေပြည်တော်အတွက် ဂိုးစတင်သွင်းယူခဲ့ သော်လည်း ဇေယျာရွှေမြေအတွက် ၁၉ မိနစ်တွင် အောင်မျိုးလွင်က ချေပဂိုး၊ ၂၉ မိနစ်တွင် မာတင်က ဒုတိယဂိုးတို့ သွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် စိုးသူ ရိန်ထွန်းက နေပြည်တော်အတွက် ချေပဂိုးပြန်သွင်းခဲ့ပြီး ၅၅ မိနစ်တွင် သန့်ဇော် ဟိန်းက တတိယဂိုးသွင်းယူခဲ့သည်။ ဇေယျာရွှေမြေအသင်းအား သရေတစ်မှတ် ရစေမည့် ချေပဂိုးကို ၆၄ မိနစ်တွင် မာတင်က သွင်းယူခဲ့သည်။

ယနေ့ပွဲ

(သုဝဏ္ဏကွင်း) **ချင်း-ရောဝတီ**

(အောင်ဆန်းကွင်း) **ဇွဲကပင်-ကမ္ဘောဇ**

**သတင်းနှင့် ဓာတ်ပုံ**
**ရှိုင်းထက်ဇော်**

# ပြည်တွင်းရေးရာ

❖ **ရခိုင်ပြည်နယ်မှ**

**မေး။ ရခိုင်ပြည်နယ်အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရဲ့ ဆောင်ရွက်မှုတွေကို သိလိုပါတယ်ခင်ဗျာ။**

ဖြေ။ ရခိုင်ပြည်နယ်အတွင်း ပဋိပက္ခဖြစ်စဉ်တွေ ဖြစ်ပွားပြီးနောက်ပိုင်း ကယ်ဆယ်ရေးစခန်း ၄၈ ခုကို နိုင်ငံတကာက သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းတွေနဲ့အညီ နေရာချထားပေးလျက်ရှိပါတယ်။ သဘာဝဘေးအန္တရာယ်ကြောင့် အတိဒုက္ခရောက်နေတဲ့သူတွေကို လတ်တလောသက်သာချောင်ချိရေးရစေဖို့အတွက် အထောက်အပံ့ပေးဖို့နဲ့ အသက်အိုးအိမ်ပစ္စည်းတွေ ဆုံးရှုံးမှုလျော့နည်းအောင် ကြိုတင်စီမံဆောင်ရွက်ပေးစရာတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ နိုင်ငံတကာက ဘယ်လိုအဖွဲ့အစည်းတွေနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်ထားတယ်ဆိုတာကိုလည်း သိပါရစေ။**

ဖြေ။ ရခိုင်ပြည်နယ်အတွင်းမှာ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းပေါင်း ၂၃ ဖွဲ့ရှိပြီး ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးဆောင်ရွက်နေတဲ့ အဖွဲ့အစည်း ခြောက်ဖွဲ့ရှိပါတယ်။ အဲဒီ အဖွဲ့တွေကတော့ Denish Refugee Council (DRC), OXFAM, Solidarites International, Malteser International, Asia Disater Prepareness Center, International Rescue Committee အဖွဲ့တွေဖြစ်ပြီး မြေပုံမြို့နယ်၊ ပေါက်တောမြို့နယ်နဲ့ စစ်တွေမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ မင်းပြားမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ရသေ့တောင်မြို့နယ်တွေမှာ ရေငန်တားတမံတည်ဆောက်ပေးခြင်း၊ တန်ဖိုးနည်းအိမ်ရာဆောက်လုပ်ပေးခြင်း၊ ငါးဖမ်းပိုက်၊ လှေ၊ ငါးလှန်းစင်တွေ၊ မျိုးစပါးတွေ၊ စိုက်ပျိုးရေးသုံးပစ္စည်းတွေထောက်ပံ့ပေးခြင်း၊ ရေကောင်းရေသန့်တွေ ပေးဝေခြင်းနဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အသိပညာပေးခြင်းလုပ်ငန်းတွေ၊ သင်တန်းတွေ ဆောင်ရွက်ပေးနေပြီး Community Building တွေနဲ့ အိမ်သာတွေ တည်ဆောက်ပေးခြင်း၊ ကျောင်းတွေပြင်ဆင်ပေးခြင်း၊ ဆိုလာမီးအိမ်၊ မီးစက်ထောက်ပံ့ပေးခြင်း စတာတွေအပြင် အရေးပေါ်အကူအညီပေးခြင်းနဲ့ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်။

**မေး။ သဘာဝဘေးအန္တရာယ်တွေအတွက် ဘယ်လိုကြိုတင်ပြင်ဆင်ဆောင်ရွက်ပါသလဲ။**

ဖြေ။ ကြိုတင်ပြင်ဆောင်ရွက်တဲ့အနေနဲ့ ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးကို အိမ်ထောင်စု ၄၀၀၀ စာအတွက် ကျွန်တော်တို့ ရခိုင်ပြည်နယ်ဦးစီးဌာနမှူးရုံး သိုလှောင်ရုံနဲ့ အိမ်ထောင်စု ၁၀၀၀ စာအတွက် ကျောက်ဖြူခရိုင်ဦးစီးဌာနမှူးရုံး သိုလှောင်ရုံမှာ ကြိုတင်စုဆောင်းထားရှိပါတယ်။

ကြိုတင်ကာကွယ်ရေးအတွက် မြေပုံမြို့နယ် လွန်းလုံးပိုက်ကျေးရွာနဲ့ ပေါက်တောမြို့နယ် သာစည်ကုန်းကျေးရွာတွေမှာ မုန်တိုင်းဒဏ်ခံအဆောက်အအုံ နှစ်လုံးဆောက်လုပ်နေတာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ နောက်ပြီး စစ်တွေ၊ ပေါက်တော၊ မင်းပြား၊ မြေပုံ၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ ဂွမြို့နယ်တွေမှာရှိတဲ့ ကျေးရွာရှစ်ရွာမှာလည်း သာမန်အချိန်မှာ ဘက်စုံသုံးအဆောက်အအုံအဖြစ် အသုံးပြုနိုင်ပြီး အရေးပေါ်အခြေအနေမှာ မုန်တိုင်းဒဏ်ခံအဆောက်အအုံအဖြစ် အသုံးပြုနိုင်ဖို့ Multi Purpose Shelter ရှစ်လုံး တည်ဆောက်နိုင်ဖို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ တင်ပြတောင်းခံသွားပါမယ်။

သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းနဲ့ပတ်သက်လို့ အလုပ်ရုံဆွေးနွေးပွဲတွေ၊ စွမ်းဆောင်ရည်မြှင့်သင်တန်းတွေ၊ ဟောပြောပွဲတွေကို ကျေးရွာအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ထားရှိပါတယ်။

**မေး။ အဲဒီကယ်ဆယ်ရေးပစ္စည်းကိုးမျိုးဆိုတာ ဘာတွေလဲခင်ဗျာ။**

ဖြေ။ ကယ်ဆယ်ရေးပစ္စည်းတွေကတော့ ကျားဝတ်လုံချည်တစ်ထည်၊ မဝတ်လုံချည်တစ်ထည်၊ စောင်တစ်ထည်၊ မျက်နှာသုတ်ပဝါတစ်ထည်၊ ဒန်အိုးတစ်လုံး၊ ဇလုံတစ်လုံး၊ တီရှပ်နှစ်ထည်၊ ကာဘော်လစ်ဆပ်ပြာတစ်တောင့်နဲ့ နှစ်ယောက်အိပ်ခြင်ထောင် တစ်လုံးဖြစ်ပါတယ်။

**မေး။ ရခိုင်ပြည်နယ်အတွင်းမှာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ဘယ်လိုဆက်လက်ဆောင်ရွက်သွားမှာလဲခင်ဗျာ။**

ဖြေ။ လေပြင်းတိုက်ခတ်မှုတွေ၊ ဆိုင်ကလုန်းမုန်တိုင်းတွေနဲ့ ရေကြီးမှုတွေအတွက် ကြိုတင်သတိပေးနိုင်မယ့် စနစ်တစ်ရပ်ထူထောင်နိုင်ရေးအတွက် ကျွန်တော်တို့ဌာနဆိုင်ရာတွေနဲ့ JICA အဖွဲ့ ပူးပေါင်းပြီး End to End Early Warning System ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ ရခိုင်ပြည်နယ်အတွင်းမှာ Pilot မြို့နယ်တွေ ရွေးချယ်ဆောင်ရွက်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီး နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး သက်ဆိုင်ရာ ဌာနဝန်ထမ်းတွေနဲ့ ရပ်မိရပ်ဖတွေကို ပုံမှန်သင်တန်းတွေ၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်သင်တန်းတွေ၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေးစေတနာ့ဝန်ထမ်းလူငယ် သင်တန်းတွေဖွင့်လှစ်ပြီး ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ဆွေးနွေးဟောပြောပွဲတွေ ဆောင်ရွက်သွားမှာပါ။ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းတွေနဲ့ အသက်မွေးဝမ်းကျောင်း မပြုလုပ်တဲ့သူတွေအတွက် သုံးဘီးဆိုင်ကယ်နဲ့ ဆိုက်ကားတွေထောက်ပံ့ပေးနိုင်ဖို့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို တင်ပြပြီး ပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နောက်ပြီး အိမ်တွင်းသက်မွေးအတတ်ပညာသင်ကျောင်း(စစ်တွေ) ဆောက်လုပ်ပြီးသင်တန်းများဖွင့်လှစ်ပို့ချနိုင်ရေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

# ကြည့်မြင်တိုင် တိုက်တန်းလျား၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန်　စက်တင်ဘာ　၂၆**



ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဈေးကလေးရပ်ကွက် ထီးတန်းတိုက်တန်းလျားရှိ တိုက်(၅) အခန်း(၁၀၆) တွင် ယနေ့ညနေ ၆ နာရီ ၁၀ မိနစ်က မီးလောင်ကျွမ်းမှုတစ်ခု ဖြစ်ပွားခဲ့သည်။

ထိုမီးလောင်ကျွမ်းမှုကြောင့် သုံးလွှာနှင့် လေးလွှာတို့တွင် အခန်းများ မီးလောင်ကျွမ်းခဲ့ပြီး မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းအသီးသီးမှ မီးငြိမ်းသတ်ယာဉ်များဖြင့် အလျင်အမြန်ငြိမ်းသတ်လုပ်ဆောင်နိုင်မှုကြောင့် ညနေ ၆ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။**(ယာပုံ)**

"မီးသတ်ယာဉ်စီးရေ ၂၀ လောက်တော့ရှိတယ်၊ လောလောဆယ်တော့ စာရင်းကောက်နေကြတုန်းပဲ၊ ဘာကြောင့် လောင်သလဲဆိုတာကိုလည်း သက်ဆိုင်ရာလူကြီးတွေက စစ်ဆေးနေတုန်းပါပဲ"ဟု အဆိုပါရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။

မီးလောင်ကျွမ်းမှုသည် ဝါယာရှော့ခ်ကြောင့် မဟုတ်ကြောင်း၊ ဝါယာရှော့ခ်ကြောင့်ဖြစ်ပါက ဖျူးပြတ်ကာ ထူးခြားသည့်အခြေအနေမျိုး မြင်တွေ့ရမှာဖြစ်သည်ဟု ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ထံမှ သိရပြီး မီးလောင်ရသည့်အကြောင်းရင်းကို စစ်ဆေးလျက်ရှိကြောင်း ကနဦးသတင်းများအရ သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

# ရဲတပ်ဖွဲ့နေ့ဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပဲခူး　စက်တင်ဘာ　၂၆**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ် (၅၀) ပြည့် ရွှေရတုအကြို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးရွှေသောင်း ဦးစီးသည့် သာယာဝတီခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင်အကူတပ်ခွဲမှ တပ်ဖွဲ့ဝင်/စာရေးဝန်ထမ်းများ၊ သာယာဝတီမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မြင့်ဆွေဦးစီးပြီး သာယာဝတီမြို့မရဲစခန်းနှင့် သုံးဆယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် သာယာဝတီခရိုင် မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်မြင့်ရီ ဦးစီးသော စုစုပေါင်း အင်အား ၁၃၃ ဦးတို့သည် စက်တင်ဘာ ၂၀ ရက် နံနက် ၆ နာရီက သာယာဝတီမြို့နယ် ဆရာစံမြို့သစ် ရန်ကုန်-ပြည် ကားလမ်းဘေးရှိ ရွှေဆယ်ဝတီဘိုးဘွားရိပ်သာဝန်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများ အားခုတ်ထွင်ရှင်းလင်းစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။

**(ခရိုင်ရဲတပ်ဖွဲ့)**















မရှိဟွာအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ဖားကန့်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၆**

မူးယစ်တပ်ဖွဲ့စု (၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၂ ရက်က ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝှေခါကျေးရွာ ရပ်ကွက်(၃)နေ မရှိဟွာ နေထိုင်သည့် အိမ်ခန်းအား ရှာဖွေရာ သံသေတ္တာနောက်ရှိ ရှူးဖိနပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိသဖြင့် မရှိဟွာ(၅၈)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

## ပင်လောင်းမြို့နယ်တွင် ဘိန်းစိမ်း ၃ ဒသမ ၃၄၈ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၆**

မူးယစ်တပ်ဖွဲ့စု (၂၆)ပင်လောင်းမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၃ ရက်က ပင်လောင်းမြို့နယ် သစ်ပင်ကောက်ကျေးရွာနှင့် မိုးဦးကျေးရွာ သွားလမ်းတွင် သစ်ပင်ကောက်ကျေးရွာမှ မိုးဦးကျေးရွာဘက်သို့ အောင်ဌေး မောင်းနှင်လာသည့် ဆိုင်ကယ်အားရှာဖွေရာ ဘိန်းစိမ်း ၃ ဒသမ ၃၄၈ ကီလို ဖမ်းဆီးရမိသဖြင့် အောင်ဌေး(၂၉)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## လားရှိုးမြို့နယ်တွင် ဘိန်းဖြူ ၃၉ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၇၀ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၆**

မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၂ ရက်က လားရှိုးမြို့အဝင် ဟိုပိတ်အေးရှားဝေါလ်တိုးဂိတ်အနီးတွင် မူဆယ်မှ လားရှိုးဘက်သို့ စည်သူမောင်းနှင်ပြီး မထွေးခိုင်လိုက်ပါလာသည့် ဆိုင်ကယ်အား ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် သုံးခွက် (အလေးချိန် ၃၉ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၇၀ အား သိမ်းဆည်းရမိသဖြင့် စည်သူ (၂၉)နှစ်နှင့် မထွေးခိုင် (၃၃)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**



စည်သူနှင့် မထွေးခိုင်တို့အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



## မော်လမြိုင်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**မော်လမြိုင် စက်တင်ဘာ ၂၆**

မော်လမြိုင်မြို့နယ် မြိုင်သာယာရဲတပ်ဖွဲ့စခန်း စခန်းမှူးရဲအုပ် အေးမင်းငြိမ်း ပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၂၂ ရက် ည ၁၁ နာရီတွင် မြိုင်သာယာရပ်ကွက် သမိန်ဗရမ်းလမ်းနေ စောကျော်သိန်းမိုး(၃၉)နှစ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ၎င်း၏ဘောင်းဘီထဲမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ၎င်း၏ နေအိမ်အတွင်း ရှာဖွေရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၆၅၀ ထပ်မံ သိမ်းဆည်းရမိသဖြင့် စောကျော်သိန်းမိုးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။**(အပေါ်ပုံ)** (၁၀၇)

## မိုးကြိုးထိ၍ နွားသုံးကောင် သေဆုံး

**ဆင်ဘို စက်တင်ဘာ ၂၆**

ကချင်ပြည်နယ် ဆင်ဘိုမြို့နယ်ခွဲတွင် ဈေးဦးရပ်ကွက် ဗိုလ်မြတ်ထွန်းလမ်းဆုံ ဦးနောင်လှနေအိမ်အနီး၌ စက်တင်ဘာ ၂၄ ရက် နံနက် ၇ နာရီတွင် ဈေးဦးရပ်ကွက်နေ ဦးသောင်းညွန့်၏ ခိုင်းနွား နွားထီးတစ်ကောင်၊ ဦးအောင်လင်း၏ နွားမတစ်ကောင်နှင့် မြင်သာကျေးရွာနေ ဦးနော်၏ ခိုင်းနွား နွားထီးတစ်ကောင်တို့အား မိုးကြိုးစက်ကွင်းမိကာ သေဆုံးခဲ့ပြီး ယင်းနွားသုံးကောင်အား မြေမြှုပ်ပစ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်လူသစ်**
**ဘဝသစ်**




# ရာသီဥတုပြောင်းလဲမှုဆိုင်ရာထိပ်သီးညီလာခံ၌ မိန့်ခွန်းပြောကြားခဲ့သည့် လီပင်းပင်း

တရုတ်ရုပ်ရှင်လောကမှ အမေရိကန်ရုပ်ရှင်လောကသို့ ထိုးဖောက်နိုင်ခဲ့သူ တရုတ်မင်းသမီးတစ်ဦးလည်းဖြစ်ပြီး UNEP ၏ အထူးသံတမန်တစ်ဦးလည်းဖြစ်သူ မင်းသမီး လီပင်းပင်းက နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်၌ ကျင်းပခဲ့သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာထိပ်သီးညီလာခံတွင် မိန့်ခွန်းပြောကြားခဲ့သည်။



ဖွင့်ပွဲအခမ်းအနားတွင် Transformers 4 မင်းသမီး လီပင်းပင်းက လက်ရှိရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖြစ်စဉ်များနှင့် ပတ်သက်ပြီး အထွေထွေညီလာခံတစ်ရပ် အမြန်ဆုံးကျင်းပပြီး ကြိုတင်ကာကွယ်မှုများပြုလုပ်ရန် တွန်းအားပေးကြောင်း၊ ယခုထိပ်သီးညီလာခံမှသည် အားလုံး၏ ဘုံရည်မှန်းချက်တစ်ခုဖြစ်သည့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးကို ဦးတည်သည့် လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ မင်းသမီး လီပင်းပင်းအပြင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကုလသမဂ္ဂသံတမန်တစ်ဦးဖြစ်သူ မင်းသား လီယိုနာဒိုဒီကာပရီယိုလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

# ၂၀၁၄ ခုနှစ် ဥရောပရုပ်ရှင်ပွဲတော်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

ဆွစ်ဇာလန်နိုင်ငံသံရုံးက ကြီးမှူးကျင်းပသည့် ၂၀၁၄ ခုနှစ် ဥရောပရုပ်ရှင်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ နေပြည်တော်ရုပ်ရှင်ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E.Mr. Christoph Burgener၊ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E.Mr. Hagay Moshe Behar ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ရုပ်ရှင်ဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E.Mr.Christoph Burgener က အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံသံရုံးရှိ တာဝန်ရှိသူတစ်ဦးက ဥရောပရုပ်ရှင်ပွဲတော်ဖွင့်ပွဲတွင် ပြသမည့်ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းအကျဉ်းချုပ်ကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ရန်ကုန်မြို့ရှိ နေပြည်တော်ရုပ်ရှင်ရုံ၌ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၅ ရက်အထိ ကျင်းပမည့် ဥရောပရုပ်ရှင်ပွဲတော်တွင် နိုင်ငံပေါင်းခုနစ်နိုင်ငံမှ ရုပ်ရှင်ဇာတ်ကား ၁၀ ကားကို ပြသသွားမည်ဖြစ်ပြီး ဥရောပနိုင်ငံများ၏ လူနေမှုပုံစံများနှင့်အတွေးအခေါ်များအား မြန်မာပရိသတ်သိရှိခံစားနိုင်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လေ့လျှော်အားကစားသမားများသန်စွမ်းရေး အလုပ်ရုံဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၂၆**

အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၏ လမ်းညွှန်မှုဖြင့် လေ့လျှော်အားကစားသမား ခန္ဓာကိုယ်ကြွက်သားများသန်စွမ်းရေး GYM & FITNESS CENTER အတွက် လေ့ကျင့်ရေးအစီအစဉ်များ ဆွေးနွေးပွဲချခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်အင်းယားလမ်းရှိ လေ့လျှော်လေ့ကျင့်ရေးစခန်း၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဒေါက်တာ မြလေးစိန်က GYM & FITNESS CENTER တွင် အားကစားနည်းအလိုက် ခန္ဓာကိုယ်ရှိကြွက်သားများ ဖွံ့ဖြိုးသန်စွမ်းရေးအတွက် လုပ်ဆောင်ရမည့်နည်းလမ်းနှင့် လေ့ကျင့်ပုံများကို အသေးစိတ် ဆွေးနွေးပွဲချခဲ့သည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

# တရုတ်ဒါရိုက်တာလက်ရာ ဂရိတ်ဝေါဇာတ်ကားတွင် ပါဝင်မည့် အမေရိကန်မင်းသား မက်ဒမ်မွန်

တရုတ်နိုင်ငံမှ နာမည်ကျော်ဒါရိုက်တာတစ်ဦးဖြစ်သူ Zhang Yimou ၏ လက်ရာသစ်ဖြစ်သည့် The Great Wall ဇာတ်ကားသစ်တွင် အမေရိကန်သရုပ်ဆောင် မက်ဒမ်မွန်က အဓိကဇာတ်ဆောင်တစ်ဦးအနေဖြင့် ပါဝင်သွားဖွယ်ရှိကြောင်း သိရသည်။

အမေရိကန်ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Legendary Pictures မှ ထုတ်လုပ်မည့် အဆိုပါဇာတ်ကားသစ်တွင် မင်းသား မက်ဒမ်မွန်နှင့်အတူ ယခုနှစ်အတွင်း ထွက်ရှိခဲ့သည့် ဂေါ်ဇီလာဇာတ်ကားမှ မင်းသား Bryan Cranston လည်း ပါဝင်မည်ဖြစ်ကာ ယင်းဇာတ်ကားသစ်သည် တရုတ်နိုင်ငံရှိ ဂရိတ်ဝေါတံတိုင်းကြီးအကြောင်းကို အဓိကဇာတ်အိမ်ဖွဲ့တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ Zhang Yimou နှင့် အမေရိကန်မင်းသား မက်ဒမ်မွန်တို့သည် ၂၀၁၁ ခုနှစ်က The Flowers of War ဇာတ်ကားတွင်လည်း ဆုံတွေ့ခဲ့ကြဖူးသူများဖြစ်ကြသည်။

**မျိုးစန္ဒာမောင်**
**စုစည်းရေးသားသည်**



**ကျောက်တန်းမြို့နယ် တံတားမြို့ အမှတ်(၁)ရပ်ကွက်အတွင်း ဓာတ်အားဖြန့်ဖြူးထားသော ဓာတ်အားလိုင်းရှိ ဆွေးမြည့်သစ်သားတိုင်များအား ကွန်ကရစ်တိုင်များဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးဇော်သိန်းနှင့်အဖွဲ့ စက်တင်ဘာ ၂၄ ရက်က ဆောင်ရွက်စဉ်။**

(၆၈၉)

**ပဲခူးမြို့တွင် စက်တင်ဘာ ၂၅ ရက်မှစတင်ကာ သတ်မှတ်ထားသော ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်၊ ဝှီးတက်နှင့်စပါယ်ယာလိုင်စင်တို့အား တာဝန်ရှိသူများပူးပေါင်းစစ်ဆေးနေစဉ်။**

ငွေနိုင်(ပဲခူး)



# မွေးနေ့ရှင်... သူခဝေ ဒဂုံ(၁)သို့

၂၇-၉-၂၀၁၄ရက်မှာ ရောက်ရှိတဲ့ သားလေးရဲ့ (၁၁)နှစ်မြောက်မွေးနေ့မှသည် ဘဝတစ်လျှောက်လုံး စိတ်ဓာတ်ခွန်အားကြွံခိုင်ပြီး ဘေးအန္တရာယ်ကင်းရှင်းပြီး ပျော်ရွှင်ချမ်းမြေ့စွာ ရင်ဆိုင်ဖြတ်သန်းနိုင်ပါစေလို့ ဆုတောင်းပြုလျက်----

သားသားရဲ့ ဘွားဘွားကြီးနှင့်မေမေ
ဒေါ်သန်းသန်းဦး၊ သီရိစိုးလှိုင်

**သင့်သွေးဖြင့် အသက်ကယ်ပါ**








## Call for Ideas

F4P FACILITY FOR PARTNERSHIPS
ဂျာမနီ နှင့် ပူးပေါင်းဆောင်ရွက်မှု
DEUTSCHE ZUSAMMENARBEIT
Implemented by giz

သင်သည် **စက်မှုနှင့်သက်မွေးပညာသင်တန်း (TVET)** နှင့် သက်ဆိုင်သော ပြည်တွင်းကုမ္ပဏီ၊ အသင်းအဖွဲ့၊ NGO/CSO သို့မဟုတ် အခြားဦးဆောင်လမ်းညွှန်အဖွဲ့အစည်း တစ်ခုခု လုပ်ကိုင်နေသူဖြစ်ပါသလား။

သင် **နှင့်** သင်၏လုပ်ငန်းမိတ်ဖက်များ၊ သို့မဟုတ် အထောက်အပံ့ပေးသော အဖွဲ့အစည်းများ အနေဖြင့် **ရှမ်းပြည်နယ်**တွင် TVET သင်တန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် **အကျိုးတူလုပ်ငန်းများ လုပ်ကိုင်ရန် စိတ်ကူးအကြံဉာဏ်သစ်များ** ရှိနေပါသလား။

သင့်အနေနှင့် ၎င်းစိတ်ကူးများကို အကောင်အထည်ဖော်ရန်အတွက် အကူအညီအထောက်အပံ့များ လိုအပ်နေပါက **သင်၏** *Project Idea* ကို သတ်မှတ်ပုံစံတွင် ဖြည့်သွင်း၍၊ အကျိုးတူလုပ်ငန်းများ အထောက်အကူပြု အစီအစဉ် (F4P) သို့ **၃၁ အောက်တိုဘာ ၂၀၁၄** နောက်ဆုံးထားပြီး အီးမေးလ်ဖြင့် ပေးပို့လျှောက်ထားနိုင်ပါသည်။

သင်၏ *Project Idea* သည် ပထမအဆင့် ရွေးချယ်ခံရပါက ယင်းနှင့်စပ်လျဉ်းသည့် *Project Concept* ရေးဆွဲရန်အတွက် GIZ မှ အကူအညီပေးမည်ဖြစ်ပြီး၊ ဒုတိယအဆင့် ရွေးချယ်မှုတွင် ပါဝင်လာနိုင်မည် ဖြစ်ပါသည်။ ဆက်လက်၍ နောက်ဆုံးအဆင့် ရွေးချယ်ခံရသူများသည် USD ၁၀,၀၀၀ မှ ၁၂၅,၀၀၀ အထိနှင့်ညီမျှသော ထောက်ပံ့ငွေများ ရရှိကြမည် ဖြစ်ပါသည်။

**အသေးစိတ် အချက်အလက်များ မေးမြန်းရန်နှင့်**
*Project Idea* ဖြည့်သွင်းမည့်ပုံစံ ရယူရန်
f4p@giz.de သို့ ဆက်သွယ်နိုင်ပါသည်။

Technical and Vocational Education and Training (TVET)



*ဒီတစ်ပတ်ပရီမီယာလိဂ်မှာ မာဆေးဆိုက်ဒါဘီဖြစ်တဲ့ လီဗာပူးနဲ့ အဲဗာတန်ဆုံတွေ့မှု၊ လန်ဒန်ဒါဘီဖြစ်တဲ့ အာဆင်နယ်နဲ့ စပါးတို့ဆုံတွေ့မှုတွေပါနေလို့ စိတ်ဝင်စားစွာ စောင့်ကြည့်ရမယ့်ပွဲစဉ်တစ်ခုဆိုတာ သေချာနေတယ်။*

# ပရီမီယာလိဂ် ရင်ခုန်သံ – ၆

ရှိုင်း မင်း မင်း

**လီဗာပူး - အဲဗာတန်** ည ၆း၁၅ (၂၇-၉-၂၀၁၄)

လီဗာပူးက လက်ရှိခြေမငြိမ်ဘူး။ တိုက်စစ်နဲ့ ခံစစ် နှစ်ခုစလုံးမှာ ဟန်ချက်ပျောက်နေတယ်။ နှစ်ပွဲဆက်ရှုံး ထားလို့ လီဗာပူးအမှားခံမှာမဟုတ်ပေမယ့် ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ရှိလို့ လီဗာပူးခြေကုန်ထုတ်နိုင်ပါ့မလား။ ဒါပေမယ့် အိမ်ကွင်းဖြစ်တယ်။ အဲဗာတန်ကလည်း ဒီပွဲအပြီးမှာ ယူရိုပါလိဂ်ရှိတာနဲ့ပါ စဉ်းစားဖို့လိုတယ်။

**ချယ်လ်ဆီး - ဗီလာ** ည ၈း၃၀ (၂၇-၉-၂၀၁၄)

ဗီလာက အာဆင်နယ်ကိုရှုံးပြီး ပထမဆုံးရှုံးပွဲကြုံ သွားလို့ အမှတ်ရအောင် ခံကစားမှာသေချာတယ်။ ချယ်လ်ဆီးကလည်း ချန်ပီယံလိဂ်ကစားရဖို့ရှိသေးတော့ ခြေကုန်ထုတ်ဖို့ခက်မယ်။ ဒါပေမယ့် အသင်းလိုက်ကစား ပုံအရည်အသွေးကွာတယ်။ ကစားသမားစုဖွဲ့မှုကွာတယ်။ ချယ်လ်ဆီးကွင်းဖြစ်တာနဲ့ပါ ထည့်တွက်ရမယ်။

**ဟားလ် - မန်စီးတီး** ည ၈း၃၀ (၂၇-၉-၂၀၁၄)

ဟားလ်ခြေမဆိုးဘူးလို့ပြောနိုင်ပေမယ့် ခံစစ်ပိုင်း အားနည်းမှုနဲ့အတူ သရေပွဲတွေများနေတယ်။ ကက်ပီ တယ်ဝမ်း ဖလားကစားခဲ့ရလို့လည်း ပွဲပန်းနိုင်တယ်။ မန်စီး တီးက ပွဲဆက်တွေပိုများသလို ဒီပွဲအပြီးမှာ ချန်ပီယံလိဂ် လည်းရှိပေမယ့် ကစားသမားပိုင်း ပိုပြည့်ဝတယ်။ အမှတ် တွေ လျော့ထားလို့လည်း အားစိုက်မယ့်အချက်ကိုပါ ချင့် ချိန်ရမယ်။

**မန်ယူ - ဝက်စ်ဟမ်း** ည ၈း၃၀ (၂၇-၉-၂၀၁၄)

မန်ယူရဲ့အဓိကအားသာချက်က ပွဲပန်းမှုမရှိတာပဲ။ ဒီပွဲမတိုင်ခင်မှာလည်း ကက်ပီတယ်ဝမ်းဖလားမရှိသလို ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ကစားရဖို့မရှိဘူး။ ဝက်စ် ဟမ်းကလည်း ကက်ပီတယ်ဝမ်းဖလားကစားဖို့မရှိလို့ ပွဲမပန်းနိုင်ပေမယ့် မန်ယူရဲ့ကွင်းဖြစ်တယ်။ မန်ယူအမှတ် လိုနေတာနဲ့ပါ ချင့်ချိန်ရမယ်။

**ဆန်းဒါးလန်း-ဆွမ်ဆီး** ည ၈း၃၀(၂၇-၉-၂၀၁၄)

ဆွမ်ဆီးရှုံးပွဲတွေ ဆက်နေတယ်။ ဒါကြောင့် ရလဒ်ပြန်ကောင်းအောင် အားစိုက်မှာဖြစ်ပြီး ကက်ပီ တယ်ဝမ်း ဖလားမှာပဲ အဲဗာတန်လိုအသင်းကောင်းနဲ့ ကစားခဲ့ရလို့ ပွဲပန်းနိုင်တယ်။ ဒါပေမယ့် ဆန်းဒါးလန်းက လည်း ခြေအကောင်းဆုံးပုံစံမဟုတ်ဘူး။ သူလည်း ကက်ပီ တယ်ဝမ်းဖလားပွဲကြောင့် ပွဲပန်းနေနိုင်တာနဲ့ပါထည့်တွက် ရမယ်။

**အာဆင်နယ်-စပါး** ည ၁၁း၀၀(၂၇-၉-၂၀၁၄)

စိတ်ဝင်စားဖို့ကောင်းတယ်။ နှစ်သင်းစလုံးပြည်တွင်း ပွဲတွေနဲ့ ဥရောပပွဲတွေကြားမှာ ပွဲဆက်တွေများပြီး ပွဲပန်း နေကြတယ်။ ဒါပေမယ့် ပြိုင်ဘက် အနေအထားအရဆိုရင် တော့ စပါးက သက်သာတယ်။ ကက်ပီတယ်ဝမ်းဖလားမှာ စပါးက နေ့တင်ဟမ်၊ အာဆင်နယ်က ဆောက်သမ်တန် ဆိုတော့ အဲ့ဒီပွဲပန်းမှုနဲ့သာ ချင့်ချိန်တွေးဆရမယ်။

**စတုတ်-ကာဆယ်** နံနက် ၁း၃၀(၃၀-၉-၂၀၁၄)

စတုတ်ကအိမ်ကွင်းကစားပုံမာတယ်။ အသင်းလိုက် ဟန်ချက်လည်း ကောင်းတယ်။ ကာဆယ်က လက်ရှိ အချိန်မှာ ခြေအရရော စိတ်ပိုင်းဆိုင်ရာအရပါ အဆင်သင့် မရှိဘူး။ ဒီပွဲမတိုင်ခင်ကစားခဲ့ရတဲ့ ကက်ပီတယ်ဝမ်း ဖလားမှာလည်း နှစ်သင်းစလုံး အဝေးကွင်းပွဲတွေကစားခဲ့ ရလို့ ပွဲပန်းမှုပါ မကွာဘူး။ ဒါကြောင့် စတုတ်အိမ်ကွင်း အားနဲ့ ချင့်ချိန်ရမယ်။

## ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ခံစစ်ကိုအားဖြည့်ရန် မန်ယူစီစဉ်နေ

အင်္ဂလန် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ ကာလအတွင်း အသင်း၏ အားနည်းနေသည့်ခံစစ်ပိုင်း အား ပေါင်သန်း ၅၀ အထိအသုံးပြုကာ ပြင်ဆင်အားဖြည့်သွားရန်စီစဉ်နေ ကြောင်း သိရသည်။

မန်ယူနည်းပြ လူးဝစ်ဗန်ဟားလ်မှာ အသင်း၏နောက်တန်းကစားသမား အချို့ကိုရောင်းထုတ်ကာ ကစားသမား သစ်များဖြင့် သွေးသစ်လောင်းရန် စီစဉ်လျက်ရှိနေသည်။ လက်ရှိအချိန် တွင် အက်စတွန်ဗီလာနောက်ခံလူ ရွှန်ဗလာ၊ ဒေါ့မွန်နောက်ခံလူ ဟမ်းမဲလ်၊ အက်သလက်တီကို နောက်ခံလူ ဂိုဒင်၊ ဘာစီလိုနာနောက်ခံလူပီကေး စသည့် ထိပ်တန်းအဆင့်ကစားသမားများကို အသင်းသို့အရောက် ခေါ်ယူသွားရန် ပစ်မှတ် ထားနေကြောင်း goal.com ကဖော်ပြခဲ့သည်။ ထို့ပြင် ဗန်ဟားလ်မှာ လာမည့်ဇန်နဝါရီကာလအတွင်း ကမ္ဘာ့အဆင့် နောက်ခံလူတစ်ဦးကို မဖြစ်မနေ ခေါ်ယူသွားဖွယ်ရှိနေပြီး လာမည့်ရက်ပိုင်းအတွင်း ယင်း အပြောင်းအရွှေ့ကိစ္စနှင့် ပတ်သက်၍ အစီအမံများ ချမှတ်ရန်အသင်း၏ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးမှု များ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကိုရဲ)**

## အာရှ U-19 ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်တိုက်စစ်မှူး (နေပြည်တော်)ပျဉ်းမနားသား အောင်သူ



အောင်သူသည် ဖခင်ရဲဒုတပ်ကြပ် အေးကိုနှင့် မိခင်ဒေါ်လှလှမြင့်တို့က မွေးဖွားသော သားသုံးယောက်အနက် အငယ်ဆုံးသားဖြစ်သည်။ ၁၉၉၆ခုနှစ် မေလ တွင် မွေးဖွားခဲ့ပြီး ဖခင်ဖြစ်သူ တာဝန်ကျရာ ပျဉ်းမနားရဲစခန်းတွင် ၁၉၉၆ ခုနှစ်မှ ယနေ့အထိ နေထိုင် ကြီးပြင်းခဲ့သူ ဖြစ်သည်။ သူငယ်တန်းမှ အဋ္ဌမတန်းအထိ အထက(၁) ကန်နားကျောင်းတွင် တက်ရောက်ခဲ့ ပြီး အထက(၂)ပျဉ်းမနားတွင် နဝမတန်း၌ ပညာသင်ကြား နေစဉ် မန္တလေးဘောလုံးအကယ်ဒမီ တက် ရောက်ရန် ရွေးချယ်ခြင်းခံရသူ ဖြစ်သည်။ ပျဉ်းမနားမြို့နယ် ရပ်ကွက်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ၌ ရန်အောင် (၂)ရပ်ကွက်ကိုယ်စားပြု ဘောလုံးအသင်းတွင် နှစ်စဉ် ပါဝင် ကစားခဲ့သူဖြစ်ပြီး မန္တလေးဘောလုံး အကယ်ဒမီ တက်ရောက်နေစဉ် အသင်း ကိုယ်စားပြုကစားနေရင်းမှ မြန်မာ့လက်ရွေးစင် အသင်းအတွက် ရွေးချယ်ခံရသူဖြစ်သည်။

အောင်သူ၏ အစ်ကိုကြီးဖြစ်သူမှာ လည်း "C" လိုင်စင်အောင်ပြီး ဇေယျာရွှေမြေ လူငယ်အသင်း၌ လက်ထောက်နည်းပြ လုပ်နေသည့် အစ်ကိုငယ်မှာလည်း မြန်မာနိုင်ငံ တက္ကသိုလ်ပေါင်းစုံ လက်ရွေးစင် အသင်း၌ ရွေးချယ်ခံထားရ သူဖြစ် သည်။ U-19 မြန်မာ့လက်ရွေးစင် ကျောနံပါတ်(၉) အောင်သူသည် ဘရူနိုင်းဖိတ်ခေါ်ပြိုင်ပွဲတွင် ချန်ပီယံ မြန်မာ့လက်ရွေးစင် အသင်းတွင် ပါဝင်ကစားခဲ့ပြီး ကျဉ်းထဲကျပ်ထဲ ရောက်နေချိန်တွင် အဆုံးအဖြတ်ဂိုး များကို ပိုင်ပိုင်နိုင်နိုင် ဂိုးသွင်းပေးခဲ့သူ ဖြစ်သည်။ အောင်သူသည် ယခုအခါ အသက်(၁၈)နှစ် အရွယ်သာရှိသေး၍ မြန်မာ့ဘောလုံး လောကအတွက် ထွန်းတောက်လာမည့် "ပျဉ်းမနား သား ကြယ်တစ်ပွင့်" ဖြစ်လာနိုင် ကြောင်း . . . . ။

**ဇော်မင်းအောင်**

## ဆူဇူကီးဖလားခြေစစ်ပွဲအတွက် မြန်မာအသင်း စက်တင်ဘာ ၂၉ ရက်တွင် စတင်လေ့ကျင့်မည်

ဆူဇူကီးဖလား ခြေစစ်ပွဲကို ယှဉ် ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် အသင်းသည် စက်တင်ဘာ ၂၉ ရက် မှစ၍ လေ့ကျင့်မှုများ ပြုလုပ်သွား မည်ဖြစ်သည်။ ခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြ ချုပ်ဖြစ်သူ အေဗရာမိုဗစ်က ကစား သမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားသည်။

ယခုဖွဲ့စည်းလိုက်သော မြန်မာ လက်ရွေးစင်အသင်းတွင် ဖိလစ်ပိုင် ငြိမ်းချမ်းရေးဖလား ချန်ပီယံအသင်းမှ ကစားသမား ၂၀ ဦးအထိ ပြန်လည် ပါဝင်လာပြီး ကစားသမားအသစ် ခြောက်ဦးအထိ အားဖြည့်ရွေးချယ် ထားသည်။ မြန်မာ့လက်ရွေးစင် အသင်းသည် ဆူဇူကီးဖလားခြေစစ်ပွဲ အတွက် ပြင်ဆင်ချိန် ၁၀ ရက် ကျော်သာ ရရှိမည်ဖြစ်ပြီး အောက် တိုဘာ ၅ ရက်မှ ၁၀ ရက်အထိ မန္တလေးမြို့၌ သွားရောက်လေ့ကျင့် မည်ဖြစ်သည်။

ဖွဲ့စည်းလိုက်သည့် မြန်မာ့လက်ရွေး စင်အသင်းတွင် အုပ်ချုပ်သူ ဦးတင် အောင်၊ နည်းပြချုပ်- အေဗရာမိုဗစ်၊ လက်ထောက်နည်းပြ- ဇီကိုဗစ်၊ ဦးစိုး မြတ်မင်း၊ ဂိုးနည်းပြဒီနို၊ အသင်း အတွင်းရေးမှူး ဦးတင်မြင့်အောင်၊ မီဒီယာတာဝန်ခံ ဦးထွန်းထွန်းအောင်၊ ကစားသမားများအဖြစ် ဂိုး-သီဟစည် သူ၊ ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးအောင်၊ ရန်အောင်လင်း၊ နောက်တန်း-အောင် ဇော်၊ ဝင်းမင်းထွန်း၊ စည်သူအောင်၊ ဇော်မင်းထွန်း၊ သိန်းဇော်၊ နေမျိုး အောင်၊ ခင်မောင်လွင်၊ ရဲဝင်းအောင်၊ အလယ်တန်း-ရန်အောင်ကျော်၊ ဒေးဗစ်ဒန်း၊ နန္ဒလင်း၊ ကျော်ချစ်၊ မင်းမင်းသူ၊ တင်ဝင်းအောင်၊ အောင် ကျော်နိုင်၊ ချစ်စုမိုး၊ ရာဇာဝင်းသိန်း၊ နေလင်းထွန်း၊ ကြည်လင်း၊ ရှေ့တန်း- ကျော်ဇေယျာဝင်း၊ ကျော်ကိုကို၊ ရန်ပိုင်နှင့် စိုးမင်းဦးတို့ ပါဝင်သည်။

**(ချစ်ကိုကို)**

**မွေးနေ့မင်္ဂလာဆုတောင်းလွှာ**

ချစ်သမီးလေး **မအေးချမ်းမိုး (Grade- 11(B)၊ အထက(၂)စမ်းချောင်း)** ၏ (၂၇-၉-၂၀၁၄) ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် အသက်ရာကျော်တိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၍ လိုအင်ဆန္ဒအဝဝ ပြီးပြည့်စုံသည့် ယဉ်ကျေးလိမ္မာသမီးကောင်းရတနာလေး ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ---

**ချစ်ဘိုးဘိုး - ဦးသန်းအောင်**
**ချစ်ဖေဖေ - ဗိုလ်ကြီးညွန့်ဝင်း (ငြိမ်း) (OTS- 101)**
**ချစ်မေမေ - ဒေါ်းထွေးထွေးခိုင် (BA.Eco)**
**ချစ်မောင်လေး- မောင်ကျော်ပုညဟိန်း**
**(Grade-5(B)၊ အထက(၅)မရမ်းကုန်း)**

**ရောင်းမည်**

ဒေဝဒဟလမ်း၊ ၁၃ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ပေ(၄၀×၆၀) ခြံမြေရောင်းမည်။ လမ်းသန့်နေရာကောင်း။

ဆက်သွယ်ရန် ဖုန်း-၀၉-၃၆၀၁၂၇၃၁

**ဖခင်အမည်မှန်**

နေပြည်တော်၊ တပ်ကုန်းမြို့၊ အထက(၂) တပ်ကုန်း၊ တက္ကသိုလ်ဝင်တန်း A5မှ မပန်းလဲ့လဲ့ဝင်း၏ ဖခင်အမည်မှန်မှာ ဦးမြမောင် (PMA-၁၄၅၀၄၇)ဖြစ်ပါသည်။

ဦးမြမောင်(**PMA**-၁၄၅၀၄၇)

**ရွှေထီပေါက်စာရင်း**

**ကျိုက်ထီးရိုး** (နေ့စဉ်)
**ချောင်းသာ** (နေ့စဉ်)
**ငွေဆောင်** (သောကြာ)
စီးလုံးများ လက်ခံသည်

01-701015, 01-710436






KANTHARYAR
CENTRE

နိုင်ငံတကာအဆင့်မီ

# OFFICE TOWER OPENING SOON




- လမ်းညွှန်စရာမလိုဘဲ ကမ္ဘာကသိတဲ့ ရွှေတိဂုံဘုရား၊ ကန်တော်ကြီးနှင့် အနီးဆုံးနေရာ...
- ဆက်သွယ်ရေးအချက်အလက် အင်တာနက်၊ မာလ်တီမီဒီယာ၊ စီးပွားရေးစီမံခန့်ခွဲမှု၊ ခေတ်မီလုံခြုံရေး၊ မီးငြိမ်းစနစ်နှင့် နေရာကျယ်ဝန်းပြီး စိတ်ချရတဲ့ကားပါကင် အပြည့်အဝပါတဲ့နေရာ...
- နိုင်ငံတကာကုမ္ပဏီများစွာ လာရောက် ရင်းနှီးမြှုပ်နှံပြီး ပြည်ပထွက်စရာမလိုဘဲ တစ်နေရာတည်းမှာ ကုမ္ပဏီစီးပွားရေးနှင့် ရင်းနှီးမှုများစွာကို အလုပ်လုပ်နိုင်သည့် နေရာ...
- ဝယ်ယူပြီးအချိန်တိုအတွင်း ရင်းနှီးမြှုပ်နှံထားတဲ့ ခံစားပိုင်ခွင့်များကို ပြန်လည်ရရှိနိုင်မည့်နေရာ...

AMSS
ASIA MYANMAR SHINING STAR

**KANTHARYAR SITE :**

ဦးအောင်မြတ်လမ်းနှင့် ကန်ရိပ်သာလမ်းထောင့် (သိမ်ဖြူယာဉ်မောင်းသင်ကွင်းဟောင်း)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁-၈၆၁၉၃၄၆၊ ၀၉- ၇၃၂ ၄၇၆၁၇၊ ၀၉- ၃၂၁ ၀၇၉၉၉

**HEAD OFFICE :**

တိုက်အမှတ်(၄၉)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ရွှေဂုံတိုင်တံတားအောက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

# ရွှေဘို – မြစ်ကြီးနား မော်တော်ကားလမ်း တံတားအမှတ် ၁၆၈/၄ ရေတိုက်စားမှုကြောင့် မြေထိန်းနံရံပြိုကျ



**မော်လူး၊ စက်တင်ဘာ ၂၆**

ရွှေဘို-မြစ်ကြီးနား မော်တော်ကားလမ်း စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ နန့်စီးအောင်-ပေကုန်းကျေးရွာအနီး မိုင်တိုင်အမှတ် ၁၆၆/၂ တံတားအမှတ် ၁၆၈/၄ သည် စက်တင်ဘာ ၂၄ ရက် နံနက် ၃ နာရီ ၄၅ မိနစ်ခန့်က ရွာသွန်းခဲ့သည့်မိုးကြောင့် မြေထိန်းနံရံ ပြိုကျခဲ့ကြောင်း သိရသည်။

ထိုသို့ တံတား မြေထိန်းနံရံ ပြိုကျမှုကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိနေသဖြင့် အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်၏ ညွှန်ကြားမှုအရ အင်းတော်မြို့နယ် မြန်မာ့စိုက်ပျိုးရေး မန်နေဂျာ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ နန့်စီးအောင်-ပေကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသောင်းရွှေ၊ စာရေးအဆင့်(၁) ဒေါ်ဝင်းဝင်းခိုင်နှင့် ကျေးရွာဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီဝင်များမှ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

တံတားအမှတ်-၁၆၈/၄ ၏ မြေထိန်းနံရံမှာ ရေတိုက်စားမှုကြောင့် မြေသားများပြိုကျပြီး နေ့ညမပြတ်ဖြတ်သန်းသွားလာနေသည့် ကုန်တင်၊ ခရီးသည်တင် ယာဉ်များနှင့် ဆိုင်ကယ်များအတွက် အန္တရာယ်ကျရောက်နိုင်သောကြောင့် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများအနေဖြင့် အမြန်ဆုံး ဆောင်ရွက်ပေးပါရန် တင်ပြထားကြောင်း သိရသည်။

ကချင်ပြည်နယ်အတွင်းရှိ ရွှေဘို-မြစ်ကြီးနား မော်တော်ကားလမ်းပိုင်းကို လမ်းဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ မော်တော်ကားလမ်း၊ တံတားများ ကြံ့ခိုင်မှုရှိစေရန် နေ့စဉ် ဆောင်ရွက်နေကြသော်လည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌မူ သက်ဆိုင်ရာတာဝန်ရှိသူများက မော်တော်ကားလမ်းများ၊ တံတားများကို ကြံ့ခိုင်မှုရှိစေရန် ဆောင်ရွက်မှု အားနည်းကြောင်း ဒေသခံများက ပြောသည်။ **(၆၈၅)**

## ယဉ်ကျေးမှုပဒေသာကပွဲ မန္တလေးတွင် ကျင်းပမည်

**မန္တလေး၊ စက်တင်ဘာ ၂၆**

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးများမှ အနုပညာရှင်များ စုပေါင်း၍ ယဉ်ကျေးမှုပဒေသာကပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ ၆၆ လမ်းရှိ အမျိုးသားကဇာတ်ရုံ၌ စက်တင်ဘာ ၂၈ ရက် ည ၇ နာရီတွင် ကပြဖျော်ဖြေမည်ဖြစ်သည်။

ယဉ်ကျေးမှုပဒေသာကပွဲတွင် ရုပ်ရှင်သရုပ်ဆောင် လူမင်း၊ ရဲအောင်၊ မင်းမော်ကွန်း၊ ဇာဂနာ၊ အဆိုတော် စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း၊ နေမင်း၊ ဇာတ်မင်းသားတင်မောင်ဆန်းမင်းဝင်း၊ ရဲရင့်အောင်၊ ထွန်းကိုကို၊ အလင်းရောင်၊ မေသဉ္ဇာဦး၊ ထက်ထက်မိုးဦး၊ မေကဗျာ၊ နန်းဆုရတီစိုး၊ သွန်းဆက်၊ ဆုမြတ်နိုးဦး၊ မေမြင့်မိုလ်၊ ခိုင်သဇင်ယုဝါ၊ ဒေါ်ခင်မို့မို့အေးနှင့် သီးလေးသီးအဖွဲ့၊ မြန်မာပြည်စတားအဖွဲ့တို့ ပါဝင်ပြီး ငြိမ်းချမ်းဝေစည်အသိုက်အဝန်းဆီ ပြဇာတ်နှင့် နှစ်ပါးသွားအကများဖြင့် တင်ဆက်မည်ဖြစ်ပြီး လက်မှတ်ဝယ်ယူသူများကို စက်တင်ဘာ ၂၇ ရက် ညနေ၌ ၂၂ လမ်းနှင့် ၈၉ လမ်းထောင့် အောင်သမာဓိရွှေဆိုင်တွင် အနုပညာရှင်များက အမှတ်တရလက်မှတ်ရေးထိုးပေးသွားမည်ဖြစ်သည်။ **သီဟကိုကို(မန္တလေး)**

## တရုတ်နိုင်ငံမှ ချေးငွေနှင့်ပတ်သက်၍ ကြံခင်းမြို့နယ်၌ ရှင်းလင်း

**ကြံခင်း၊ စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧရာဦးခန်းမတွင် စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီကတရုတ်နိုင်ငံ Exim Bank မှ တတိယအကြိမ် ဒေါ်လာသန်း ၃၀၀ ရယူဆောင်ရွက်ရန်အတွက် ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကိုကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ခင်ဦးဆွေက Exim Bank ချေးငွေလုပ်ငန်းနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်သမဝါယမ အသင်းစု ဥက္ကဋ္ဌ ဦးကိုကိုက ပထမအကြိမ်၊ ဒုတိယအကြိမ် Exim Bank ချေးငွေလုပ်ငန်းနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ အခမ်းအနားသို့တက်ရောက်လာကြသူများက မိမိတို့သိရှိလိုသည့်ကိစ္စရပ်များကို အသီးသီးမေးမြန်းကြရာ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဦးစီးမှူး ဦးထွန်းအောင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။ အခြေခံသမဝါယမအသင်း ၁၁၂ သင်းမှ အမှုဆောင်များ အင်အား ၃၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မသူ(ပြန်/ဆက်)**

## ကလေးမြို့တွင် နည်းပညာတက္ကသိုလ်ကျောင်းသားများအတွက် လမ်း၊ တံတား တည်ဆောက်ခြင်းလုပ်ငန်းများ လက်တွေ့ပြသ

**ကလေး၊ စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ နည်းပညာတက္ကသိုလ်ရှိ (Civil) ကျောင်းသား၊ ကျောင်းသူများကို လမ်းတည်ဆောက်ခြင်းလုပ်ငန်းများနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများအတွက် လက်တွေ့သရုပ်ပြဆောင်ရွက်မှု သင်ခန်းစာကို မြို့နယ်ဆောက်လုပ်ရေးအင်ဂျင်နီယာရုံးတွင် စက်တင်ဘာ ၂၃ ရက်က မြို့နယ်အင်ဂျင်နီယာ ဦးမင်းထွဋ်က လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

"နည်းပညာတက္ကသိုလ်ကျောင်းသားတွေအနေနဲ့ အရင်တုန်းက လက်တွေ့ကွင်းဆင်းတယ်ဆိုတာ သိပ်မရှိပါဘူး။ အခုကျွန်တော်တို့ဆီကို ပထမဆုံးအကြိမ်လာပြီး လက်တွေ့ကွင်းဆင်းတာပါ။ ကျွန်တော်တို့ကလည်း လမ်းခင်းပုံခင်းနည်းတွေ၊ လမ်းအူကြောင်း ရှာဖွေပုံတွေနဲ့ တံတားတည်ဆောက်ပုံနည်းလမ်းတွေကို လက်တွေ့သင်ကြားပေးသွားမှာပါ"ဟု မြို့နယ်အင်ဂျင်နီယာ ဦးမင်းထွဋ်က ပြောသည်။

လုပ်ငန်းခွင်အင်ဂျင်နီယာများအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်ရသော လမ်းလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီပြီးစီးအောင် ဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းခွင်အလေအလွင့်နည်းပါးပြီး သတ်မှတ်စံချိန်စံညွှန်းအတိုင်း ကောင်းမွန်ရန်လိုအပ်သည့်အတွက် စာတွေ့နှင့် လက်တွေ့အားကွင်းဆင်းလေ့လာ သင်ယူစေကြောင်း နည်းပညာတက္ကသိုလ်မှ ဆရာတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် အဝေးပြေးလမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများနှင့် ကျေးရွာချင်းဆက်လမ်းများတွင် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်းနှင့် မြေလမ်းဟူ၍ လမ်းအမျိုးအစားငါးမျိုးအား အသုံးပြုလျက်ရှိကြောင်း သိရသည်။ **လင်းလက်ကြယ်စင်**

**လက်တွေ့အသုံးချစီးပွားရေးသုံး အင်္ဂလိပ်စာသင်တန်း (Applied Certificate Business)**

အတွေ့အကြုံရှိသော ဆရာများက သင်ကြားမည်ဖြစ်ပါသည်။ လက်တွေ့အသုံးပြုနေသော လုပ်ငန်းခွင်အင်္ဂလိပ်စကားပြောနည်း၊ Phrase များကို အသုံးပြုပုံ၊ Business Etiquette & Ethics, Business Letter & Email အသုံးပြုသည့် စကားလုံးဝေါဟာရများ။ ဝိဘတ်တွဲများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနည်း။ Telephone ပြောဆိုခြင်း။ ခန့်ညားသေသပ်သည့် CV နှင့် Resume ရေးသားမန်တီး တတ်စေရန်နှင့် Cover Letter ရေးသားပုံ Powerful Presentation ပြုလုပ်ပုံ Meeting & Reports အစရှိသည့် အကြောင်းအရာများကို အဓိကထား၍ ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုလုပ်ကိုင်တတ်စေရန် အဓိကသင်ကြားမည်ဖြစ်သည်။ သင်တန်းကြေးကို ၃၀၀၀၀ိ/- သတ်မှတ်ပြီး (၅)ရက်အတွင်း ကြိုတင်အပ်နှံသူများအား 15% Discount ပေးမည်ဖြစ်ပါသည်။ တန်းခွဲ Class A (Sat)- 3:30 PM~5:30 PM၊ Class B (Sun) - 10:00 AM ~ 12:00 PM ၊ CLass C (SUN)-3:30 PM~5:30 PM တစ်ချိန်တန်းများ ဖွင့်လှစ်ပေးထားပါသည်။ တစ်ဦးချင်း သင်လိုသူများအတွက်လည်း စီစဉ်ပေးထားပါသည်။ ကုမ္ပဏီများတွင်လည်း အချိန်ညှိ၍ သင်ကြားပေးမည် ဖြစ်ပါသည်။ အောင်လက်မှတ်များ ချီးမြှင့်မည်ဖြစ်ပါသည်။

**လက်တွေ့သုံး Effective Communication in English စကားပြောသင်တန်း**

အတွေ့အကြုံရှိသော ဆရာများမှ သင်ကြားမည်ဖြစ်ပါသည်။ နိုင်ငံခြားသားများနှင့် ပြောဆိုရာတွင် လွယ်လင့်တကူ ပြောဆိုနိုင်ရန်၊ လိုရင်းတိုရှင်း Shortcut နည်းများနှင့် သင်ကြားပေးမည်ဖြစ်ပါသည်။ ဈေးကွက်စီးပွားရေးစနစ်တွင် အင်္ဂလိပ်စာပြောဆိုရာတွင် အားနည်းပါက ခေတ်နောက်ကျကျန်ခဲ့ပါလိမ့်မည်။ ဤသင်တန်းက အင်္ဂလိပ်စာအားနည်းမှုကို အကောင်းဆုံး ကျွမ်းကျင်လာအောင် ဖြည့်ဆည်းပေးပါမည်။ တစ်ဦးနှင့်တစ်ဦး ပြောဆိုရာတွင် အနီးစပ်ဆုံး အသံထွက်နားလည်မှု၊ ပြန်လည်ပြောကြားနိုင်မှု၊ အခြေအနေအလိုက် ဆက်ဆံတတ်မှုတို့ကို ဆောင်ရွက်တတ်စေရန် မိတ်ဖွဲ့ခြင်း။ အကောင်းဆုံးတင်ဆက်မှု (presentation)၊ ဦးဆောင်ပြောဆိုတတ်မှု(Speech)၊ အခြေတင်စကားပြောဆိုမှု (debate)၊ ညှိနှိုင်းဆွေးနွေးခြင်း (Negotiation) တို့ကို ကျွမ်းကျင်စွာပြောဆိုတတ်စေရန် လိုတိုရှင်းသင်ကြားမည်ဖြစ်ပါသည်။ အင်္ဂလိပ်စာ အရည်အသွေးတိုးတက်ကောင်းမွန်ပြီး စနစ်တကျကျွမ်းကျင်စွာပြောဆိုလိုသူများအားလုံး တက်ရောက်နိုင်ပါသည်။ Sunday Only 1:00PM - 3:00PM ၊ သင်တန်းကြေး – ၃၀၀၀၀၊ ကြော်ငြာပါသည့်နေ့မှ (၅)ရက်အတွင်း ကြိုတင်အပ်နှံပါက 15% Discount ပေးပါမည်။

**APS စီးပွားရေးသင်တန်းကျောင်း** အမှတ်(၃၆၁)၊ ပထမထပ်(ယာ)၊ ဗိုလ်အောင်ကျော်လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း –၀၉ ၃၁၁၁၈၀၁၄၊၀၉ ၄၂၀၀ ၄၆၇၂၂၊ ၀၁–၃၉၈၃၅၀

**POSSIBLE Travels & Tours**

| | | |
|---|---|---|
| မော်လမြိုင်၊ ကျိုက်ခမီ၊ ဇင်းကျိုက် ခရီးစဉ် | Sep 27,Oct 4, 7 | 35000 |
| ကရင်ပြည်နယ် ဘားအံ ခရီးစဉ် | Oct 4, 7 | 35000 |
| ကျိုက်ထီးရိုးဆံတော်ရှင်၊ မဲလံတောင် ဘီးလင်းခရီးစဉ် | Oct 7, 10 | 70000 |
| အင်းလေးဖောင်တော်ဦးဘုရားပွဲ၊ တောင်ကြီး ကလော၊ ပင်းတယ ခရီးစဉ် | Oct 7, 10 | 180000 |
| ရွှေစည်းခုံဘုရားပွဲ၊ ပုဂံညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ ခရီးစဉ် | Oct 7, 10 | 170000 |

Scania ကား၊ အသင့်ပြင်ဆင်ပြီးဟိုတယ်များဖြင့်စရိတ်ငြိမ်း

ဖုန်း- ၀၁-၇၀၆၇၁၆၊ ၀၁-၃၇၂၇၉၅၊ ၀၉-၄၇၂၄၆၆၁၂၆

**လက်တွေ့အသုံးချ လွယ်ကူလေ့လာ အင်္ဂလိပ်သဒ္ဒါ(အခြေခံ)**

တန်ဖိုး ၁၅၀၀/–ကျပ်

ဆရာဦးကျော်ဆွေ

သဒ္ဒါမတတ်လျှင် စာမတတ်ဟုဆိုရိုးစကားရှိသကဲ့သို့ စာပေတစ်ခုကိုလေ့လာရာတွင် သဒ္ဒါသည် စာ၏အုတ်မြစ်အခြေခံဖြစ်ပါသည်။ အခြေခိုင်အစနိုင်မှသာလျှင် အနာဂတ်ကောင်းမည်ဖြစ်ပါသည်။ ဤ Grammer စာအုပ်ကို ကျောင်းသားလူငယ်များ၊ တက္ကသိုလ်ကျောင်းသားများ၊ အင်္ဂလိပ်စာလေ့လာနေသူတိုင်းအတွက် လွယ်ကူထိရောက်စေရန် အကောင်းဆုံး၊ အရှင်းဆုံး၊ အလွယ်ဆုံးသောပုံစံဖြင့် ဆရာလွတ်လေ့လာနိုင်ရန်အတွက် ရည်ရွယ်ထားပါသည်။

မဇ္ဈိမစာပေ၊ အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅

**UK Teaching Qualifications in Myanmar**

အမှတ် ၁၆၊ (၅) လွှာ၊ အောင်တော်မူလမ်း၊ ဂမုန်းပွင့်ကုန်တိုက်ဘေးလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ Ph: 09421008412

SIS Education Services "Teaching for the society"

**Diploma in TESOL**

London Teacher Training College နှင့် Special Partner Status ရ SIS Education Services တို့ပူးပေါင်းဖွင့်လှစ်သော နိုင်ငံတကာအသိအမှတ်ပြု အင်္ဂလိပ်စာသင်ကြားရေး Diploma ဖြစ်ပါသည်။ International School များတွင် Teacher Training များပေးခဲ့သော Certified TESOL Trainer **ဆရာ ဦးထင်အောင်ကျော်** B.A (Eng;), Dip-ELTM, M.A (EFL) ကိုယ်တိုင်သင်ကြားပါမည်။

ဖတ်စရာ

# မြှုပ်နှံရသာယနမြင်းခွာရွက်သက်ရှည်ဆေးပင်

à &mrn(ao,

"လူတို့အတွက် အသက်ရှည်ဆေးတွေ့ပြီ" ဟူသော ခေါင်းစဉ်ဖြင့် မြင်းခွာရွက်၏ထူးခြားသော အစွမ်းသတ္တိကို တခမ်းတနားဖြင့် ၁၉၃၁ ခုနှစ် မတ်လထုတ် လန်ဒန်နေ့စဉ်သတင်းစာကြီး London Daily Express တွင်ဖော်ပြထားသည်။ သီဟိုဠ်ကျွန်း၊ အာဖရိကနှင့် အယ်လ်ဂျီးရီးယားတိုင်းပြည်များတွင် မြင်းခွာရွက်ကို အများအပြား စိုက်ပျိုးကြရန် ဗြိတိသျှနှင့် ပြင်သစ်အစိုးရများ ကြေညာချက်ထုတ်ဆင့်ထားကြောင်းလည်း ဖော်ပြထားသည်။

မြန်မာများအဖို့ မြင်းခွာရွက်သည် စိမ်းမနေပါ၊ အထူးသဖြင့် တောသူတောင်သားများနှင့် ရင်းနှီးပြီးသော လယ်တောခွင် ထမင်းဝိုင်းမှာ အတို့အမြှုပ်အနေဖြင့်လည်းကောင်း၊ အသုပ်အနေဖြင့်လည်းကောင်း၊ ငရုပ်ကောင်း၊ ကြက်သွန်ဖြူတို့နှင့် တွဲဖက်လျက် ဟင်းချို၊ ဟင်းခါးအနေဖြင့်လည်းကောင်း နှုတ်မြိန်စေသော တောထမင်းဝိုင်းတွင် ပါဝင်နေကြဖြစ်သည်။

မြင်းခွာရွက်ကို သက္ကတအမည်အားဖြင့် မြှုပ်နှံ မည်ပါသည်။ ဝိဂြိုဟ်ပြုသော် "အာယုံဗဟုတိဝဒ္ဒတီတိဗဟ္မ" ဟူ၍ ဖြစ်ရာအနက်မှာကား "အာယုံ-အသက်ကို၊ ဗဟုတိဝဒ္ဒတိ-တိုးပွားစေ၏၊ က္ကတိတသ္မာ ထို့ကြောင့် ဗဟ္မ၊ မြှုပ်နှံ မည်၏။ မြန်မာဘာသာသက်သက်မှာကား "မြင်းခွာ"မည်၏ဟူ၍ ရှေးဆရာကြီးများက ဝိဂြိုဟ်ပြုခဲ့ကြ၏။ အနောက်တိုင်းသားများမှာ ဉပမာ-ပြင်သစ် (Bevilaque)၊ ဂျာမနီ (Wasernabel)၊ ဖိလစ်ပိုင်(Rabasa)၊ အင်္ဂလိပ် (Indan Penny Worth )၊ ပါဠိ(ဗဟ္မ)စသည်ဖြင့်ရှိသည်။ မြင်းခွာဟူ၍ မိမိတို့မြန်မာများအသိများကြသည်မှာ ရိုးရိုးမြင်းခွာ၊ အညာမြင်းခွာ၊ ကုလားမြင်းခွာ၊ ဆေးမြင်းခွာဖြစ်ကြသည်။

မြင်းခွာမှာ မှိုနားတို၊ ဝက်ကြွတ်ပင်တို့ကဲ့သို့ မြေတွင်ကပ်လျက်ပေါက်သော အပင်မျိုး၊ ပင်ငယ်မျိုးဖြစ်သည်။ မြန်မာပြည်ကဲ့သို့ ပူအိုက်စွတ်စိုသောတိုင်းပြည်တွင် အနှံ့အပြားပေါက်ရောက်ရှင်သန်လေ့ရှိသည်။ မြေမွမြေရွှံ့များကို ကြိုက်သည်။ အလင်းရောင်ကိုလည်း သဘောကျသည်။ မြင်းခွာကို အပင်မှ၊ အစေ့မှ စိုက်ပျိုးနိုင်သည်။ မြန်မာများကမူ ပေါများသည်နှင့်အမျှ အထူးတလည်စိုက်တတ်ကြသူများ နည်းပါးပါသည်။ တိုင်းတစ်ပါးသားများကဲ့သို့ နိုင်ငံတကာသို့တိုင် ဖြန့်ချိရောင်းချသည့် အသက်ရှည်ဆေးများ၊ ဖျော်ရည်များ၊ အားတိုးဆေးများ ထုတ်လုပ်ပါက လယ်ကွင်း လယ်ကွက်များတွင် ထွန်ထယ်လိုက်၍ မြေပြုပြင် စိုက်ပျိုးနိုင်ပါသည်။

အင်္ဂလန်ပြည်၊ ပြင်သစ်ပြည်တို့တွင် မြင်းခွာကို ရှာလပတ်ရည်ပြုလုပ်၍ ပုလင်းများတွင် ပက်ကင်လှလှ ပြုလုပ်ကာ အပြည်ပြည်သို့ ရောင်းချကြသည်။ တစ်နှစ်တစ်နှစ် နိုင်ငံခြားဝင်ငွေ များစွာရသည်ဟု ဆိုသည်။ ခေတ်သစ်ဆရာဝန်များကမူ မြင်းခွာရွက်ထက်အရိုးက ပိုမိုသတ္တိထူးရှိသည်ဟုဆိုသည်။ ယင်းမြင်းခွာကိုဓာတ်ခွဲကြည့်ရာ Villarin (ဗီလာရင်း) ဟူသော အဖြူတိုးကလေးများနှင့် သကြားအချိုဓာတ်၊ ဆား၊ အဆီစသော ဓာတ်များ ကြွယ်ဝစွာပါရှိသည်။ ဗီလာရင်းသည် ခါးသက်သက်ရှိ၍ အစာအိမ်အားတိုးဆေး၊ အစာကြေဆေးများအဖြစ်လည်းကောင်း၊ ထိုမှတစ်ပါး Elixir အသက်ရှည်စေတတ်သော အရွက်ဟူ၍ တန်ဖိုးထားကာ အမှုန့်ထောင်း၊ အသက်ရှည်ဆေးအဖြစ်ဖြင့် အနောက်နိုင်ငံသားတို့ ရောင်းချကြသည်။ ထို့ပြင် Hydrocotyle Tonic မြင်းခွာရွက်အားတိုးဆေးများကို ပါဖော်စပ်အသုံးပြုကြသည်။

အိန္ဒိယနိုင်ငံ မဒရပ်မြို့ရှိ ကုဋ္ဌနူနာဆေးရုံတွင် အမှုထမ်းခဲ့သော ဒေါက်တာဟန်းတား (Dr.A.Hunter)က ယင်းရောဂါကို ကုသရာတွင် များစွာ အကူအညီပေးသည့်အပြင် အခြားသောရောဂါအမျိုးမျိုးကိုလည်း ပျောက်ကင်းစေသည်ဟု ကိုယ်တိုင်စမ်းသပ်သိရှိခဲ့သည်။ မလာဘာ ကမ်းခြေ Malaba Coast သားတို့၏ အဆိုမှာ ဆစ်ဖလစ် ရောဂါကြောင့်ဖြစ်သော အရေပြားရောဂါများ၌ အတွင်းဆေး၊ အပြင်ဆေးနှစ်မျိုးစလုံးတွင် လွန်စွာအကျိုးပြုသော ဆေးအဖြစ် လူတိုင်းသိကြသည်။

မြင်းခွာ ၃၊ ၄ ရွက်ကို စမုံနက်၊ သကြားနှင့် ရော၍တိုက်ကြသည်။ အရွက်ကို ထုထောင်း၍ ချက်၌ လိမ်းကျံအုံပေးကြသည်။ ထိုထက်မက ကောကဒ်နယ်တွင် ဆံ့အသူများကို နေ့စဉ်မြင်းခွာ တစ်ရွက်၊ နှစ်ရွက် မနက်ညကျွေး၏။ သွေးအပူကြောင့်ဖြစ်သော အရေပြားယားနာများကိုလည်း အရွက်ပွတ်ချေ လိမ်းကျံ ပေးနိုင်သည်။

မြင်းခွာရိုးကိုသုတေသနပြုကြသော K.C. Bose ကေစီဘို့(စ်)နှင့် K.N.Bose ကေအင်(န်)ဘို့(စ်)တို့သည် မြင်းခွာရိုးတွင် Brahamin (ဘရာဟမင်း)မည်သော အဆိပ်တစ်မျိုးတွေ့သည်။ ခပေါင်းကြီးတွင်တွေ့ရသော Strkenine (စတရကနိုင်း)နှင့်တူ၏။ အဆိပ်ပြင်းမျိုးဖြစ်၍ အနည်းငယ်မျှ ဖားကိုတိုက်ကြည့်ရာ ၁၀ မိနစ်တွင်သေ၏။ ကြွက်ကိုလည်း အလားတူ တိုက်ရာ ၂၄နာရီနှင့်သေ၏။ လူကိုတိုက်ရာ သွေးတိုးမြန်လာ၊ နှလုံးစိုင်များ ထက်မြက်လာ၊ အသက်ရှူပြွန်၊ သူငယ်အိမ်၊ အူသိမ်များ ထက်မြက်လာသည်ဟုဆိုသည်။ ဘို့(စ်)သည် မြင်းခွာရွက်ခြောက်မှုန့်ကို နှလုံးအားနည်းခြင်း၊ အကြောကွန်ရက် လျော့ပါးခြင်း၊ ဦးနှောက်အားနည်းခြင်းတို့၌ အသုံးပြုကြည့်ဖူးရာ လွန်စွာ အကျိုးပြုသည်ဟုဆိုသည်။

သီဟိုဠ်၌လည်း မြင်းခွာကို အားတိုးဆေးအဖြစ်လည်းကောင်း၊ သွေးစင်ကြယ်စေသောဆေးအဖြစ်လည်းကောင်း၊ အစာကြေဆေးအဖြစ်လည်းကောင်း၊ အကြောရောဂါ၊ ဝမ်းကိုက်ရောဂါစသည်ဖြင့် ဘက်စုံသုံးကြသည်။ ဂျာဗားကျွန်း သူ/သားများကမူ ဆီးဆေးအဖြစ် ဆီးရောဂါများကိုကုသကြသည်။ အင်ဒိုချိုင်းနားတွင် အထက်ပါရောဂါများ ကုသသည့်အပြင်နူနာရောဂါ အထူးသဖြင့်အသုံးပြုကြသည်။ မြင်းခွာကိုအမှုန့်ပြု၍လည်းကောင်း၊ ပြုတ်ရည်အဖြစ် လည်းကောင်း၊ ရှာလပတ်ရည်အဖြစ်လည်းကောင်း ပြုလုပ်အသုံးပြုကြသည်။

အာယုဗ္ဗေဒ ဆေးကျမ်း အလိုအားဖြင့် မြင်းခွာရိုးသည် ခါး၏၊ အေး၏၊ ချို၏၊ အစာကြေစေ၏။ အားသစ်ကို ဖြစ်စေ၏။ နှုတ်မြိန်၊ အသံကောင်းစေ၏။ မှတ်ဉာဏ်တိုးပွားစေတတ်၏။ ခရုသင်းရောဂါ၊ ယောနိ၌ဖြစ်သောရောဂါ။ ကိုယ်ရေဝါရောဂါ၊ သွေးကြောင့်ဖြစ်သော ရောဂါ၊ အဆုတ်ပြွန်ရောင်ရောဂါ၊ ပူခြင်း၊ အဖျား၊ သည်းခြေပျက်နာ၊ အဖျဉ်းကြီး၊ ရေငတ်၊ ပန်းနာ၊ ကျောက်ရောဂါစသည်တို့ ပျောက်ကင်းစေတတ်၏။ သလိပ်ကို ပယ်တတ်၏ဟု ဆိုထားသည်။

ခွန်အားတိုးဆေးအဖြစ် ပြုပြင်သုံးစွဲရာ၌ မြင်းခွာရွက်သတ္တုရည်ကို သကြား၊ ပျားရည် ရော၍ လျက်ပေးနိုင်သည်။ ထို့ပြင် နွားနို့ပူပူကိုသောက်ပါ။ ဤနည်းအတိုင်း ၂၁ ရက် (ဝါ) ၄၁ ရက်မျှသောက်ပေးသော် အံ့သြဖွယ် ခွန်အားတိုးတက်လာမည်ဟုဆိုသည်။ ကလေးငယ်များ ချောင်းဆိုးအဆုတ်အနာအတွက် မြင်းခွာမှုန့်ကို ပူနွေးအောင်ပြု၍ ရင်ဘတ်တွင် လိမ်းကျံပါ။ မြင်းခွာသတ္တုရည်တစ်ကျပ်ရှစ်ပဲသားကို ရေနံ့ဆီဆတူတွင်ရောမွှေပါ၊ ဒူးနာ၊ အဆစ်အမြစ်နာ၊ အဖုအကျိတ်နာများကို လူးလိမ့်ပွတ်နယ်ပေးရသည်။

ပါဒရက်ရောဂါအတွက် မြင်းခွာ ၁၂ ပဲ၊ ငရုပ်ကောင်းစေ့ ၁၁ စေ့ကို အမှုန့်ပြု၊ ရေတစ်ကျပ်သားနှင့် ရော၍ သောက်ပါ။ ဂျုံနှင့်လုပ်ထားသောမုန့်၊ ၁၅ရက်(ဝါ) ၁၁ ရက်တိုင်အောင် စားပေးခဲ့သော် ပါဒရက်ရောဂါ ပျောက်ကင်းရ၏။ ဆေးသောက်စ၌ အရေပြား ပူလာမည်။ နောက်ယားယံလာမည်။ အရေပြားနီမြန်းလာ၏။ သွေးသားလှုပ်ရှားမှုလည်း လျင်မြန်လာ၏။ အကြောများမာကြောလာမည်။ အစာဆာလောင်လာမည်။ ပြီးကာမှ အရေပြားများ ပြန်လည် နူးညံ့လာပါမည်။ ချွေးများထွက်လာမည်။ ရက်ကြာကြာစွဲစားသော် အရေပြားကောင်းလာမည်။ ကိုင်တွယ်မှု၊ ထိတွေ့မှု အာရုံရရှိလာ မည်ဖြစ်သည်။ (ပါဒရက်ရောဂါသည် အရေပြားထိတွေ့မှု အာရုံမသိသောရောဂါဖြစ်ပါသည်) သတိမေ့တတ်၊ မှတ်ဉာဏ်ထုံထိုင်းသူများအတွက် မြင်းခွာဆီကိုခေါင်းထက်လိမ်းပေးရ၏။ ထိုထက်မက ကင်းမြီးကောက်ကိုက် ခြင်းလည်း ပျောက်စေတတ်၏။

မိမိတို့မြန်မာများအဖို့ မြင်းခွာကိုအသုံးပြုကြပုံမှာ ဆီးရောဂါရှိသူကို မြင်းခွာကိုရေနှင့်ကျို၍တိုက်ကျွေးသည်။ ဆီးနည်း၊ ဆီးကျန်၊ ဆီးအောင့်သူတို့ကို မြင်းခွာသတ္တုရည်နှင့် သကြားရော၍တိုက်ကြသည်။ မြင်းခွာ ပဥ္စငါးပါးကိုခူး၍ ရေနှင့်စင်ကြယ်စွာဆေးကြောကာ အရိပ်တွင် ခြောက်သွေ့စေသည်။ ထို့နောက်မှ အမှုန့်ပြု၊ ပုလင်း၊ ဖန်ဘူးတွင်ထည့်ထား၍ ပျားရည်နှင့် တစ်နေ့ ၃ရွေးသားမှ ၅ ရွေးအထိသောက်ရသည်။ အကျိုးမှာ အနာရောဂါကင်း၊ အသက်ရှည်ခြင်းဖြစ်ပါသည်။

နောက် မြင်းခွာကို ရေနှင့်ကြိတ်၍ အနာတွင် အုံပေးက အနာမရင်းဘဲ၊ အကျက်မြန်ပါသည်။ အသားနုတက်မြန်သည်။ ထို့ပြင် အမာရွတ်လည်းမထင်။ အသားပကတိဖြစ်၏။ ကိုယ်ရေယားယံက မြင်းခွာသတ္တုရည်ကို ဗစလင် ၂ ဆ ရော၍ လိမ်းကြသည်။ မြင်းခွာ ၉၀ ကျပ်သားကို ရေတစ်ပုံးခန့်ပြုတ်ကာ ချိုးရေအဖြစ်ပေးရသည်။

စာမျက်နှာ ၁၇ သို့



Royal Gandamar Travels & Tours
ဝါလကင်းလွတ် သီတင်းကျွတ်ခရီးစဉ်များ

| | | | |
|---|---|---|---|
| >အင်းလေး-တောင်ကြီး-ထန့်စမ်းဂူ(၅ရက်) ကလော-ပင်းတယ | Oct 7,10 | Classic / VIP | *140000 / 180000 |
| >ပုဂံ-ညောင်ဦး-ပုပ်ပါး-ပခုက္ကူ (၅ရက်) | Oct 7 | VIP | 170000 |
| >မော်လမြိုင်-ကျိုက်ခမီ-ဇင်းကျိုက်(နေ့ချင်းပြန်) | Oct 4,7 | | 35000 |
| >ပြည်-အကောက်တောင် (နေ့ချင်းပြန်) | Oct 4,7,25 | | 30000 |
| >ချောင်းသာ (၂ညအိပ်၊ ၃ရက်) Hotel Max | Oct 18, Nov1 | | 105,000/85,000 |

Call:09 333 53275,09 250 892626,095127969
အမှတ် (၆၉)၊ ဒုထပ်၊ ကိုင်းတန်းလမ်း လမ်းမတော်မြို့နယ်။
3*Hotel, Scania ကား, Meals, Guide စရိတ်ငြိမ်း

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
၁။ တက္ကသိုလ်ရိပ်မွန်ကွန်ဒို၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ၃၃၁၇sqft (ထောင့်ခန်း)၊ MBR(3)၊ BR(2) Ph(4)လုံး၊Air Con (8)လုံး၊ကျွန်းပါကေးခင်း၊ အဆင့်မြင့်ပြင်ပြီး၊ lift၊ Car Parking၊ Security ၇၆၀၀ သိန်း
၂။ ကံ့ကော်ကွန်ဒို၊ ဗိုလ်ရာညွန့်လမ်းမမျက်နှာမူ၊ ဒဂုံမြို့နယ်၊ ၁၅၀၀ sqft၊ MBR(2),BR(3),Ph(2) လုံး၊ Air Con (5) လုံး၊ ကျွန်းပါကေးခင်း၊ အဆင့်မြင့်ပြင်ပြီး၊ lift၊ Car Parking၊ Security ၃၄၅၀ သိန်း
Ph : 09- 25 4808 678, 09-25 444 9589

တက္ကသိုလ်ဝင်တန်း၊ IGCSE/GCE 0-Level အောင်မြင်ပြီးသူများ Foundation Course မှစတင်တက်ရောက်နိုင်ပြီး၊ A.G.T.I, B.Tech အောင်မြင်ထားသူများ ပထမနှစ်မှစတင် တက်ရောက်နိုင်သော
BTEC (HND) အဆင့်မြင့်အင်ဂျင်နီယာဒီပလိုမာတွဲ့သင်တန်းများ
Construction and the Built Environment (Civil Engineering)
Mechanical
Electrical and Electronic
edexcel Approved No.93704
TECH Training Centre တွင် BTEC (HND) (၂) နှစ် တက်ရောက်ပြီး နိုင်ငံတကာတက္ကသိုလ်ကြီးများတွင် Final Year (၁)နှစ် တက်ရောက်၍ B.Engg (Hons;) ဘွဲ့ရယူနိုင်မည် ဖြစ်သည်။
(နယ်ကျောင်းသားများအတွက် အဆောင် ရှိသည်။)
အောက်တိုဘာ ၂ ရက်စမည်။ 20% Off
TECH Training Centre
အမှတ်(၁၁)၊ အောင်မြေသာစည်လမ်း၊ ဆင်ရေတွင်းမှတ်တိုင်၊ ကမာရွတ်၊
Ph: 523579, 2304055, 0949341594, 0973043681

✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ-၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ်-၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ်-၂၀၁၃) နှင့် Certificate ရ
ဖျံ-၅-ကောင် အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ပါပြီ။
ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက(တနယ်ငင်း)၀၁၂/၀၂၁၄
ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)၊ ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း။
အမှတ်-၁၂၄၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၈၀၁၇၅၊ ၀၁ ၃၉၂၅၉၄၊ ၀၉ ၄၂၁၀၀ ၇၈၆၉။

# မွန်ပြည်နယ်ရှိမြို့နယ်များအတွင်းအခြေခံလျှပ်စစ်ပညာကျွမ်းကျင်မှုသင်တန်းပို့ချ

**မော်လမြိုင်၊ စက်တင်ဘာ ၂၆**

မွန်ပြည်နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီက ကြီးမှူး၍ လျှပ်စစ်ပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအား လျှပ်စစ်နှင့်သက်ဆိုင်သော ပညာရပ်များကို စနစ်တကျတတ်မြောက်၍ ကျွမ်းကျင်မှုရှိစေရန်အတွက် အခြေခံလျှပ်စစ်ကျွမ်းကျင်မှုသင်တန်း(၁/၂၀၁၄)ကို မော်လမြိုင်မြို့၊ ငန်းတေးဓာတ်အားပေးစက်ရုံ ခန်းမဆောင်တွင် စက်တင်ဘာ ၂၂ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော မိဘပြည်သူများ လူမှုရေးအဆင့်အတန်းမြင့်မားလာစေရန်နှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးရေးသည် အဓိကကျကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးနိုင်လဝီအောင်က သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

နိုင်ငံတစ်ဝှမ်းလုံး လျှပ်စစ်ဓာတ်အား ပိုမိုထုတ်ယူသုံးစွဲနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ငန်းတေးဓာတ်အားပေးစက်ရုံ ဝင်းအတွင်းတွင် IPP Myanmar Lighting ကုမ္ပဏီက ဂက်စ်တာဘိုင်ဖြင့် 230 MW အထိ အဆင့်ဆင့်ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်းနှင့် လျှပ်စစ်ဓာတ်အားကို ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် အသုံးချနိုင်ရေးဆောင်ရွက်ရန်အတွက် ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း စက်မှုလက်မှုဝန်ကြီး ဦးနိုင်လဝီအောင်က ဆက်လက်ပြောသည်။

အဆိုပါ သင်တန်းသို့ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ် မှ သင်တန်းသား ၃၃ ဦးတက်ရောက်ခဲ့ပြီး၊ သင်တန်းတွင် အခြေခံလျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း၊ လျှပ်စစ်တိုင်းတာရေးမီတာများ၊ လျှပ်စစ်ပတ်လမ်းနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ လျှပ်စစ်ဝါယာများ လျှပ်စစ်ကြိုးများ သွယ်တန်းတပ်ဆင်ခြင်း၊ မြေဓာတ်ချခြင်းနှင့် မိုးကြိုးလွှဲများ တပ်ဆင်အသုံးပြုခြင်း၊ ကောင်းကင်ဓာတ်အားလိုင်းများနှင့်လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးစသည့် သင်ခန်းစာများအား စာတွေ့လက်တွေ့ ဖြင့်အလုပ်ခွင်အတွင်း ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်သည်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကာ သင်တန်းကာလမှာ စက်တင်ဘာ ၂၂ မှ အောက်တိုဘာ ၂၁ ရက်အထိ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဆက်နေမင်းအောင်**

## မြဟ္မရသာယန မြင်းခွာရွက် သက်ရှည်...

စာမျက်နှာ – ၁၆ မှအဆက်

မိမိတို့သည် အသားအရေခြောက်ခန်းခြင်း၊ အကျိတ်ရောင်ခြင်း၊ အရေပြားရောဂါ၊ နူနာ၊ နာတာရှည်ရောဂါ၊ ကပ်ပယ်အိတ်ရောင်ရောဂါ၊ အိုင်းနာ၊ ဆင်ခြေထောက်ရောဂါစသည်တို့အတွက် မြင်းခွာရွက်နှင့် အခြားဆေးမယ်များ ပေါင်းစပ်ကာ ဆေးဖော်ကြသည်။ လိမ်းဆေး၊ ကပ်ဆေးများအဖြစ် အသုံးပြုကြသည်။ အဖျားကိုလည်း မြင်းခွာမှုန့် ၃ ရွေးသားမှ ၅ ရွေးသား တစ်နေ့သုံးကြိမ်တိုက်ပါက ပျောက်ကင်း၏။

နူနာ၊ လူပျိုနာအတွက် မြင်းခွာမှုန့် ၃/၅ ရွေး၊ တစ်နေ့သုံးကြိမ်သောက်စေပြီး၊ အနာပေါ်တွင်အမှုန့်ဖြူးပေးသည်၊ အစိမ်းကိုလည်း ကြိတ်၍အုံပေးနိုင်သည်။ ကုဋ္ဌနူနာတို့အတွက် အထူးထက်မြက်သောဆေးဖြစ်ပါ၏။ အနာပေါ်တွင် ဆေးမှုန့် အတော်ကြာကြာဆက်၍ ဖြူးမိလျှင် အသားများတင်းလာ၍ ယားလာတတ်၏။ ထိုအခါ ခေတ္တရပ်ထားပြီး၊ အယားသက်သာမှ ဆက်သုံးပါ။ မြင်းခွာရွက် မှုန့်မှာ လူ့သွေးသားကို မှန်ကန်စင်ကြယ်စေ၍ အနွေးဓာတ်ပေးသည်ဖြစ်ရာ အသားအရေနွေးလာပြီး အနာဖေးများကွာကျ၊ အသားအရေနုးညံ့လာမည်။

အရေပြားပေါ်၌ အနာပေါက်ခြင်း၊ ညောင်းကျနာဖြစ်ခြင်း၊ တစ်ကိုယ်လုံးဝါ၍ အစာမဝင်သောရောဂါတို့အတွက် ညစ်ယူခါစ လတ်ဆတ်သော မြင်းခွာရွက်အစိမ်းသတ္တုရည်ကို နွားနို့ရော၍ သောက်ပေးသော် ပျောက်ကင်းလွယ်၏။ ပင်စိမ်းရွက်၊ ငရုပ်ကောင်း၊ မြင်းခွာ ဤသုံးမျိုးကို ဆတူကြိတ်၍ ၃ ရွေးစီလုံးထားပြီး နံနက်/ည တစ်လုံးစီ သောက်ပေးပါက ငှက်ဖျား၊ နာတာရှည်ရောဂါကင်းစင်ကာ မည်သည့်ရောဂါမျှမကပ်ရောက်ဘဲ ကျန်းမာသက်ရှည်ရှိပါမည်။

မိမိတို့၏ အိမ်ခြံမြေများတွင် မြင်းခွာကို စိုက်ထားခြင်းဖြင့် အိမ်သုံးဆေးများအဖြစ် အလွယ်တကူ အသုံးချနိုင်ကြပါသည်။ လူငယ်များ ဝက်ခြံပေါက်လျှင် မြင်းခွာရွက်စိမ်းကြိတ်လိမ်းကျံပေးပါ။ အစားအသောက်များလျှင်၊ အဆိပ်အတောက်ဖြစ်လျှင် ပိတ်ချင်းသီးနှင့် မြင်းခွာရွက် ဆတူကြိတ်၊ ရေနွေးနှင့်သောက်။ မျက်စိနာသော် မြင်းခွာကို ချင်းစိမ်းနှင့် ရောကြိတ်၍ သောက်ရ၏။ စသည်ဖြင့် အလွယ်တကူ လက်တစ်ကမ်းအိမ်သုံးဆေးများဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ မရဝါ(ရ်)နယ်တွင် ကြွေကျသောနူနာရောဂါနှင့် ကာလသားရောဂါတို့ကြောင့်ဖြစ်သော အရေပြားရောဂါများကို အညာမြင်းခွာ အသုံးပြုကြ၏။ ဒေါက်တာဟန်တလီ Huntle သည် မဒရပ်ရှိ ကုဋ္ဌနူနာဆေးရုံတွင် ယင်းရောဂါသည်များကို အညာမြင်းခွာဖြင့် အောင်မြင်စွာကုသနေပါသည်။ အိန္ဒိယတွင် အရေပြားရောဂါကုသရာ၌ အလွန်ရှေးကျသောကာလကပင် အညာမြင်းခွာကို အသုံးပြုလာခဲ့သည်ဟု ဆိုသည်။ အိန္ဒိယပြည်ရှိ ဆေးဖော်စပ်ရောင်းချသော ကုမ္ပဏီတို့သည် အရွက်ကိုသာ အသုံးပြုနေကြသော်လည်း ခေတ်သစ်ဆေးသုတေသီတို့ကမူ အမြစ်၊ အခက်၊ အရွက်၊ အစေ့တို့ကိုပါ အသုံးပြုကြရန် ညွှန်ကြားလေ့ရှိသည်။ အကြောင်းမူ အစိတ်အပိုင်းတိုင်းတွင် အဖိုးတန်ဓာတ်သဘာဝများရှိသောကြောင့်ဟု ဆိုသည်။ မြင်းခွာကို အရိပ်၌သာ အခြောက်လှန်းရပါမည်။ သို့မှသာ ဓာတ်သဘာဝ ပျက်စီးမှုမရှိ ဖြစ်သည်။ အမှုန့်ပြုကာ သန့်ရှင်းသော ပုလင်းများ၌ ထည့်သိမ်းသင့်ပါသည်။

မြင်းခွာသည် လူတို့အတွက် ကျန်းမာရေး အထောက်အပံ့ များစွာဖြစ်စေပါသည်။ ရှေးရှေးသောမြန်မာနိုင်ငံသမိုင်းတွင် နေတစ်ဆူလတစ်ဆူပမာ ထင်ရှားကျော်ကြားခဲ့သော ဆေးကျမ်းများတွင်လည်း မြင်းခွာ၏အကျိုးအာနိသင်ကို အထူးတလည်ဖော်ပြခဲ့ကြသည်။ ဗုဒ္ဓရှင်တော်ဘုရား ထင်ရှားပွင့်တော်မမူမီကာလကပင် ပေါ်ပေါက်ခဲ့သော မန္တန္တရီ ဆေးကျမ်းကြီးတွင် မြင်းခွာ၏ ဆေးအစွမ်းသတ္တိထက်မြက်ပုံကို အကျယ်တဝင့် ရေးသားဖော်ပြခဲ့သည်ဟုဆိုသည်။ ဤကျမ်းလာစကားတို့ကို ထောက်၍ မြင်းခွာပင်ကို လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော်၊ သုံးထောင်နီးပါးကပင် လူတို့ မှီဝဲစားသုံးခဲ့ကြောင်း သိသာနိုင်ပါသည်။

ယင်းသို့ ဆေးဖော်စပ်သုံးစွဲခဲ့သည့် အသက်ရှည်ဆေးကို ဟိမဝန္တာသို့သော တောတောင်တို့တွင် အမှီပြုကာ တရားဘာဝနာအားထုတ်ကြသော သူတော်စင်၊ ရသေ့၊ ဇော်ဂျီတပသီများ စားသုံးမှီဝဲလျက် အသက်ရာ၊ ထောင် တည်နေခဲ့ဖူးသည်ဟုလည်း အဆိုရှိသည်။ ထို့ကြောင့်လည်း အိန္ဒိယတိုင်းရင်းသားများက နတ်ပေးသောဆေးပင်ဟု အယူရှိကာ ယုံကြည်ကြဟန်တူပါသည်။

ထို့ပြင် "သိနိဒ္ဓ နိစ္ဆယ" အမည်ရှိသော အိန္ဒိယ ဆေးကျမ်းတစ်စောင်တွင် ဖော်ပြထားသည်မှာ " အခါတစ်ပါး၌ အင်္ဂလိပ်ခရီးသည်ကြီးတစ်ဦးသည် တရုတ်ပြည်အတွင်း ခရီးလှည့်လည်စဉ် တောတွင်းတစ်နေရာ၌ သူ့စိတ်အထင် အသက်လေးဆယ်အရွယ်ခန့်ဟုထင်ရသော သူတော်စင်တစ်ဦးကို တွေ့ခဲ့ဖူးကြောင်း။ ထိုသူတော်စင်အား အသက်ကို မေးမြန်းသောအခါမှ နှစ်(၂၅၀)ရှိပြီဟုဆိုသဖြင့် ၎င်း၏အသက်ရှည်နုပျိုရခြင်းအကြောင်းကို ထပ်မံမေးရာ "မြင်းခွာရွက်ကို နေ့စဉ်စားသုံးနေသောကြောင့် ယခုကဲ့သို့ အသက်ရှည်ရသည်"ဟု ပြောပြသဖြင့် မှတ်သားခဲ့ရကြောင်းဖြင့် ရေးသားဖော်ပြထားပါသည်။

ယခုအခါတွင် မြင်းခွာပင်ကို အရှေ့တိုင်းသားများသာမက အနောက်တိုင်းသားများကပါ တစ်ကမ္ဘာလုံးလိုလို အထူးအာရုံပြုလျက်ရှိနေကြပြီဖြစ်သည်။ အစာအာဟာရအဖြစ်လည်းကောင်း၊ ဆေးဝါးအဖြစ်လည်းကောင်း၊ သောက်ဖွယ် အဖျော်ယမကာအဖြစ်လည်းကောင်း တွင်တွင်ကျယ်ကျယ်အသုံးပြုလာနေပြီဖြစ်သည်။

ယင်းသို့ အာရုံစိုက်လာကြသည်မှာ အထက်တွင်ဖော်ပြသော သူတော်စင်ဖြစ်ရပ်ထက် ၁၉၇၇ ခုနှစ်တွင် မွေးဖွားပြီး၊ ၁၉၃၃ခုနှစ် အသက် ၂၅၆ နှစ်တိတိတွင် ကွယ်လွန်ခဲ့သော တရုတ်နိုင်ငံသား ပါကင်ယူနီဗာဆီတီ (Pekin University )မှ ပါမောက္ခကြီးလီချင်ယွန် (Prof Liching Yun) ၏ အကြောင်းကြောင့်ဟု ဆိုရပါမည်။ ပါမောက္ခကြီး၏ အဓိကကိုယ်တွေ့အကြောင်းရင်းတစ်ရပ်မှာ "မြင်းခွာရွက်ကို အသက်ထက်ဆုံး မှီဝဲသုံးဆောင်လာခဲ့သူဖြစ်ကြောင်း" သိရသည်။

ထိုအကြောင်းအရာကို အနောက်တိုင်းသား လောကဓာတ်ပညာရှင်များသိရှိကာ မြင်းခွာရွက်အကြောင်း တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့ကျော်ကြားသွားလေတော့သည်ဟု ဦးလှဒင်စားပင်သုံးပင်ဆေးဖက်ဝင်စာအုပ်တွင် ရေးသားဖော်ပြထားသည်ကို စာမျက်နှာငှဲ၍ တန်သင့်ရုံမျှ ထုတ်နုတ်ရေးသားရခြင်းဖြစ်ပါသည်။

ဤမျှ သမိုင်းကြောင်းရှိခဲ့သည့် ဂန္တဝင်မြင်းခွာပင်ကို စာတစ်မျက်နှာမျှနှင့် ပြီးပြည့်စုံမည်တော့ မဟုတ်ပါ။ သို့သော်လည်း ရနိုင်သမျှဖြင့် ထူးခြားသော စားပင်သုံးပင် ဆေးဖက်ဝင်သော "နတ်ဆေးပင်" ဟုဆိုကြသည်မှာ လွန်လွန်ကဲကဲ ဆိုခြင်းတော့မဟုတ်။

မိမိတို့ အများသူငါမှာ လွယ်လွယ်ကူကူ၊ ပေါပေါများများ လက်တစ်ကမ်းမှာပင်တွေ့မြင်စားသုံးနေကြရသဖြင့်လည်း အလေးမမူ၊ ဂရုမပြုမိကြသူက များပါမည်။

ထို့သို့သောကြောင့် ကျန်းမာရေးအသိပညာဗဟုသုတ အလို့ငှာ ရေးသားလိုက်ရပါသည်။

## တမူးခရိုင်အတွင်းရှိ စပါးခင်းနှင့်အင်းများ ချောင်းများအတွင်း ငါးမျိုးများစိုက်ထည့်

**တမူး၊ စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့၊ မြို့မ(၃)ရပ်ကွက်၊ (မော်ကူး)ကွင်းအမှတ်(၂၅၅-A) ရှိ တောင်သူ ဦးညွန့်မောင်၏ စပါးခင်းနှင့် တမူးခရိုင်အတွင်းရှိ အင်းများ၊ ချောင်းများအတွင်းသို့ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၃၅၀၀၀ အား စက်တင်ဘာ ၂၀ ရက်က ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။

ငါးများအား တမူးခရိုင်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဦးမျိုးကြည်၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးလှသောင်း၊ တမူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်မောင်ထွဋ်နှင့်ဝန်ထမ်းများ၊ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်အတွင်းရေးမှူး ဦးမြင့်ဦး၊ မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောခမ်းတို့က စပါးခင်းနှင့် အင်းများ၊ ချောင်းများအတွင်းသို့ ထည့်ပေးခဲ့သည်။

အဆိုပါ ငါးသားပေါက်များအား တိုင်းဒေသကြီး ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော ခမ်းပတ်မြို့နယ်ရှိ ဦးဆလိုင်းဇဝုန်း၏ ငါးသားပေါက်ဖြန့်ဖြူးရေးငါးမွေးကန်မှ မျိုးစိုက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

Microsoft & Cisco Partner

လုပ်ငန်းခွင်ဝင် သီးသန့်နည်းပညာသင်တန်း

Digital City

Computer Professional Training

A+ Networking

Web Design

MCITP, CCNA

Mobile Hardware & Software

Graphic Design

နိုင်ငံတကာအသိအမှတ်ပြု certified ရသည်အထိသင်ကြားနိုင်သည့် အခွင့်အလမ်း

No (29) 5 fl,Insein Road,Hledan,Kamaryut ,Yangon,Myanmar 09-42010 1319

နံပါတ်နက်ကားငှားမည်
HONDA INSIGHT (ဖြူ)
9H/5-- TV, DVD, Back Camera ကားအလွန်သန့်
တစ်လ- ၄.၅ သိန်း
ဖုန်း ၀၉ -၄၂၅၂၆၃၈၈၆

FORKLIFT ရောင်းရန်
TOYOTA 1 ½ Ton
ဓာတ်ဆီ၊ ရောင်းဈေး သိန်း 70
ဆက်သွယ်ရန်-
09-73235958, 09-5149757

ဂိုဒေါင်မှူးအလိုရှိသည်
တောင်ဒဂုံစက်မှု (ဇုန်) ၁
ဖုန်း-၃၇၂၅၃၀၊
၀၉-၅၀၁၁၅၉၄

ပျောက်ဆုံးကြောင်းကြေညာခြင်း
နိုင်ငံတကာကုန်သွယ်မှုကုမ္ပဏီလီမိတက်
(Waaneiza Worldwide Trading Co.,Ltd.) ကုမ္ပဏီမှတ်ပုံတင်အမှတ်-
ခ ၂၅/၂၀၀၈-၂၀၁၀၉(၃.၁၀.၂၀၀၈)သည်
၁၅-၉-၂၀၁၄ရက်တွင်ထုတ်ကုန်သွင်းကုန်
လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ပျောက်ဆုံးသွား
ပါသဖြင့်တွေ့ရှိပါက
ဆက်သွယ်ပေးပါရန်မေတ္တာရပ်ခံအပ်ပါသည်။
ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၁-၂၂၃၃၂

သွေးတိုးရောဂါရှင်များအတွက်
လေးပါးရာဇာ
သွေးတိုးကျဆေးပြား
တဆဝက (စာနယ်ဇင်း)/၁၁၂/၁၂၁၃
Ph : 09-51 64 814 , 09-731 28 281 , 09-730 31 820

လက်ရှိ အသုံးပြုနေသော Network Game ဆိုင်ပစ္စည်းများ အစုံလိုက် ရောင်းမည်။
ဖုန်း-၀၉ ၃၂၀၂၃၉၂၅

အင်္ဂလိပ်စာ တတ်လိုသော်နှင့် WEBS ၏ရပ်တည်ချက်

WEBS ရှိ အင်္ဂလိပ်စာသင်တန်းအားလုံးကို တက်ရောက်ပြီးပါက အင်္ဂလိပ်စာနှင့် ပက်သက်၍ မည်သည့်သင်တန်းကိုမှ ထပ်မံ၍ တက်ရောက်ရန် မလိုတော့ပါ။ အစ၊ အလယ်၊ အဆုံး အလုံးစုံ ပြီးပြည့်ကောင်းမွန်အောင် စီစဉ်ထားပါသည်။ သင်တန်းတစ်ခုပြီးတိုင်း အင်္ဂလန်နိုင်ငံ Cambridge တက္ကသိုလ်က အောင်လက်မှတ်ရရှိမည်။

WEBS World-class English & Business School
A World-class Learning Experience 09 5151398
➤ Four Skills ➤ Cambridge Exams 63 (3-A) လှည်းတန်း၊ လှည်းတန်းလမ်းမကြီး

သီရိကွန်ဒို
တိုက်ခန်းအကျယ်ငှားမည်

ပုဇွန်တောင်မြို့နယ်၊ (၄၉)လမ်းရှိ သီရိကွန်ဒို၊ မြေညီထပ်၊ အကျယ်အဝန်း (၂၅×၆၀)ပေ၊ အမြင့် (၁၈)ပေ၊ ထပ်ခိုး(၆၀%)ပါပြီး (Hall Type) အသင့်နေနိုင်/ရုံးခန်းဖွင့်နိုင်ပြီး လုပ်ငန်းရှင်များ အကြိုက်ဖြစ်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၈၅၀၁၄၄၀

ကျန်းမာရေးဆောင်းပါး

# ခြေဖနောင့်ကွဲအက်ခြင်းအတွက် ရိုးရှင်းလွယ်ကူသော အိမ်တွင်းကုထုံးများ

**à wifkufkufZmf**

မကြာခင် တစ်မိုးကုန်လို့ တစ်ဆောင်းဝင်လာပါတော့မယ်။ ခန္ဓာကိုယ်တွင်း အပူဓာတ်များသူတွေနဲ့ နေ့ခင်းဘက် နေပူပူထဲ လမ်းလျှောက်အထွက်များသူတွေအဖို့ ဆောင်းရာသီရောက်တဲ့အခါ အပူကန်ထွက်လေ့ရှိကြပြီး ခြေဖနောင့်အရေပြားများ ကွဲအက်လာပါတော့တယ်။ အချို့သူတွေမှာ သိပ်ဆိုးဆိုးရွားရွားကြီးမဟုတ် အမြင်ဆိုးရုံလောက်သာ ကွဲအက်ကြသော်လည်း၊ အချို့ကတော့ ကွဲထွက်နေသော အရေပြားအစအနတွေကတစ်ဆင့် အဝတ်အထည်နဲ့ပွတ်တိုက်၍ အသားစလန်သွေးထွက်ကာ မေးခိုင်ပိုးအန္တရာယ် ဖြစ်စေလာနိုင်ပါတယ်။

ခြေဖနောင့်ကွဲအက်ခြင်းအတွက် ရေချိုးတဲ့အခါ ဖနောင့်အချင်းချင်း ခပ်ကြမ်းကြမ်းပွတ်တိုက်၍သော်လည်းကောင်း၊ ရေချိုးခန်းတမံသလင်း(သို့မဟုတ်)ရေချိုးခန်းသုံးကျောက်ခဲတုံးလေးဖြင့် ပွတ်တိုက်၍သော်လည်းကောင်း ဤသို့ပြုပေးခြင်းဖြင့် အရေပြားချောမွေ့သွားစေပါတယ်။ အကယ်၍ ကြီးကြီးမားမားကွဲအက်သူများအဖို့ အရေပြားစလေးတွေကို လက်သည်းညှပ်လေးနဲ့ ညှပ်ထုတ်ပေးပြီး အောက်ပါရိုးရှင်းလွယ်ကူတဲ့ အိမ်တွင်းကုထုံး ရှစ်မျိုးထဲမှ မိမိအတွက် အဆင်ပြေရာကိုသုံး၍ ကုစားနိုင်ပါတယ်။

**(၁) သံပရာရည်၊ ဆား၊ အလှဆီ၊ နှင်းဆီရည်တို့ဖြင့် ခြေဖနောင့် ပေါင်းတင်နည်း။**

(Glycerine (ခေါ်)သကြားဆီ၊ အလှဆီနဲ့ Rose water (ခေါ်)နှင်းဆီရည်တို့ကို အလှကုန်ပစ္စည်းဆိုင်တွေမှာ အလွယ်တကူ ဝယ်ယူနိုင်ပါတယ်။) ညအိပ်ရာမဝင်ခင် ဇလုံကြီးကြီးတစ်ခုထဲမှာ ခြေမျက်စိမြုပ်တဲ့အထိ ရေခပ်နွေးနွေးလောင်းထည့်ပြီး ဆားကြမ်း၊ သံပရာရည်၊ Glycerine နဲ့ Rose water တို့ သင့်ရုံရောထည့်၍ မိနစ် ၂၀ လောက် ခြေထောက်နှစ်ချောင်းစလုံး နှစ်စိမ်ထားပါ။ ပြီးရင် ခြေထောက်တိုက်တဲ့ ကျောက်တုံးလေးနဲ့ ခြေဖနောင့်တွေကို ခတ်ကြမ်းကြမ်းပွတ်တိုက်ပေးပါ။ ထို့နောက် Glycerine စားပွဲတင်ဇွန်း တစ်ဇွန်း၊ Rose water စားပွဲတင်ဇွန်း တစ်ဇွန်း၊ သံပရာရည် စားပွဲတင်ဇွန်းတစ်ဇွန်းတို့ရောပြီး ဖနောင့်ကိုလိမ်း၍ အိပ်ပေးပါ။ (ကပ်စေးစေးဖြစ်စေတာကြောင့် ခြေဖနောင့်ကို အဝတ်စသန့်သန့်ဖြင့်ထုပ်၍သော်လည်းကောင်း၊ ခြေအိတ်စွပ်၍သော်လည်းကောင်း အိပ်ရာဝင်ပါ။) နံနက်မိုးလင်းတဲ့အခါ ရေနွေးနွေးလေးနဲ့ ပြန်ဆေးပေးလိုက်ပါ။ ဤအတိုင်း ရက်သတ္တပတ်လောက် ခြေဖနောင့်အရေပြား ချောမွေ့လာတဲ့အထိ နေ့စဉ် ဆက်လုပ်ပေးပါ။

**(၂) ငှက်ပျောသီး၊ ထောပတ်သီးတို့ဖြင့် ပေါင်းတင်နည်း။**

ငှက်ပျောသီးမှည့်တစ်လုံးကို အခွံနွှာပြီးနောက် ထောပတ်သီးမှည့်တစ်ဝက်တို့ကိုယူ၍ ကြိတ်စက်ထဲရောထည့်ကြိတ်မွှေပါ။ ပြီးနောက် ရလာတဲ့အနှစ်ပျစ်ပျစ်တွေဖြင့် ခြေဖနောင့်ကိုပွတ်လိမ်းပေးပါ။ (ထောပတ်သီးအစား အုန်းသီးစိမ်း(တစ်ဝက်) ကို သုံးနိုင်ပါတယ်။ ထောပတ်သီးနဲ့ အုန်းသီးစိမ်းတို့ထဲမှာ အရေပြားကွဲအက်ခြောက်သွေ့ခြင်းအတွက် မရှိမဖြစ်လိုအပ်တဲ့ ဗီတာမင်နဲ့ အဆီဓာတ်တွေ အမြောက်အမြားပါရှိလို့ အရေပြားအစိုဓာတ်ထိန်းပေးကာ နူးညံ့ချောမွေ့ လာစေပါတယ်။)

အကယ်၍ ထောပတ်သီးဝယ်ဖို့ အဆင်မပြေပါက ငှက်ပျောသီးမှည့်တစ်မျိုးတည်းဖြင့် ပေါင်းတင်လို့ရပါတယ်။ ငှက်ပျောသီးမှည့်မှည့်ကို အခွံနွှာ၍ အထဲကအနှစ်များဖြင့် ခြေဖနောင့်ကို ပွတ်လိမ်းပေးပြီးနောက် ၁၀ မိနစ်အကြာမှာ ရေအေးဖြင့် ဆေးကြောပေးလိုက်ပါ။ ခဏအကြာမှာ နူးညံ့ချောမွေ့လာပါလိမ့်မယ်။

**(၃) ဆန်မှုန့်၊ ပျားရည်၊ ရှလကာရည်တို့ဖြင့် ပေါင်းတင်နည်း။**

(ဤနည်းက အရေပြားဆဲလ်အသေများကိုဖယ်ရှားပေးပါတယ်။) ဆန်မှုန့် စားပွဲတင်ဇွန်း နှစ်ဇွန်းမောက်မောက်ကို ပျားရည် စားပွဲတင်ဇွန်း သုံးဇွန်း၊ ရှလကာရည် စားပွဲတင်ဇွန်း သုံးဇွန်းတို့နဲ့ ရောမွှေပါ။ (သံလွင်ဆီရနိုင်ပါက စားပွဲတင်ဇွန်းတစ်ဇွန်း ရောထည့်ပေးပါ။) ရေနွေးနွေးလေးထဲမှာ ၁၀ မိနစ်လောက် ခြေထောက်စိမ်ထားပြီးနောက် စောစောကရောနှောထားတဲ့ ဆန်မှုန့်အနှစ်များနဲ့ ခြေဖနောင့်ကိုပွတ်လိမ်းပေးပါ။

**(၄) ဟင်းရွက်ဆီ**

(အရေပြားခြောက်သွေ့ခြင်းကြောင့် ကွဲအက်လာတဲ့ ခြေဖနောင့်တွေကို ဟင်းရွက်ဆီက ကောင်းစွာကုသပေးနိုင်ပါတယ်) ညအိပ်ရာမဝင်ခင် ဦးစွာ ခြေဖနောင့်ကို ဆပ်ပြာနဲ့ သန့်စင်အောင်ဆေး၊ ရေခြောက်အောင်သုတ်ပြီးတော့ ဟင်းရွက်ဆီဖြင့် အထဲထိစိမ့်ဝင်အောင် စိတ်ရှည်ရှည်ဖြင့် ဖိလိမ်းပေးပါ။ (ခြေဖနောင့်ကို အဝတ်စသန့်သန့်ဖြင့်ထုပ်၍သော်လည်းကောင်း၊ ခြေအိတ်စွပ်၍သော်လည်းကောင်း အိပ်ရာဝင်ပါ။)

နံနက်မိုးလင်းတဲ့အခါ ပုံမှန်ရေချိုးပေးလိုက်ရုံပါပဲ။ ဤနည်းအတိုင်း ရက်သတ္တပတ်လောက် ခြေဖနောင့်အရေပြား ချောမွေ့လာတဲ့အထိ ဆက်လုပ်ပေးပါ။

**(၅) ပျားရည်**

(ပျားရည်က အစိုဓာတ်ထိန်းပေးတဲ့အပြင် ပိုးသေစေတဲ့အစွမ်းသတ္တိရှိလို့ ခြေဖနောင့်ကွဲအက်ခြင်းအတွက် အသုံးတည့်လှပါတယ်။) ရေပုံးထဲ ရေခပ်နွေးနွေးထက်ဝက်ခန့်ထည့်ပြီး၊ ပျားရည်ကို လက်ဖက်ရည်ခွက် တစ်ခွက်စာ ပမာဏခန့်ထည့်ရောပေးပါ။ ထိုအရောအနှောထဲကို ခြေထောက်နှစ်၍ မိနစ် ၂၀ လောက်စိမ်ထားပါ။ ပြီးရင် ရေချိုးခန်းသုံးကျောက်တုံးလေးနဲ့ ခြေဖနောင့်ချောသွားအောင် ပွတ်တိုက်ပေးပါ။

**(၆) သံလွင်ဆီ**

(သံလွင်ဆီက အရေပြားကျန်းမာချောမွေ့စေတဲ့ အကောင်းဆုံး အိမ်တွင်းသမားတော်လေးပါပဲ။) ဒီနည်းက နေ့ဘက်မှာလည်း လိမ်းပေးလို့ရပါတယ်။ ဝါဂွမ်းလုံးလေးပေါ် သံလွင်ဆီဆွတ်လိမ်းပေးပြီးနောက် အသားထဲစိမ့်ဝင်အောင် ခြေဖနောင့်ပေါ်ကို ထိုဝါဂွမ်းလေးနဲ့ စက်ဝိုင်းပုံသဏ္ဍာန် ၁၅ မိနစ်ခန့်လိမ်းပေးပါ။ နောက်တစ်နာရီခန့်အကြာမှာတော့ သုံးနေကျဆပ်ပြာဖြင့် ရေဆေးလိုက်ရုံပါပဲ။ (နောက်တစ်နည်း) ပုလင်းသန့်သန့်တစ်လုံးထဲမှာ သံလွင်ဆီ လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို သံပရာရည် အနည်းငယ်ညှစ်ထည့်ပြီး ရေအေးအေး လက်ဖက်ရည်ဇွန်းနှစ်ဇွန်းထည့်၍ ပုလင်းပြန်ဖုံးကာ နာနာခလောက်ပါ။ ရလာတဲ့ထိုကရင်မ်ကို ခြေဖနောင့်ပေါ် နေ့ရောညပါ လိမ်းပေးနိုင်ပါတယ်။

**(၇) နှမ်းဆီ**

(နှမ်းဆီဟာ ခြေဖနောင့်ကွဲအက်ခြင်းအတွက် အကောင်းဆုံးဆေးရည်ဖြစ်တယ်လို့ ရှေးမြန်မာလူကြီးများက ဆိုထားကြပါတယ်။) နှမ်းဆီနဲ့ ကွဲအက်နေတဲ့ခြေဖနောင့်ကို ညအိပ်ရာမဝင်ခင် လူးနယ်နှိပ်ပေးရုံပါပဲ။

**(၈) ကွမ်းရွက်စိမ်းနှင့် ဆားကြမ်း**

(ဒီနည်းကလည်း ခြေဖနောင့်ကွဲအက်ခြင်းအတွက် မိရိုးဖလာကုသနည်းလေးပါပဲ။) နေ့စဉ်ရေမချိုးမီ (သို့မဟုတ်) ညအိပ်ရာမဝင်မီ ဒူးခေါင်းမှခြေဖဝါးအထိ စင်ကြယ်စွာရေဆေးပြီး ကွမ်းရွက်စိမ်းရင့်ရင့်ကို လက်ဖြင့်ချေ၍ ဆားကြမ်းတို့ကာ ခြေဖဝါးကို ပွတ်တိုက်ပေးခြင်းဖြင့် သက်သာပျောက်ကင်းသွားပါလိမ့်မယ်။

## ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်း အခြေခံကျန်းမာရေးသင်တန်း ချောင်းဆုံတွင် ဖွင့်လှစ်



**ချောင်းဆုံ၊ စက်တင်ဘာ ၂၆**

ချောင်းဆုံမြို့နယ်၊ ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက ငှက်ဖျားရောဂါတိုက်ဖျက်ရေးလုပ်ငန်း အခြေခံကျန်းမာရေးသင်တန်းအား ကျင်းပခဲ့ရာ ပြည်နယ်ငှက်ဖျားတိုက်ဖျက်ရေးမှ ပြည်နယ်ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာ ညဏ်ဆင့်က မြို့နယ်အတွင်းရှိ ငှက်ဖျားရောဂါနှင့် အဓိကသက်ဆိုင်သည့် ကျန်းမာရေးဝန်ထမ်း သင်တန်းသား သင်တန်းသူ ၂၈ ဦးအား ငှက်ဖျားရောဂါတိုက်ဖျက်ရေးနှင့် ပတ်သက်သည်များကို သင်ကြားပို့ချလျက် ရှိပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ရွှေဘုန်းပွင့်ဘုရားလမ်းသွယ် (၂) (ယခင် မင်္ဂလာ(၁)လမ်း)၊ အမှတ်-၉၂ ဟု ခေါ်တွင်သော နှစ်ထပ်တိုက်ခံ အိမ်နှင့် ယင်းတိုက်ခံအိမ် တည်ရာဧရိယာ ၂၂ပေ×၅၅ ပေရှိ မြေအပါအဝင် အကျိုးခံစားခွင့်များကို လက်ဝယ်ရယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော ဒေါ်သီတာစိုး[၁၂/ဥကမ (နိုင်) ၁၉၁၇၀၇] ပါ မောင်နှမ(၇)ဦးထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများက စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ ညွှန်ကြားချက်အရ-

ဒေါ်ခင်အေးမာ

တရားလွှတ်တော်ရှေ့နေ၊ စဉ်-၂၈၇၁

အမှတ်-၅၆၃(ပ-ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀) တိုးချဲ့မြေကွက်အမှတ်(၁၃၆)၊ ဧရိယာ(၀. ၁၃၃) ဧက ပေ (၈၆×၆၇. ၆)ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် (ဖခင်) ဦးကျော်သိန်းနှင့် (မိခင်) ဒေါ်လှရီတို့မှ ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ မိဘနှစ်ပါးမှ သားသမီး (၆)ဦး ထွန်းကားခဲ့ပါသည်။ ယင်းသားသမီးများမှာ ဦးမြညွှန့်၊ ဦးမျိုးညွှန့်၊ ဦးထွန်းဝင်းအောင်၊ ဒေါ်စန္ဒာမိုးကျော်၊ ဒေါ်လှသန္တာမိုးကျော်၊ ဦးလှမိုးသိန်းဝင်းထွန်းတို့ ဖြစ်ပါသည်။

၎င်းသားသမီးများထဲမှ (ဒုတိယမြောက်)အတူနေ သားဖြစ်သူ ဦးမျိုးညွှန့်မှ မိမိသဘောဆန္ဒတောင်းဆိုချက်အရ မိဘနှစ်ပါး၏ ပိုင်ဆိုင်သော မြေကွက်မှ (ခြေရင်းဘက်)ရှိ ဧရိယာပေ (၂၀×၆၇. ၆)ကို အမွေအဖြစ် အပြီးအပိုင် စိတ်ရင်းစေတနာအမှန် မေတ္တာ စေတနာဖြစ် အပြီးအပိုင်ပေးကမ်းလိုက်သည်။ သက်ရှိ ထင်ရှားမိဘနှစ်ပါးမှ ဦးမျိုးညွှန့်အား ဤကဲ့သို့ပေးကမ်းခြင်းကို ကျန်သော ညီအစ်ကို မောင်နှမများမှလည်း စိတ်ရင်းစေတနာအမှန်ဖြင့် ကြည်ဖြူစွာ လက်ခံကြပါသည်။

ကျန်ရှိသော မြေပေ (၆၆×၆၇. ၆)သည် ဦးမျိုးညွှန့် [၁၂/ဥကတ (နိုင်)၀၆၈၆၇၂]နှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိဘနှစ်ပါး ဦးကျော်သိန်း-ဒေါ်လှရီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/အေ၊ မြေကွက်အမှတ်(၃/က)၊ မြေကွက် တည်နေရာ (၂၅/E)၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ (ဦးအောင်ကျော်ပါ ၃၉ဦး) အမည်ပေါက် Bလ/န ၃၉ မြေပိုင်မြေအား အမည်ပေါက် ဦးအောင်ကျော် ပါ(၃၉)ဦး အနက် အမှတ်စဉ်(၁၂)အမည်ပေါက်တစ်ဦးဖြစ်သူ ဦးထွန်းအောင် ကွယ်လွန်၏ဇနီးဖြစ်သူ ဒေါ်ထွေးမေ ကွယ်လွန်သဖြင့် ဦးထွန်းအောင် ပိုင်ဆိုင်သောအစု (၀. ၀၆၂)ဧကအား (၁)ဦးသိန်းထွန်း [၁၂/အစန(နိုင်)၁၂၃၃၃၉]၊ (၂)ဦးမြင့်စိုး[၁၂/အစန(နိုင်)၁၂၁၈၇၂]တို့ က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် မြေကွက်ခွဲ မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားတင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ လူနေရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်-၂၅၈(က) (ဒေါ်မြကျင်အမည်ပေါက်) နှစ်(၆၀)မြေငှားဂရန်မြေကွက်၊ မြေအကျယ်အဝန်းပေ (၂၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်သပြေအနောက်(၂)လမ်း၊ အမှတ်[၈/၂၅၈(က)]ဟုခေါ်တွင်သည့် အိမ်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိခင်ဒေါ်မြကျင်နှင့် ဖခင်ဦးကျင်ထွန်းတို့ ကွယ်လွန်ပြီးဖြစ်ပါသဖြင့် ၎င်းတို့၏အမွေပစ္စည်းအဖြစ် မိမိတို့သာဆက်ခံပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံသဖြင့် ဦးမြင့်အောင်၊ ဒေါ်လဲ့လဲ့ဝင်း၊ ဦးမြင့်သိန်း၊ ဒေါ်ထွေးလှနှင့် ဦးကျင်မြင့်တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးယုတင် (**LL.B,D.B.L**)တရားလွှတ်တော်ရှေ့နေ(စဉ်-၆၂၃၀)

ဒေါ်ဖြူသွယ်ယု(**LL.B,D.B.L**)(စဉ်-၂၄၃၁၇)

ဒေါ်ဖြူဖြူစိုး(**LL.B,D.M.L, D.B.L**) (စဉ်-၃၁၇၈၄)၊ ဦးထွန်းနိုင်လင်း(**LL.B**)(စဉ်-၄၄၁၂၀)

အထက်တန်းရှေ့နေများ

အမှတ်(၁၃/၁၅)၊ ဒုတိယထပ်၊ ဗဟန်း(၃)လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၅၀၂၈၀၄၅၊ ၀၉-၄၂၀၀၇၄၆၀၂

**အမြန်ရောင်းမည်(သို့) ငှားမည်**

မရမ်းကုန်းမြို့နယ်၊ ဗဟိုလမ်းမ၊ မုဒိတာကွန်ဒို(၁)၊ စတုတ္ထထပ်(22'x 40')၊ 1MBR၊ 2BR၊ ပါကေး၊ AC,WH (Lift), Car Park ပါ။ ညှိနှိုင်းဈေး

**Ph:09-5158526**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄မြောက်၊ မြေကွက်အမှတ်-၂၅၊ မြေကွက်တည်နေရာအမှတ်-၂၅၊ မြို့မ(၁၅)လမ်းအရှေ့၊ ၄မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ (၁။ဦးဘမြင့်၊ ၂။ဒေါ်ခင်ညို) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဘမြင့်(ဖခင်)နှင့် ဒေါ်ခင်ညို(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ဒေါ်အေးအေးမြင့်[၁၂/သကတ(နိုင်)၀၄၉၇၉၁]၊ ၂။ဒေါ်ငွေးငွေးမြင့်[၁၂/အလန(နိုင်)၀၂၀၉၆၉]၊ ၃။ဦးအောင်နိုင်[၁၂/လမတ(နိုင်)၀၀၇၁၅၄]၊ ၄။ဒေါ်တင်တင်မြင့်[၁၂/လမတ(နိုင်)၀၀၇၆၉၁]၊ ၅။ဦးသိန်းဇော်[၁၂/လမတ(နိုင်)၀၀၇၆၁၂]၊ ၆။ဒေါ်စန္ဒာမြင့်[၁၂/လမတ(နိုင်)၀၀၇၅၉၇]တို့အနက် အမှတ်စဉ်(၂. ၃. ၄. ၅. ၆)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၂၈၇/၂၀၁၄)နှင့် (၂၂၈၈/၂၀၁၄)ရသူ ဒေါ်အေးအေးမြင့်မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ပါကြောင်း**

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂၈/က)၊ မြေကွက်အမှတ်(၈)၏အစိတ်အပိုင်း၊ ဧရိယာ(၁.၅၅)ဧကအနက်မှ(၀.၁၆၈)ဧက၊ မြေကွက်တည်နေရာအမှတ်(၄၀)၊ ပဲခူးလမ်း၊ ပဲခူးရပ်ကွက်၊ ထောက်ကြန့်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက် အငှားချမြေအား (၁)ဦးထွန်းရီ (၁၂/မဂဒ(နိုင်)၀၉၇၁၀၉၅)၊ (၂)ဒေါ်ဟွာဘီ (ISN-၂၄၉၃၆၁)၊(၃)ဦးကမာပါရှား(MGDN-၀၄၈၈၅၆) (၄)ဦးဘရှင်(၁၂/မဂဒ(နိုင်) ၀၄၁၁၂၂)၊ (၅)မောင်ရာကွတ်(၁၂/မဂဒ(နိုင်) ၀၉၇၅၅၀)၊ (၆)ဒေါ်ရှဲဘီဘီ(ISN-၂၅၉၆၉၈) တို့ကရန်သစ်လျှောက်ထားခဲ့ရာ မိခင်ဖြစ်သူ ဒေါ်ရှဲဘီဘီသည်(၂၈-၂-၂၀၁၃)တွင်လည်းကောင်း၊ဖခင်ဦးဒါဝတ်သည်(၁၁-၇-၁၉၇၀) တွင်လည်းကောင်းကွယ်လွန်သွားကြ၍တစ်ဦးတည်းသောသားဖြစ်သူဦးမာမက်စလေမန်(၁၂/မဂဒ(ပြု)၀၀၀၇၂၄)ကသေစာရင်းများ၊တစ်ဦးတည်းသောသားဖြစ်ကြောင်းကတိသစ္စာပြုလွှာနှင့်ပြည်ထဲရေးဝန်ကြီးဌာန၏(၃၁-၁၀-၂၀၁၁)ရက်စွဲပါပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းလိုက်ပြီး၊ယင်းမြေပေါ်တွင်အမှန်တကယ်လက်ရှိနေထိုင်သူများကိုသာပြန်လည်ချထားအမည်ပေါက်ရေးအမိန့်ကိုတင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# မော်လူးဒေသတွင် မြေထိန်းနံရံများ ရေတိုက်စားမှု ခံရ

**နန့်စီးအောင်၊ စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးဒေသ၊ မံဟဲကျေးရွာအုပ်စု မြေပလ္လင်ကျေးရွာနှင့် နန့်စီးအောင်-ပေကုန်းကျေးရွာသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းရှိ မြေထိန်းနံရံသည် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းက ရွာသွန်းခဲ့သည့် မိုးကြောင့် ရေတိုက်စားမှုခံရကာ မြေသားများပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်း မြေထိန်းနံရံ ရေတိုက်စားခံရမှုကို အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်၏ ညွှန်ကြားမှုအရ အင်းတော်မြို့ မြန်မာ့စိုက်ပျိုးရေး မန်နေဂျာ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ နန့်စီးအောင်-ပေကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသောင်းရွှေ၊ စာရေးအဆင့်(၁) ဒေါ်ဝင်းဝင်းခိုင်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကော်မတီဝင်များ၊ မြေပလ္လင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်တို့မှ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ထိုကျေးရွာချင်းဆက်လမ်း မြေထိန်းနံရံသည် ဇူလိုင် ၂၂ ရက်က ရေတိုက်စားမှု ဖြစ်ပေါ်၍ ပြန်လည်ပြုပြင်ထားခဲ့ခြင်းဖြစ်ပြီး ယခုနောက်တစ်ကြိမ် မိုးသည်းထန်ကာ ရေကြီးရေလျှံဖြစ်ကာ မြေထိန်းနံရံအား ထပ်မံရေတိုက်စား ခံရခြင်းဖြစ်ကြောင်း သိရသည်။

ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေ ချောမွေ့စေရန်နှင့် အသက်အန္တရာယ် မကျရောက်စေရန်အတွက် ရေတိုက်စားခံရသည့် ကျေးရွာချင်းဆက်လမ်း မြေထိန်းနံရံအား သက်ဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆုံး ပြုပြင်ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဆွေ (မော်လူး)**



## ရေတိုက်စားခံရသည့် နေအိမ်များအား ထောက်ပံ့ငွေများပေးအပ်

**မော်လူး၊ စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးဒေသတွင် စက်တင်ဘာ ၁၈ရက်က ရွာသွန်းသည့်မိုးကြောင့် နေအိမ်ရေတိုက်စားခံရသည့် အိမ်ထောင်စုများအား အင်းတော်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတင်မြင့်၊ အင်းတော်မြို့နယ် ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်၊ မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းစိန်နှင့် အဖွဲ့ဝင်များက စက်တင်ဘာ ၂၃ ရက်တွင် ထောက်ပံ့ငွေပေးအပ်ခဲ့သည်။

အဆိုပါပေးအပ်ပွဲကို ပုန်းဟုန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ပုန်းဟုန်ကျေးရွာအုပ်စု၊ ပုန်းဟုန်ကျေးရွာ နေအိမ် ရေတိုက်စားခံခဲ့ရသည့်ဒေါ်မပန်းအား ထောက်ပံ့ကြေးကျပ်လေးသိန်းနှင့်အတူ ပင်ဝယ်ကျေးရွာအုပ်စု၊ တုံးလုံကျေးရွာနေ ဦးမြင့်လွင်နှင့်ဇနီး ဒေါ်စန်းရီတို့အား ထောက်ပံ့ကြေးကျပ်နှစ်သိန်းတို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၁၈ ရက်က ရွာသွန်းခဲ့သည့် မိုးကြောင့် ပုန်းဟုန်ကျေးရွာအုပ်စု၊ ပုန်းဟုန်ကျေးရွာတွင် ဆန်စက်တစ်လုံး ရေနစ်မြုပ်ခဲ့ပြီး ရေတိုက်စားမှုခံရသည့်နေအိမ် သုံးလုံးနှင့် နွား၊ ဝက်များ သေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ **၆၈၅**

## ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဆုရရှိသူအား ဂုဏ်ပြု




**ရန်ကုန်၊ စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ဖလား ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် တက်သစ်စဆုရရှိခဲ့သူ အလုံမြို့နယ်မှ မောင်ကောင်းထက်အား မြို့နယ်အုပ်ချုပ်ရေးမှူး၏ ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက် ညနေ ၅နာရီက အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမတွင်ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ ဦးစီးအရာရှိ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် အလုံမြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အားကစားသမားများ၊ နည်းပြဆရာများ၊ အသင်းအုပ်ချုပ်သူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က ဂုဏ်ပြုပွဲပြုလုပ်ရခြင်းအကြောင်း ပြောကြား၍ တက်သစ်စဆုရရှိသူ မောင်ကောင်းထက်အား ဂုဏ်ပြုဆုချီးမြှင့်ခဲ့ပြီး အခမ်းအနားမှာ ညနေပိုင်းတွင် ပြီးမြောက်ကြောင်းသိရသည်။ **တင်မောင်ဦး(အလုံ)**

# သရက်မြို့နယ်တွင် တောင်းရက်လုပ်သည့်လုပ်ငန်းဖြင့် မိသားစုဝင်ငွေတိုး

**သရက်၊ စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ ပိသလိမ်းကျေးရွာ၌ တောင်သူလုပ်ငန်းအပြင် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လမ်းခင်းရာ၌ မြေသယ်တောင်းများ၊ ကွမ်းရွက်ထည့်သည့်တောင်းများကို ရက်လုပ်ခြင်းလုပ်ငန်းဖြင့် ဝင်ငွေကောင်းမွန်ကြောင်း တောင်းရက်လုပ်ငန်း လုပ်ကိုင်သူ များကပြောသည်။

“တောင်သူလုပ်ငန်းအပြင် တောင်းရက်ခြင်းလုပ်ငန်း လုပ်ကိုင်တာကြာပါပြီ။ တောင်းရက်လုပ်တဲ့လုပ်ငန်းက ဝါးများနဲ့ လုပ်ကိုင်ရတဲ့အတွက် ဝါးတစ်လုံး ၂၅၀ ကျပ်နဲ့ဝယ်ယူရပါတယ်။ မြေသယ်တဲ့ တောင်းတွေကို ရက်လုပ်ရင် ဝါးတစ်လုံးကို တောင်းသုံးလုံး ရရှိပါတယ်။ ကွမ်းရွက်ထည့်တဲ့ တောင်းကို ရက်လုပ်ပါက ဝါးတစ်လုံးကို တောင်းနှစ်လုံး ရရှိပါတယ်။ မြေသယ်ခြင်းတစ်လုံးကို ၃၅၀ ကျပ် ရရှိပါတယ်။

“နောက်ထပ် ကွမ်းရွက်ထည့်တဲ့ခြင်း ရောင်းရငွေက တစ်လုံး ၈၀၀ ကျပ်ရရှိပါတယ်။ မြေသယ်ခြင်းများကို လုပ်ကိုင်ပါက ၁၅ လုံး ပြီးအောင်လုပ်နိုင်ပြီး ကွမ်းရွက်ထည့်တဲ့ ခြင်း ရက်လုပ်ပါက ၁၀ လုံးပြီးအောင် ရက်နိုင်ပါတယ်”ဟု တောင်းရက်လုပ်ငန်းကိုသက်တမ်းကြာမြင့်စွာ လုပ်ကိုင်သူတစ်ဦးက ပြောသည်။

အဆိုပါ တောင်းရက်လုပ်ငန်း လုပ်ကိုင်ရာတွင် မြေသယ်၊ ကျောက်သယ် ခြင်းများ လုပ်ကိုင်ပါက တစ်နေ့ဝင်ငွေ ၃၂၅၀ ကျပ်ခန့်ဝင်ငွေရရှိပြီး ကွမ်းရွက်ထည့်သည့် ခြင်းများ အော်ဒါမှာယူသူရှိပါက ၆၇၀၀ ကျပ် ခန့်ရရှိသည့်အတွက် တောင်းရက်လုပ်ငန်းဖြင့် မိသားစု ဝင်ငွေကောင်းများရရှိကြောင်း သိရသည်။ **ဇော်ထက်(သရက်)**

## ဆောမြို့နယ်၌ လွှတ်တော်အတွေ့အကြုံနှင့် ဒေသဖွံ့ဖြိုးရေးဆွေးနွေး

**ဆော၊ စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေသည် ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အတွင်း မြို့ပေါ်နှင့် ကျေးရွာကိုးရွာတို့တွင် လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထိုသို့ဆွေးနွေးရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်သည် အဆိုပါကျေးရွာများဖြစ်သည့် လောင်းရှည်၊ ပိန်းချောင်း၊ အင်ပူး၊ ရင်းကဲ၊ အကြည်ကတင်း၊ အညာကတင်း၊ ခူးချောင်း၊ ကံချောင်း၊ ကျောက်စစ် ကျေးရွာများ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များနှင့် တွေ့ဆုံ၍ ကျေးရွာများဖွံ့ဖြိုးတိုးတက်ရန် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စ လိုအပ်သည်များ ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၄၆၅)**

## အဘိဓမ္မာအခါတော်နေ့ အထိမ်းအမှတ် သွေးလှူဒါန်း

**မန္တလေး၊ စက်တင်ဘာ ၂၆**

မန္တလေးမြို့ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းမှ ကြီးမှူး၍ အဘိဓမ္မာအခါတော်နေ့အထိမ်းအမှတ် နဝမအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၂၄ ရက် နံနက် ၉နာရီက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြား ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း ကုသိုလ်ဖြစ်အထူးကုဆေးခန်းတွင်ကျင်းပခဲ့သည်။

မန္တလေးမြို့ရှိ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်များရှိစေတနာရှင်သွေးလှူရှင်များ လာရောက်၍ စုပေါင်းသွေးလှူဒါန်းကြရာ ဆေးခန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဒေါက်တာသန်းထွန်းမြင့်၊ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာခင်စိန်ဝင်းနှင့် ဆရာဝန်များ၊ သူနာပြုများက သွေးပေါင်ချိန်ခြင်း၊ သွေးဖောက်စစ်ဆေးခြင်းများပြုလုပ်ပေးပြီး သွေးများလက်ခံရယူကာ စေတနာသွေးလှူရှင်များက သွေးအိတ် ၁၂၀ အားပေးလှူကြရာ ဗဟိုအမျိုးသမီးဆေးရုံသွေးလှူဘဏ်ခွဲသို့ လွှဲပြောင်းလှူဒါန်းခဲ့ကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**


### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

သယ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/၄၊ မြေကွက်အမှတ်-၆၂၉၊ မြေကွက်တည်နေရာ-၆၂၉၊ ဂန့်ဂေါ်ရိပ်သာလမ်း၊ ၁၆/၄-ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ဦးစံရွှေအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဦးစံရွှေ၊ ဦးအောင်မြင့်၊ဒေါ်မောင်းရင်တို့ကို တရားပြိုင်ထား၍ ဒေါ်ရီရီမင်းမှ ရန်ကုန်တိုင်းဒေသကြီး တရားရုံးတွင် တရားလိုပြု၍ စွဲဆိုသော တရားမကြီးမှုအမှတ်(၂၆၆/၂၀၀၂)၏ စီရင်ချက်နှင့် အရှေ့ပိုင်းခရိုင်တရားရုံး၏ တရားမဇာရီမှုအမှတ်-၉၀/၂၀၁၁၏ အမိန့်၊ တစ်ဖန်ဒေါ်ရီရီမင်းကို တရားပြိုင်ထား၍ ဒေါ်မိုး သီတာမှ အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားလိုပြု၍စွဲဆိုသော တရားမကြီးမှုအမှတ် (၆၂၂/၂၀၁၃) ၏စီရင်ချက်၊ တရားမဇာရီမှုအမှတ် (၇၇/၂၀၁၄)၏ အမိန့်နှင့် ၆-၈-၂၀၁၄ရက်စွဲပါ ဘီလစ်ခန့်စာတို့ကို တင်ပြပြီး တရားရုံးဘီလစ်အရာရှိ ဒေါ်မင်းမင်းကြိုင်မှ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်-၇၂၆/က၊ မြေကွက်တည်နေရာအမှတ်-၇၂၆/က၊ ရွှေအုတ်ဂူ(၃)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ထားခင်အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ထားခင်[၁၂/သကတ(နိုင်)၀၅၃၃၈၈] မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/သမိုင်း)၊ မြေကွက်အမှတ်(၄/ဆ၂A)၊ (၄/ဆ၂B)၊ (၄/ဆ၂D)၊ (၃/ဃ၂A-၁)၊ (၃/ဃ၂A-၂)၊ မြေကွက်တည်နေရာအမှတ်(၆)၊ ကုန်းမြင့်ရိပ်သာလမ်း၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်(ဦးစိန်မောင်) အမည်ပေါက် မြေပိုင်မြေ(အိမ်ရာမြေ)မြေအား အမည်ပေါက်ထံမှ အမွေဆက်ခံပိုင်ဆိုင်စာချုပ်အမှတ်-၉၂၄/၁၉၈၂(၁၄-၁၂-၁၉၈၂) ဖြင့် ဒေါ်တင်အေးမှ ပိုင်ဆိုင်လာပါ သည်။ ၎င်းထံမှ အမွေဆက်ခံပိုင်ဆိုင်စာချုပ် ၂၄၆၅/၁၉၉၆(၂၅-၉-၁၉၉၆)အမှားပြင်စာချုပ်အမှတ်(၂၈၀၀/၁၉၉၉)(၁၃- ၁၂-၁၉၉၉)တို့ဖြင့် ဦးစိုးမင်း[၁၂/လမတ(နိုင်)၀၁၁၅၉၇]၊ ဦးတင်ထွဋ်(ခ)ဦးပီတာ[၁၂/လမတ(နိုင်)၀၀၈၁၈၂]၊ ဒေါ်မာမာစိန်[၁၂/မရက(နိုင်)၀၅၆၈၄၅]၊ ဒေါ်မာလာစိန်မောင်[၁၂/မရက(နိုင်)၀၅၅၀၇၂]၊ ဦးသိုက်စိုး(ခ)ဦးဘိုဘို[၁၂/မရက(နိုင်)၀၅၅၆၆၂]၊ ဒေါ်ချိုချို[၁၂/မရက(နိုင်)၀၅၅၆၆၉]တို့မှ အမွေဆက်ခံပိုင်ဆိုင်စာချုပ်-၉၂၄/၁၉၈၂(မိတ္တူမှန်)၊ အမှားပြင်စာချုပ် ၂၈၀၀/၁၉၉၉ (မိတ္တူမှန်)တို့တင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့်မြေတိုင်း လျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာ၊ မြိုင်သာယာ(C-2)လမ်း၊ ကွင်းအမှတ်(၅၁၈-A)၊ ကွင်းအမည်-ဆပ်သွားတောအနောက်၊ ဦးပိုင်အမှတ်(၃၂/၂၃)၊ (. ၁၀)ဧကကျယ်ဝန်းသော မြေကွက်ကို မြေလုပ်ကိုင်သူအမည် ဦးဖွန်ဟုပ်ထံမှအဆင့်ဆင့်ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားရှိသူ ဒေါ်သင်းသင်းချို[၁၂/မဂဒ(နိုင်)၀၅၉၁၄၈]ထံမှဒေါ်ချယ်ရီထွန်း[၁၂/လကန(နိုင်)၀၂၇၂၂၀]က ဝယ်ယူရန်အတွက် စရန် ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့် ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်မာလာ (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊အခန်း(၀၀၈)၊အေးရိပ်မွန်(၉)လမ်း၊
(၅) ရပ်ကွက်၊ လှိုင်မြို့နယ်၊
ဖုန်း-၀၉-၅၁၈၁၈၂၀။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/တောင်၊ မြေကွက်အမှတ်-၂၂၉၀-ခ၊ မြေကွက်တည်နေရာအမှတ်-၂၂၉၀(ခ)၊ ဇေယျဝတီ(၆)လမ်း၊ (၁၀)တောင်(၁၂)ရပ်ကွက်၊ သာကေတမြို့နယ်။ (ဦးကျော်သောင်း)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်သောင်း(ဖခင်)နှင့် ဒေါ်အုန်းရွှေ(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သားဖြစ်သူ ဦးသောင်းဖေ[၁၂/သကတ(နိုင်)၀၆၆၄၆၇]မှသေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက် အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/တောင်၊ မြေကွက်အမှတ်-၂၂၉၀-က၊ မြေကွက်တည်နေရာအမှတ်-၂၂၉၀(က)၊ ဇေယျဝတီ(၆)လမ်း၊ (၁၀)တောင်ရပ်ကွက်၊ သာကေတမြို့နယ်။ (ဦးမောင်ညွှန့်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်ညွှန့်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်အုန်းကြိုင်[၁၂/သကတ(နိုင်)၀၆၄၉၆၂]မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၃၃/က)၊ မြေကွက်တည်နေရာအမှတ်(၃၃/က)၊ (၂)လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်အေးမြင့်ကြည် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်အေးမြင့်ကြည် ကွယ်လွန်သဖြင့် ဦးလှကြည်[၁၂/ဥကတ(နိုင်)၀၇၁၁၄၃]က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃ကံဘဲ့၊ မြေကွက်အမှတ်- ရန်၂ Plot ၁၀၂၏ အစိတ်အပိုင်း၊ မြေကွက်တည်နေရာ အမှတ် ၁၀၂/က၊မဟာဗောဓိလမ်း၊ ၈-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊(အိမ်ယာကွက်မြေ) အမည်ပေါက်မြေအား ဦးမောင်ညိုထံမှ အရပ်ကတိ အရောင်း အဝယ်စာချုပ် (၂.၉.၁၉၆၂)ဖြင့် ဝယ်ယူ ပိုင်ဆိုင်လာသူ ဒေါ်ထွေးသိန်း (၁၂/မရက(နိုင်) ၀၅၁၉၅၂)က ရပ်ကွက် အတွင်း နေထိုင်ကြောင်းထောက်ခံချက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ အရပ်ကတိအရောင်းအဝယ် စာချုပ်တို့တင်ပြ၍ အသုံးဂရန် လျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ကလေးမြို့ နိုင်ငံတကာအဆင့်မီ ကားကြီးကွင်းအား ယခုဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်မည်

**ကလေး၊ စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ တပ်ဦးသီတာရပ်ကွက်ရှိ ကားကြီးကွင်း အသစ်တည်ဆောက်မှုကို စက်တင်ဘာလမှစတင်ခဲ့ရာ ယခုဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့ ကားကြီးကွင်းအဆောက်အအုံများကို အဆင့်မီအဆောက်အအုံများအဖြစ် ဆောက်လုပ်ရေးတွင် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခြင်းဖြစ်ပြီး၊ ကားဂိတ်တစ်ဂိတ် (အခန်းတစ်ခန်းလျှင်) ကျပ်သိန်း ၂၂၀ မှ ကျပ်သိန်း ၂၂၅ သိန်းအထိ လျာထားသတ်မှတ်မှုရှိပြီး ကာလေးဂိတ်တစ်ဂိတ်(အခန်းငယ်)ကို ကျပ်သိန်း ၁၁၀ ခန့် လျာထားကြောင်း သိရသည်။

"ကားဂိတ်အခန်းတွေမှာ လျှပ်စစ်မီးပါမယ်။ လေအေးပေးစက်ကတော့ လျှပ်စစ်မီး ၂၄ နာရီလာရင် ကိုယ့်အစီအစဉ်နဲ့ ကိုယ်တပ်လို့ရတယ်။ ဂိတ်ထဲမှာ ရေအိမ်ပါမယ်။

မှန်လုံကားကြီးတစ်စီးလုံး အမိုးအောက်မှာထိုးထားနိုင်မယ်။ ကုန်တင်ကုန်ချလုပ်နိုင်မယ်။ နောက်တစ်ခုက အဆောက်အအုံပတ်လည်မှာ အုတ်စီရေမြောင်းတွေပါမယ်။ ရေသန့်စနစ် ရေစင်ပါမယ်။ မီးဘေးလုံခြုံရေး ရေဂုတ်တိုင်တွေပါမယ်" ဟု ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောသည်။



ယခုကလေးမြို့ ကားကြီးကွင်းတွင် ဆောက်လုပ်မည့် အဆင့်မီအဆောက်အအုံကို HOLY LANT ကုမ္ပဏီက တာဝန်ယူဆောက်လုပ်နေခြင်းဖြစ်ပြီး ရှေ့မျက်နှာဖွင့် နှစ်ထပ်အာရ်စီ အဆောက်အအုံဖြစ်ရာ ကားကြီးဂိတ်အတွက် အခန်းတစ်ခန်းလျှင် အလျား ၃၅ ပေ၊ အမြင့် ၁၈ ပေ၊ ထပ်ခိုးပါ မျက်နှာဖွင့် ၁၈ ပေဖြစ်ကြောင်းသိရပြီး ယာဉ်ငယ်များအတွက် မျက်နှာဖွင့် ၁၅ ပေ၊ အလျားပေ ၂၀၊ အမြင့် ၁၅ ပေရှိ အခန်းပေါင်း ၁၂ ခန်းနှင့် ကားကြီးများအတွက် အခန်းပေါင်း ၁၈ ခန်း စုစုပေါင်းအခန်း ၃၀ ပါဝင်မည်ဖြစ်သည်။

ယခုဆောက်လုပ်မည့် ကားဂိတ်အတွက် သိန်း ၅၀၀၀ ဝန်းကျင်ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း ကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောသည်။

**လင်းလက်ကြယ်စင်**

## အမျိုးသမီးရေးရာအဖွဲ့မှ အသိပညာပေးဟောပြော

**ရန်ကုန်၊ စက်တင်ဘာ ၂၆**

အလုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော လူမှောင်ခို၊ လူကုန်ကူးမှုနှင့် ပြစ်မှုဆိုင်ရာအသိပညာပေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီက အလုံမြို့နယ်၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်သန္တာရဲတင့်၊ အလုံမြို့နယ် ဥပဒေအရာရှိ ဦးဝင်းထွဋ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းရွှေ၊ တရားရေးဝန်ထမ်း အမှတ်စဉ်(၆)မှ ဆရာမ နမ့်ဂျဲနဗြီး၊ အလုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြည်ကြည်သန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အ. ထ. က(၁) အလုံ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရားရေးဝန်ထမ်း အငြိမ်းစားဆရာမ ဒေါ်နမ့်ဂျဲနဗြီးက လူမှောင်ခို၊ လူကုန်ကူးမှုနှင့် ပြစ်မှုဆိုင်ရာများအကြောင်း ဟောပြောပို့ချပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းရွှေက လူငယ်လူရွယ်များအတွက် မူခင်းများနှင့်ပတ်သက်ပြီး အသိပညာပေးဟောပြောပို့ချခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

## မိုးရာသီ (အထူး) စုပေါင်းသစ်ပင်စိုက် ပျိုးပွဲကျင်းပ

**လင်းခေး၊ စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးခရိုင် သစ်တောဦးစီးဌာနနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၄ ခုနှစ် မိုးရာသီ (အထူး) စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို လင်းခေးမြို့၊ ပြည်သူ့ဆေးရုံဝင်းရှိ စိုက်ကွင်း၌ စက်တင်ဘာ ၂၂ ရက် နံနက် ၇ နာရီခွဲက ကျင်းပကြောင်း သိရှိရသည်။

လင်းခေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က သစ်ပင်စိုက်ပျိုးပွဲကျင်းပရခြင်းကိုပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှစိန်၊ ခရိုင်တရားသူကြီး ဒေါ်ဂေါ်လုဘောက်၊ ခရိုင်သစ်တောဦးစီးဌာနမှူး ဦးလှမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေမောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ကျော်ဦးတို့က ပျိုးပင်များကို တက်ရောက်လာကြသူအသီးသီးထံ ပေးအပ်ခဲ့ကြပြီး သစ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

စိုက်ပျိုးမှုတွင် ပိန္နဲပင်၊ သရက်ပင်၊ မဲဇလီပင်၊ နှင်းသီးပင်၊ စိန်ပန်းနှင့် ရေတမာပင် စုစုပေါင်း အပင် ၂၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်းနှင့် အဆိုပါစိုက်ပျိုးပွဲတော်သို့ လင်းခေးခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်/မြို့နယ် အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ စုစုပေါင်းအင်အား ၁၈၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(၆၆၂)**

## ကညော်ကျေးရွာနေပြည်သူများထံ နွားများဖြန့်ဖြူး

**ချောင်းဆုံ၊ စက်တင်ဘာ ၂၆**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ချောင်းဆုံမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ စက်တင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ကညော်ကျေးရွာဘောလုံးကွင်း၌ ဆင်းရဲနွမ်းပါးမှုလျှော့ကျရေးအနေဖြင့် ကျေးရွာတွင်း မွေးမြူရေးဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်ပြီး ဒေသတွင်း နွားအကောင် ၅၀ ကို မြို့နယ်ဦးစီးအရာရှိ ဒေါ်နွဲ့ရီက အိမ်ထောင်စုတစ်စုလျှင် တစ်ကောင်နှုန်းဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။ **(ပြန်/ဆက်)**

# ဆင်းရဲမှုလျှော့ချရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ နွားများ မေထုန်မဲ့သားစပ်သင်တန်းဖွင့်

**ဒီပဲယင်း၊ စက်တင်ဘာ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေအစီအစဉ်ဖြင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးကြပ်၍ နွားများအား မေထုန်မဲ့သားစပ်သင်တန်း (၂/၂၀၁၄) ဖွင့်ပွဲကို စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ ဒေါ်ဥမ္မာအေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါသင်တန်းသို့ ကျေးရွာအုပ်စုများမှ သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြသည်။

နွားများအား မေထုန်မဲ့သားစပ်သင်တန်း (၂/၂၀၁၄) ဖွင့်လှစ်ရခြင်းမှာ ခိုင်နွားများ၊ နို့စားနွားများ၊ အသားစားနွားများ မျိုးကောင်းမျိုးသန့်ပေါ်ထွက်လာပြီး သားငါးထုတ်လုပ်မှုပိုမိုဖွံ့ဖြိုးတိုးတက်လာကာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲမှုလျှော့ချရန်အတွက် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**အောင်လင်း(ပြန်/ဆက်)**

ဆရာဦးနိုင်ဝင်း၏ အားသစ် ရာထူးဝင်ခွင့်ကျောင်း
မွေးမြူရေး/ကျေးလက် (ဒုဦးစီးနှင့်အခြားရာထူးများ)
ရာထူးဝန် (၁၀)လပိုင်းစာမေးပွဲနှင့် နိုင်ငံခြားရေးဝင်ခွင့်ဖွင့်ပြီ
နည်းပြ/သရုပ်ပြဝင်ခွင့် အောက်တိုဘာ (၄)ရက်စမည်
၁၄၈(၄လွှာ)ဆိပ်ကမ်းသာလမ်း(အောက်)၊ ပန်းဆိုးတန်းမှတ်တိုင်
09 500 1599, 09 8632973,09 4500 17415

လမ်းမတော်သံဈေး(၈)လွှာ ဓါတ်လှေခါး၊ ရေ၊ မီး၊ ဆေးစုံ ခန်းမကျယ် 1763 Sqft ကြွေပြားခင်း၊ အိမ်သာ၊ ရေချိုးခန်း(၂) ခန်းပါ အသင့်နေ၊ သုံးရန်။ ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။ လူမနေရသေး ကျပ်(၁၇၆၀သိန်း) ဖုန်း-၀၁ ၅၅၃၄၉၆

ဖခင် အမည်မှန်
အလက(၃)ဒဂုံတောင် သတ္တမတန်း (C) တွင် ပညာသင်ကြားနေသော မသင်းဇူလိုင်မိုး၏ ဖခင်အမည်မှန်မှာ ဦးစိန်ငွေ [၁၂/ဒဂတ (နိုင်) ၀၉၂၈၁၄] ဖြစ်ပါကြောင်း။
ဦးစိန်ငွေ

ရောင်းရန်ရှိသည်
၁။ သံလွင်လမ်း(ဝင်ဒါမီယာလမ်း) လမ်းမတန်းပေ(၁၄၀×၁၂၀)
၂။ ဘားလမ်း ပေ(၆၃×၁၁၅)ပေါ်ရှိ ၄ထပ်တိုက်၊
၃။ ပြည်လမ်းမတန်း (စမ်းချောင်း) ပေ(၄၇×၁၆၀)
၄။ တက္ကသိုလ်ရိပ်သာလမ်းသစ် ပေ(၉၂×၁၃၀)
၅။ ကမ္ဘာအေးစေတီလမ်းမတန်း (မရမ်းကုန်း) ပေ(၈၀×၁၀၀)
၆။ ပြည်လမ်းမတန်း (၉မိုင်) ပေ(၅၆×၁၅၅)
၇။ တက္ကသိုလ်ရိပ်သာလမ်းဟောင်း (၀. ၂၅)ဧကပေါ်ရှိ ခေတ်မီ ၂ထပ်တိုက်သစ်၊
၈။ ပြည်လမ်းမတန်း (၅½မိုင်) ပေ(၅၅×၁၀၀)ပေါ်ရှိ (၂)ထပ်တိုက်
၉။ ရွှေတောင်ကုန်းလမ်းမပေါ် ပေ(၁၀၀×၁၀၀)ပေါ်ရှိ (၁)ထပ်တိုက်
၁၀။ ဘောက်ထော်စွန်းလွန်းဂူကျောင်းလမ်းမပေါ် ပေ(၇၂×၁၇၀)ပေါ်ရှိ(၂)ထပ်တိုက်
၁၁။ ဓမ္မစေတီလမ်းမပေါ် ပေ(၄၀×၇၀)
၁၂။ တက္ကသိုလ်ရိပ်သာလမ်းဟောင်း (ကန်စပ်) ပေ(၆၅×၆၅)
၁၃။ ကမ္ဘာအေးစေတီလမ်းမတန်း (ဗဟန်း) ပေ(၃၀×၈၀)
၁၄။ ရွှေတောင်ကြား(၁)လမ်းမပေါ် ပေ (၅၅×၇၂)ပေါ်ရှိ ၂ထပ်တိုက်၊
၁၅။ ရွှေတောင်ကြား(၁)လမ်းမပေါ် ပေ(၄၀×၉၀)
၁၆။ ဘောက်ထော်၊ အနီးယာလမ်းမ ပေ(၆၀×၇၀)
၁၇။ သုဝဏ္ဏ၊ ကမာကြည်လမ်း ပေ(၁၁၅×၇၀)
၁၈။ ပါရမီလမ်းမတန်းပေ(၂၀×၆၀) ပေါ်ရှိ ၃ထပ်တိုက်သစ်
၁၉။ ရန်ကုန်၊ မန္တလေး အမြန်လမ်းမပေါ်(၁၅မိုင်/လှည်းကူးမြို့နယ်) ပေ(၉၈၅×၁၂၀)
ဖုန်း ၀၉-၅၀၂၂၁၅၉၊ ၀၉-၅၀၄၉၀၆၆၊ ၀၉-၅၁၁၆၀၅၇၊ ၀၉-၄၃၁၄၃၅၅၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
သာကေတမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၃/ရန်ပြေ)၊ မြေကွက်အမှတ်(၁၁၆၁/က)၊ မြေကွက်တည်နေရာအမှတ်(၁၁၆၁/က)၊ ရန်ပြေ(၁၉)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးကျော်မြင့်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးကျော်မြင့် (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူဒေါ်ဝင်း [၁၂/သကတ (နိုင်)၀၄၄၃၂၅]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၆၈၅/ ၂၀၁၄)ရသူ ဦးဇော်မိုးလတ် [၁၂/မဂတ(နိုင်) ၀၇၈၅၅၈]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း
တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅)၊မြေကွက်အမှတ်(၆၆၆/ခ)၊ မြေကွက်တည်နေရာအမှတ်(၆၆၆/ခ)၊စစ်ကိုင်းလမ်း၊(၅)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်ကျင်မွှံ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် မိခင်(ဒေါ်ကျင်မွှံ)၊ဖခင်(ဦးအေး) ကွယ်လွန်သဖြင့် ဦးမြင့်အောင်(၁၂/ဥကတ(နိုင်)၀၇၉၄၀၅) တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း
ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၉၊ မြေကွက်အမှတ်-၃၁၃၊ မြေကွက်တည်နေရာအမှတ်-၃၁၃၊ ၁၃၉-ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးခင်လင်း အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးခင်လင်း ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်တူး [၁၂/မဂဒ(နိုင်)၀၀၉၇၈၉]မှ တရားဝင်တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်းနှင့် ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ သေစာရင်းတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း
လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၆)၊မြေကွက်အမှတ်-၂၈၇(က)၊မြေကွက်တည်နေရာ-၂၈၇(က)၊ရွှေယဉ်အေးဘုရားလမ်း၊(၁၈)ရပ်ကွက်၊လှိုင်သာယာ၊ ဦးတင်ဝင်းအမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ဦးတင်ဝင်းထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ပိုင်ဆိုင်သူဒေါ်ဇင်ဇင်မာ(၁၄/ဇလန(နိုင်)၀၈၃၇၇၀)ကအိမ်ရာဆောက်လုပ်နေထိုင်ခွင့်စာရွက်တင်ပြနိုင်ခြင်းမရှိဘဲပါမစ်မစုံဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန်သစ်လျှောက်ထားလာခြင်းအား(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်မှူးကြီး ဆူဇူကီး၏အုတ်ဂူသို့ သွားရောက်ဂါရဝပြု


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်မှူးကြီး ဆူဇူကီးအုတ်ဂူအား ဂါရဝပြု ပန်းခွေချ အလေးပြုစဉ်။ (မြဝတီ)

**နေပြည်တော် စက်တင်ဘာ ၂၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၆ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ စစ်ဦးစီးချုပ် General Shigeru IWASAKI နှင့် ဇနီး လိုက်ပါလျက် ဂျပန်နိုင်ငံ Shizuoka ခရိုင် Hamamatsu မြို့ရှိ Hamamatsu လေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ Hamamatsu လေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိရာ Air Training Command ၏ Chief of Staff ဖြစ်သူ Major General Shinichi TSURUDA နှင့် တာဝန်ရှိသူများက ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဂျပန်လေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ တိုက်လေယာဉ်များက အုပ်စုဖွဲ့ ပျံသန်း၍ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုကြသည်။

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် Hamamatsu လေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ ဧည့်ခန်းမ၌ Air Training Command ၏ Chief of Staff ဖြစ်သူ Major General Shinichi TSURUDA နှင့် တွေ့ဆုံဆွေးနွေးသည်။ ယင်းသို့ တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ် (၆၀)ပြည့်သည့်ကာလတွင် မြန်မာ့တပ်မတော်ခေါင်းဆောင်အနေဖြင့် **စာမျက်နှာ ၉ ကော်လံ ၁ သို့**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (စတုတ္ထမူကြမ်း)ကို အတည်ပြုနိုင်ခဲ့ နောက်တစ်ကြိမ်ဆွေးနွေးပွဲ အောက်တိုဘာလအတွင်း ထပ်မံကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၆**

စက်တင်ဘာ ၂၂ ရက်မှစတင်၍ ရန်ကုန်မြို့ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန၌ ငါးရက်တာ ကျင်းပခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုကော်မတီ (NCCT) တို့၏ ဆဋ္ဌမအကြိမ်မြောက် တစ်ခုတည်းသော မူကြမ်း (Single Text) ဖြစ်မြောက်ရေး ညှိနှိုင်းဆွေးနွေးပွဲမှာ ယနေ့ညနေပိုင်းတွင် ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

ယခုအကြိမ် ဆွေးနွေးပွဲတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(စတုတ္ထမူကြမ်း) ကို အတည်ပြုနိုင်ခဲ့ပြီး နောက်တစ်ကြိမ် ဆွေးနွေးပွဲကို အောက်တိုဘာလအတွင်း ထပ်မံကျင်းပရန်နှင့် ကျင်းပမည့်ရက်ကို နှစ်ဖက်ခေါင်းဆောင်များမှ ညှိနှိုင်းရန် သဘောတူခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းမှုကော်မတီ (NCCT) တို့၏ ပူးတွဲသတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ရာ UPWC ကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ဖတ်ကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

## ယနေ့ မာတိကာ


စာကြည့်တိုက်များ၏ အသက်ဝိညာဉ် — စာမျက်နှာ - ၂

ထောင်စုနှစ် ကျန်းမာရေးဆိုင်ရာရည်မှန်းချက်များ ပြည့်မီရေးဆွေးနွေး — စာမျက်နှာ - ၃

ကံ၊ စိတ်၊ ဥတု၊ အာဟာရသည်သာ ... — စာမျက်နှာ - ၆

ပရီမီယာလိဂ် ရင်ခုန်သံ-၆ — စာမျက်နှာ - ၁၃

ကလေးမြို့တွင် နိုင်ငံတကာအဆင့်မီ ကားကြီးကွင်းအား ယခုဘဏ္ဍာရေးနှစ်အတွင်း အပြီးတည်ဆောက်မည် — စာမျက်နှာ - ၂၀


## ဘက္ကရီအီးဒ်နေ့ ရုံးပိတ်ရက်

**နေပြည်တော် စက်တင်ဘာ ၂၆**

၁၃၇၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ ရက် (၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်) တနင်္လာနေ့သည် အီဒွလ်အဿွာဟာ (ဘက္ကရီအီးဒ်)နေ့ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**


နေပြည်တော်နှင့် ဇေယျာရွှေမြေတို့ ယှဉ်ပြိုင်နေစဉ်။

# ဇေယျာရွှေမြေနှင့် နေပြည်တော်တို့ အရှုံးအနိုင်မပေါ်

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၂) ပထမနေ့ပွဲစဉ်ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ဇေယျာရွှေမြေအသင်းနှင့် နေပြည်တော်အသင်းတို့ သုံးဂိုးစီသရေကျသွားသည်။

ဇေယျာရွှေမြေ - သုံးဂိုး
(မာတင်-နှစ်ဂိုး၊ အောင်မျိုးလွင်)
နေပြည်တော် - သုံးဂိုး
(စိုးသူရိန်ထွန်း-နှစ်ဂိုး၊ သန့်ဇော်ဟိန်း)

ရာသီပိတ်ပွဲစဉ်တွင် ဇေယျာရွှေမြေအသင်း နိုင်ပွဲရရှိရန် ကြိုးပမ်းခဲ့သော်လည်း သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ အသင်းခေါင်းဆောင် ဇော်လင်းထွန်းမှလွဲ၍ လူစုံပါဝင်ခဲ့သော်လည်း ဇေယျာရွှေမြေအသင်းမှာ လူငယ်အများစုဖြင့် ပွဲထွက်လာသည့် နေပြည်တော်အသင်းကို အသာမရခဲ့ပေ။

လူငယ်ကစားသမားများဖြင့် ပွဲထွက်လာသည့် နေပြည်တော်အသင်းမှာ ပွဲစကတည်းက ဇေယျာရွှေမြေ ခံစစ်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့**






themirror.npt@gmail.com
www.facebook.com/themirrordaily

# အထူးကျေးဇူးတင်ရှိခြင်း

MYANMAR FASHION DESIGNER GROUP နှင့် Forever Group တို့ ပူးပေါင်း၍ စက်တင်ဘာ 19th,20th,2014ရက်များတွင် Myanmar Event Park ၌ (၂)ရက်တိုင်တိုင်ကျင်းပခဲ့သော MFDG + FOREVER GROUP FASHION FAIR 2014-2015 ပွဲကြီးဖြစ်မြောက်ရေးအတွက် ကူညီအားပေးခဲ့သော Forever Group မှ CEO ဦးဝင်းမော်နှင့် MD ဒေါ်ခင်ခင်လေးတို့အားလည်းကောင်း၊ Diamond Sponsor အဖြစ် ကူညီသော Forever Gems by ရွှေနန်းတော်မှ Dr.အောင်ကျော်ဝင်းနှင့် Dr.သက်သက်ခိုင်၊ သမီး သက်ရတနာကျော်ဝင်းတို့အားလည်းကောင်း၊ Silver Sponsor အဖြစ် ကူညီသောA PACHI PORTLAND CEMENTမှ GM ဦးကျော်စိုးဟန်နှင့် ဝန်ထမ်းများအားလည်းကောင်း၊ Ground Sponsorများဖြစ်သော Alpineမှ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် မဂျူလီ၊ ONAMI မှ Dr. မျိုးသန့်နှင့် ဒေါ်ယုဇော်၊ ဝိတိုရိယဆေးရုံမှ တာဝန်ရှိသူများ၊ Jade Marinaမှမမြင့်မြတ်သူ၊ Silky Wear မှ ကိုပြည်မိုးနှင့်မမာမာခင်၊ LOREAL (Paris)မှ မချိုသက်နွယ်၊ Lily Shoes မှ ဒေါ်နန္ဒာဝေဒီ၊ Idea Inject Printing မှ ကိုအောင်ကျော်ဦးနှင့် မသီရိစံတို့အားလည်းကောင်း၊ Model Audution နှင့် Fitting Date များအတွက် နေရာစီစဉ်ပေးပါသော TAWIN Garden Hotel မှ မဝတ်ရည်ထွေးနှင့် ဝန်ထမ်းများအားလည်းကောင်း၊ Stage နှင့် Grand Entranence နေရာများ စီစဉ်ပေးသော ကိုမင်းခန့်ကျော်၊ Bagan Entertainment၊ Bo Bo Everlight၊ ငြိမ်း-ကိုနေဝင်းတို့အားလည်းကောင်း၊ Model များ၊ ကူညီပံ့ပိုးပေးသော Star & Model Agency၊ Talent & Model Agency၊ Myanmar Model Management၊ Super Star Agency၊ Model Academy၊ Freelence Model များ၊ Super Model များ၊ Plan B မှ Mr.Brian နှင့် အဖွဲ့သားများ၊ အစားအသောက်များ စီစဉ်ပေးပါသော Park Royal Hotel,Cake House နှင့် Happy၊ ရိုက်ကူးရေးအတွက် တာဝန်ယူပေးသာ MRTV-4 မှ ကိုပြည့်ဖြိုးဟန်၊ မနီတာနှင့် ဝန်ထမ်းများ၊ Molမှ မချစ်သဲညွှာနှင့် ဝန်ထမ်းများ၊ MCအဖြစ် ဆောင်ရွက်ပေးပါသော ကိုဇင်အောင်တို့အားလည်းကောင်း၊ Make Up ပညာရှင်များဖြစ်သော Lin Lin (Artist)နှင့် မေဦးတို့၏အဖွဲ့သားများအားလည်းကောင်း၊ BENCH များ ပြုလုပ်ပေးသော မသူဇာနှင့်အဖွဲ့သားများ၊ ခုံများအတွက် Win Rental Decoration မှန်ပုံးများ စီစဉ်ပေးသော ကိုမောင်လေး၊ Show ဓာတ်ပုံများရိုက်ကူးပေးသော ကိုနိုင်(R.2)နှင့် ကိုလင်းထွန်း(Leopard+King)တို့အားလည်းကောင်း၊ Fashion Showကြီး စည်ကားအောင် လာရောက်ကူညီ ခင်းကျင်းပြသပေးသော ဆိုင်ခန်းပိုင်ရှင်များအားလုံးကိုလည်းကောင်း၊ ဆိုင်ခန်းများကို ဆောက်လုပ်ပေးသော ကိုရန်နိုင်နှင့်အဖွဲ့သားများ၊ Myanmar Event Park မှ ကိုမင်းနိုင်စိုးနှင့်ဝန်ထမ်းများ၊ LED ဇာနည်နှင့်အဖွဲ့သားများ၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ အနုပညာရှင်များ၊ စာနယ်ဇင်း၊ မီဒီယာများ၊ Fashion ချစ်ပရိသတ်များ အားလုံးကိုလည်းကောင်း၊ ဝိုင်းဝန်းကူညီပေးပါသော ဒီဇိုင်နာများနှင့် ၎င်းတို့၏ဝန်ထမ်းများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှိုက်လှဲလှဲ အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

MYANMAR FASHION DESIGNER GROUP

